ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

## လောကဓမ္မတာစံကြရာ

**အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။**

ပါပဝဂ်(ဓမ္မပဒ-၁၂၆)



# တိုင်းရင်းသားအားလုံး၏ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် သွေးစည်းညီညွတ်စွာ ကြိုးပမ်းကြလျှင် အနာဂတ်ကာလတွင် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာမည်ဟု ယုံကြည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ ခင်ဗျား-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သော နေ့ထူးနေ့မြတ်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ချစ်ကြည်ရင်းနှီးစွာ အတူတကွ လက်တွဲနေထိုင်ကြသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကိုဗစ်-၁၉ ကပ်ရောဂါဘေးကင်းစင်ဝေးပြီး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်း၊ ကိုယ့်ယဉ်ကျေးမှုဖြင့် တိုင်းရင်းသားပြည်သူများအားလုံး အေးအတူ ပူအမျှ အတူတကွနေထိုင်ခဲ့ကြသည့် လွတ်လပ်သည့်နိုင်ငံတစ်ခု ဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်း လွှမ်းမိုးကြီးစိုးလာခဲ့သော ကိုလိုနီစနစ်ဆိုးသည် ၁၉ ရာစုတွင် မြန်မာနိုင်ငံသို့ ရိုက်ခတ်လာခဲ့ကာ ကိုလိုနီနယ်ချဲ့များက မတရားကျူးကျော်စစ် သုံးကြိမ် ဆင်နွှဲသိမ်းပိုက်ခဲ့သည့်အတွက် ၁၈၈၅ ခုနှစ်တွင် သူ့ကျွန်ဘဝ ကျရောက်ခဲ့ရပါသည်။

သူ့ကျွန်ဘဝကျရောက်ခဲ့ပြီးနောက် အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော တိုင်းရင်းသားခေါင်းဆောင်ကြီးများနှင့် တိုင်းရင်းသားအားလုံး၏ အသက်သွေးချွေး မြောက်မြားစွာ ရင်းနှီးပေးဆပ်မှု၊ မဆုတ်မနစ်သော ဇွဲလုံ့လနှင့် စွန့်လွှတ်စွန့်စားသော သတ္တိဗျတ္တိရှိမှု၊ တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်ထက်သန်မှုတို့ကြောင့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးအောင်ပန်းကို ပြန်လည်ဆွတ်ခူးနိုင်ခဲ့ပါသည်။ ထိုစဉ်ကတည်းက အမျိုးသားခေါင်းဆောင်ကြီးများက နိုင်ငံတော်တွင် ဒီမိုကရေစီဝါဒကို မျှော်မှန်းခဲ့ပါသည်။ ပြည်ထောင်စုစနစ်ကို ရည်ရွယ်ခဲ့ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောအောင် ကြံဆောင်ခဲ့ကြပါသည်။

သို့သော် ကိုလိုနီနယ်ချဲ့၏ သွေးခွဲအုပ်ချုပ်မှုစနစ်ဆိုးကြောင့် လွတ်လပ်ရေးရပြီးနောက် နိုင်ငံတော်တည်ဆောက်ရေးအပိုင်းတွင်လည်း တိုင်းရင်းသားညီအစ်ကို အချင်းချင်းအကြား စိတ်ဝမ်းကွဲပြားမှုများ၊ မယုံကြည်မှုများ၊ သံသယများ၊ အယူအဆကွဲပြားမှုများ၊ အုပ်စုစွဲများကြောင့် ခါးသီးလှသည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ နှစ်ပေါင်းများစွာ ဖြစ်ပွားခဲ့သော ယင်းလက်နက်ကိုင်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

# အင်းလေးကန်ဘေးမဲ့တောအတွင်း ငှက်မျိုးစိတ် သုံးရာကျော် ကျက်စားလျက်ရှိ

**ညောင်ရွှေ ဇန်နဝါရီ ၃**

အင်းလေးကန်ဘေးမဲ့တောဧရိယာအတွင်း ရေတိမ်ဒေသကြီးများဖြစ်သည့် အင်းလေးကန်၊ စကားအင်းနှင့် မိုးဗြဲဆည်တို့တွင် ဆောင်းခိုငှက်အပါအဝင် ငှက်မျိုးစိတ်ပေါင်း သုံးရာကျော် ကျက်စားလျက်ရှိကြောင်း အင်းလေးကန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

အင်းလေးကန် ဘေးမဲ့တောအတွင်း ဒီဇင်ဘာလအထိ ရေပျော်ငှက် မျိုးစိတ် ၉၇ မျိုး၊ သစ်တောငှက်မျိုးစိတ် ၂၆၅ မျိုး စုစုပေါင်း ငှက်မျိုးစိတ် ၃၆၂ မျိုး ကျက်စားလျက်ရှိကြောင်း၊ မိုင်ထောင်ချီခရီးမှ လည်ပတ်သွားလာနေသော ဆောင်းခိုငှက်များသည်လည်း အင်းလေးကန်ဘေးမဲ့တောအတွင်းသို့ ဆောင်းခိုရန် နှစ်စဉ်ရောက်ရှိကြပြီး ဒေသတွင်းအမြဲနေထိုင်လျက်ရှိသည့် ဌာနေငှက်များနှင့်အတူ နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

အင်းလေးကန်သည် ဒေသရင်းဇီဝမျိုးစုံမျိုးကွဲများကြွယ်ဝခြင်း၊ ထူးခြားသည့်ဘာသာရေး၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအမွေအနှစ်များကြောင့် အာဆီယံအမွေအနှစ်ဥယျာဉ်၊ လူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။ **နေမျိုးသူရိန်**



အင်းလေးကန်ဘေးမဲ့တောအတွင်း ကျက်စားနေသော ငှက်မျိုးစိတ်များကို တွေ့ရစဉ်။



ကြေးမုံ

# လွတ်လပ်ရေးနေ့ဦးတည်ချက်နှင့်အညီ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အချုပ်အခြာအာဏာပိုင်သည့် လွတ်လပ်သောနိုင်ငံအဖြစ် ရပ်တည်နေထိုင်ခဲ့သည်မှာ ၂၀၂၂ ခုနှစ် ယနေ့ (ဇန်နဝါရီလ ၄ ရက်)တွင် (၇၃) နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ လွတ်လပ်ရေးရရှိပြီးသည်မှာ နှစ်ပေါင်းခုနစ်ဆယ်ကျော်ပြီဖြစ်သော်လည်း မျက်မှောက်ကာလ အခြေအနေအားဖြင့် လွတ်လပ်ရေး၏တန်ဖိုး၊ လွတ်လပ်ရေး၏အနှစ်သာရ၊ လွတ်လပ်ရေး၏တာဝန်များကို အထူးသိရှိကြရန် လိုအပ်နေသောကာလ ဖြစ်သည်။

များသောအားဖြင့် လွတ်လပ်သောနိုင်ငံတွင် လွတ်လွတ်လပ်လပ် နေထိုင်လုပ်ကိုင် ဆောင်ရွက်ကြရသည်ကိုသာ သိရှိကြပါသည်။ ဤသို့ လွတ်လွတ်လပ်လပ်ဆောင်ရွက်နိုင်သည်မှာ နှစ်ပေါင်းတစ်ရာကျော် ဘိုးဘေးများ အသက်သွေးချွေး ရင်းနှီးပေးဆပ်ခဲ့ရသည်ကိုလည်း သိရှိကြပါသည်။ လွတ်လပ်သောနိုင်ငံတွင် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရှိသည်ကိုလည်း သိရှိကြပါသည်။ လွတ်လပ်ရေးမှ အခွင့်အရေးအဖုံဖုံ ရရှိနေကြသည်ကို မိဘဘိုးဘွားအမွေအနှစ်များအား မပင်မပန်းအဆင်သင့်ခံစားနေကြသော သားသမီးများကဲ့သို့ ရရှိခံစားကြရပါသည်။

အမှန်တကယ်တွင် ယနေ့ခံစားခွင့်ရရှိနေသည့် ဘိုးဘွားဘီဘင်များ တည်ဆောက်ထားသည့်နိုင်ငံကို ကျေးဇူးမဆပ်နိုင်လျှင် ကျေးဇူးမကန်းဖို့ လိုမည်ဖြစ်သည်။ ကျေးဇူးသိ၊ တာဝန်သိလျှင်မူ နိုင်ငံအတွက် အတိုင်းထက်အလွန်ပင် ဖြစ်မည်။ တာဝန်သိသော နိုင်ငံသားများဖြစ်မှသာလျှင် ကျေးဇူးတရား၏အကျိုးရလဒ်များကို ခံစားရသော၊ တိုးတက်သောနိုင်ငံသားများဘဝ ရောက်ပေလိမ့်မည်။ လွတ်လပ်သောနိုင်ငံတွင်နေ၍ တာဝန်လည်းမရှိ၊ ကျေးဇူးလည်းမသိဘဲ မိမိအကျိုးသာကြည့်ပြီး နေချင်သလို လုပ်ချင်သလို လုပ်ကြမည်ဆိုလျှင် လွတ်လပ်ရေးရပြီးသောနိုင်ငံသည် ထိခိုက်အနာတရရသည့်လူနာကဲ့သို့ တညည်းညည်းတညူညူဖြင့် မတိုးတက်သည့်ဘဝတွင် သံသရာလည်နေမည် ဖြစ်သည်။

သို့ဆိုလျှင် လွတ်လပ်ရေးကျေးဇူးကို မည်သို့သိရမည်နည်း။ မည်သို့တုံ့ပြန်ရမည်နည်းဆိုသော် နှစ်စဉ်နှစ်တိုင်း လွတ်လပ်ရေးနေ့အခါသမယသို့ ကျရောက်သောအချိန်တွင် အသိပေးနှိုးဆော်လျက်ရှိသည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရမည် ဖြစ်သည်။ တစ်နှစ်တစ်ခါ နှိုးဆော်လျက်ရှိသည့် အမျိုးသားရေးဦးတည်ချက်များသည် ခေတ်ကာလအခြေအနေအချိန်အခါအလိုက် ကျေးဇူးသိရမည့်၊ ဆောင်ရွက်ရမည့်အချက်များကို ညွှန်ပြထားခြင်းဖြစ်သည်။ အမျိုးသားရေးဦးတည်ချက်များကို အလေးအနက်ထား၍ အကောင်အထည်ဖော်ဆောင်ရွက်ကြပါက ကျေးဇူးသိရာလည်းရောက်၊ တာဝန်သိရာလည်းမြောက်ပြီး တိုင်းပြည်နှင့်လူမျိုး ကြီးပွားရေးကို ပို့ဆောင်ပေးနိုင်ပေမည်။

၂၀၂၂ ခုနှစ် (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၅) ရပ်သည် မိမိတို့၏ ဘိုးဘေးဘီဘင်များ အသက်သွေးချွေးစတေး၍ ရယူပေးခဲ့သော လွတ်လပ်ရေးအတွက် ပြန်လည်ပေးဆပ်ရမည့် တာဝန်များပင်ဖြစ်သည်။ လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်သည် ခေတ်ကာလအခြေအနေ ပကတိလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ထင်ဟပ်ဖော်ပြထားသည့် လွတ်လပ်ရေးကိုဦးတည်သော ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည့်တာဝန်၊ ရယူရမည့်အခွင့်အရေးနှင့် ခံစားရမည့် အသီးအပွင့်များပင် ဖြစ်သည်။

လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ကြရာ၌ ဒို့တာဝန်အရေးသုံးပါးအတွက် တိုင်းရင်းသားအားလုံး စုပေါင်းအင်အားဖြင့် ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေသောကာလတွင် လွတ်လပ်ရေး၏အခွင့်အလမ်းများ သာတူညီမျှရရှိနေကြပြီး လွတ်လပ်ရေး၏အသီးအပွင့်များကို ခံစားနိုင်ရန်အတွက် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုဖြစ်စေရေး၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲစေရေး၊ နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်စိန်ခေါ်မှုများ၊ အခက်အခဲများအား အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ပြီး စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားကြခြင်းဖြင့် လွတ်လပ်ရေးနှင့်ထိုက်တန်သည့် အသီးအပွင့်များကို ဝေဝေဆာဆာ ရရှိခံစားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အချုပ်အခြာအာဏာပိုင်ဆိုင်သည့် လွတ်လပ်သောနိုင်ငံတော်ကြီး ဖြစ်တည်လာသည်မှာ ၂၀၂၂ ခုနှစ် လွတ်လပ်ရေးနေ့တွင် (၇၃) နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ရာ ယခုနှစ်တွင် ချမှတ်ထားသည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ ဘိုးဘေးဘီဘင်များ အရယူပေးခဲ့သော လွတ်လပ်ရေးအမွေကို ခံစားစံစားရင်း လွတ်လပ်သောနိုင်ငံဖြစ်ရသည်ကို ကျေးဇူးသိ၊ ကျေးဇူးတုံ့ပြန်ကြရမည် ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား"ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊

(၂) လူမှုဆက်ဆံရေးတရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ နိုင်ငံရေးတရားမျှတမှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေရေးရာညီမျှမှုတို့ကို နိုင်ငံသားအားလုံး တန်းတူရည်တူရရှိခံစားရေး၊

(၃) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်စေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) ပြည်ထောင်စုကြီး ထာဝရတည်တံ့ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊

(၅) နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်၍ ပြည်သူတစ်ရပ်လုံး ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို အစိုးရ၊ ပြည်သူလူထုအားလုံးပါဝင်ပြီး စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားရေး၊

## ကသာမြို့၌ နှာခေါင်းစည်းဝတ်ဆင်ရေးလှုပ်ရှားမှု ဆောင်ရွက်



ကသာ ဇန်နဝါရီ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများပါဝင်သော မြို့နယ်ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် နှာခေါင်းစည်းများ တပ်ဆင်ခြင်းမရှိဘဲ အပြင်ထွက်သူများကို ယနေ့ နံနက်ပိုင်းက နှာခေါင်းစည်းဝတ်ဆင်ရေးလှုပ်ရှားမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် တာဝန်ရှိသူများက ကသာမြို့ရှိ မီးပွိုင့်လမ်းဆုံနှင့် ဗိုလ်ချုပ်ကြေးရုပ်လမ်းဆုံနေရာများတွင် နှစ်ဖွဲ့ခွဲ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ နှာခေါင်းစည်း မတပ်ဆင်ဘဲ အပြင်ထွက်သူများကို ဒဏ်ငွေပေးဆောင်စေခြင်း၊ နှာခေါင်းစည်းများ ပေးဝေခြင်းနှင့် ပြည်သူများအနေဖြင့် အပြင်ထွက်ပါက နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာရန် အသိပညာပေးခဲ့ကြောင်း၊ အဆိုပါလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ရဲအောင်(ကသာ)

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေ ကျပ် ၁၉၁ ဒသမ ၆၄၇ သန်းဖြင့် ဆီဆိုင်မြို့နယ် နားခိုက်/နားသံကျေးရွာအုပ်စု၊ လပ်တိုင်-ပန်အွန်း ကျောက်လမ်း (၇/၀)မိုင် ကျောက်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ဆီဆိုင်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်မောင်ပယ်၊ မြို့နယ် တည်ဆောက်ရေးနှင့် အရည်အသွေး စစ်ဆေးရေးကော်မတီဝင်များ၊ ဟိုပုံးမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများသည် လုပ်ငန်းအချိန်မီပြီးစီးရေးနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် ဒီဇင်ဘာလ နောက်ဆုံးပတ်က ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကျောက်ခင်းခြင်းလုပ်ငန်းပြီးစီးပါက ဆီဆိုင်မြို့နယ်မှ ဟိုပုံးမြို့နယ်၊ ပင်လောင်းမြို့နယ်၊ တောင်ကြီးမြို့နယ်များသို့ သွားလာရန် ယခင်ကထက် ပိုမိုလွယ်ကူမှုရှိပြီး ယင်းဒေသရှိ တောင်ယာစိုက်ပျိုးသည့် တောင်သူများအနေဖြင့်လည်း မိမိဒေသထွက်ကုန်များအား ဈေးကွက်သို့ အချိန်တိုအတွင်း အလွယ်တကူတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

လျှန်ပီး(သတင်းစဉ်)

MYANMAR Digital News
Presented by MPE
www.mdn.gov.mm

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - ဦးဝေမင်းသူနှင့်အဖွဲ့ |
| အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်

**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့် ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၁-၂-၁၉၄၇ ရက်နေ့တွင် ပင်လုံမြို့စော်ဘွားများ ထမင်းစားပွဲတွင် ပြောကြားသောမိန့်ခွန်းမှ ကောက်နုတ်ချက်)



ရွှေကြက်ယက်၊ ရွှေကြက်ကျဘုရား။ ဓာတ်ပုံ - သန့်ဇော်ဦး

* ရှေ့ဖုံးမှ

ပဋိပက္ခများကြောင့်လည်းကောင်း၊ ပြင်ပကမ္ဘာ့နိုင်ငံအများစုနှင့် ကင်းကွာလာခြင်းကြောင့်လည်းကောင်း တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားဘဝကို မျှော်မှန်းသလောက် မြင့်မားတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ဘဲ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်ပင် များစွာနောက်ကျကျန်နေခဲ့ရပါသည်။

ထို့ကြောင့် လွတ်လပ်ရေးကို အရယူပေးခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ မျှော်မှန်းချက်များကို နည်းမှန်လမ်းမှန်ဖြင့် အကောင်အထည်ဖော်ကြရန်မှာ နိုင်ငံသားအားလုံး၏ သမိုင်းပေးတာဝန်ဖြစ်ပါသည်။ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နိုင်ငံချစ် တိုင်းရင်းသားခေါင်းဆောင်ကြီးများက အသက်သွေးချွေးစတေးပြီး ခက်ခက်ခဲခဲ ကြိုးပမ်းရယူခဲ့ကြရသော ပြည်ထောင်စုအမွေဖြစ်သည့် လွတ်လပ်ရေးတည်တံ့ခိုင်မြဲစေရန်အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စုပေါင်းအင်အားဖြင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရန် အထူးလိုအပ်လျက်ရှိပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများအားလုံး အမြန်ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန် ရည်ရွယ်လျက် တိုင်းရင်းသားပြည်သူအားလုံးက လိုလားတောင့်တသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် ကြိုးပမ်းလျက်ရှိပါသည်။

ထိုသို့ကြိုးပမ်းရာ၌ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံအစည်းအဝေးများကို စတုတ္ထအကြိမ်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အနာဂတ်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အရေးပါသော သဘောတူညီချက်များကိုလည်းကောင်း၊ ၂၀၂၀ အလွန် ဆက်လက်ဆောင်ရွက်မည့် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများကိုလည်းကောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန် အခြေခံမူများကိုလည်းကောင်း သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပြီးလည်း ဖြစ်ပါသည်။

ပြည်သူတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသည့် ပြည်တွင်းငြိမ်းချမ်းရေး ခိုင်မာအောင် ပြန်လည်တည်ဆောက်နိုင်သည်နှင့်အမျှ မြန်မာနိုင်ငံတစ်နိုင်ငံလုံး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမို၍ အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲသည့်

**လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ နိုင်ငံချစ်တိုင်းရင်းသားခေါင်းဆောင်ကြီးများက အသက်သွေးချွေးစတေးပြီး ခက်ခက်ခဲခဲ ကြိုးပမ်းရယူခဲ့ကြရသော ပြည်ထောင်စုအမွေဖြစ်သည့် လွတ်လပ်ရေးတည်တံ့ခိုင်မြဲစေရန်အတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စုပေါင်းအင်အားဖြင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရန် အထူးလိုအပ်လျက်ရှိ။**

နိုင်ငံရေးတည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှု၊ နိုင်ငံငြိမ်းချမ်းသာယာဝပြောမှု၊ တိုင်းရင်းသားပြည်သူအပေါင်း သွေးစည်းညီညွတ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူများစားဝတ်နေရေးဖူလုံမှု၊ ပညာရေးအဆင့်အတန်းမြင့်မားမှု၊ ကျန်းမာရေးစောင့်ရှောက်မှုများ ကောင်းမွန်ပြည့်စုံမှုနှင့် တိုင်းရင်းသားအသီးသီးတို့၏ စာပေယဉ်ကျေးမှုဓလေ့ထုံးတမ်းအမွေအနှစ် အစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်မှု အစရှိသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်လာရေးကို တစ်ချိန်တည်း တစ်ပြိုင်တည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံ၊ စာပေယဉ်ကျေးမှုဓလေ့ပေါင်းစုံ၊ ကိုးကွယ်ယုံကြည်မှုပေါင်းစုံတို့ဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုကြီးဖြစ်ပါသည်။ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးသည် လူမှုဆက်ဆံရေး တရားမျှတမှု၊ နိုင်ငံရေး တရားမျှတမှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေအရာတွင် ညီမျှမှုတို့ကို ကွဲပြားခြင်းမရှိ၊ ခွဲခြားခြင်းမရှိဘဲ တန်းတူရည်တူ ရရှိခံစားနိုင်ရေးသည် လွန်စွာအရေးကြီးပါသည်။ ဒီမိုကရေစီစနစ်၏ အနှစ်သာရဖြစ်သော တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အပြည့်အဝ ပိုမိုရရှိခံစားနိုင်ကြရန်ဖြစ်ပါသည်။

ထို့အပြင် အနာဂတ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာတွင် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်လည်းကောင်း၊ နိုင်ငံတော်၏ပကတိအခြေအနေများအရလည်းကောင်း၊ ဖြစ်ပေါ်လာမည့် ဖက်ဒရယ်ပြည်ထောင်စုပုံစံနှင့်လည်းကောင်း ကိုက်ညီစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

**အနာဂတ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာတွင် အခြေခံအုတ်မြစ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်လည်းကောင်း၊ နိုင်ငံတော်၏ ပကတိအခြေအနေများအရလည်းကောင်း၊ ဖြစ်ပေါ်လာမည့် ဖက်ဒရယ်ပြည်ထောင်စုပုံစံနှင့်လည်းကောင်း ကိုက်ညီစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်။**

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရာတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ကြည်စွာဖြင့် အချင်းချင်းဖေးမကူညီခြင်း၊ စာနာထောက်ထားခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်း၊ သံသယကင်းစင်ခြင်း၊ အပြန်အလှန် လေးစားခြင်း၊ အပြန်အလှန်နားလည်မှုရှိခြင်း၊ အပြန်အလှန်ယုံကြည်ခြင်း၊ စည်းလုံးညီညွတ်ခြင်းတို့သည် ပြည်ထောင်စုစိတ်ဓာတ်၏ အရင်းခံပင်ဖြစ်ပါသည်။ တိုင်းရင်းသားအားလုံး၏ ခိုင်မာသောပြည်ထောင်စုစိတ်ဓာတ်ဖြင့် သွေးစည်းညီညွတ်စွာ ကြိုးပမ်းကြလျှင် အနာဂတ်ကာလတွင် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာမည်ဟု ယုံကြည်ပါသည်။ သို့ဖြစ်ရာ -

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး "စုပေါင်းအင်အား" ဖြင့် ကာကွယ်စောင့်ရှောက်ရေး၊
- လူမှုဆက်ဆံရေး တရားမျှတမှု၊ စီးပွားရေးတရားမျှတမှု၊ နိုင်ငံရေး တရားမျှတမှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေရေးရာညီမျှမှုတို့ကို နိုင်ငံသားအားလုံး တန်းတူရည်တူရရှိခံစားရေး၊
- စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်စေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊
- ပြည်ထောင်စုကြီးထာဝရတည်တံ့ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊
- နိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်၍ ပြည်သူတစ်ရပ်လုံး ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို အစိုးရ၊ ပြည်သူလူထုအားလုံးပါဝင်ပြီး စုပေါင်းအားဖြင့် ရင်ဆိုင်ကျော်လွှားရေး။

ဟူသည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် ယနေ့ကျရောက်သည့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အလေးအနက်တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

# အမိန့်ကြော်ငြာစာများ ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၄**

နိုင်ငံတော်သမ္မတသည် ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းပေးနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းခြင်းကို အမိန့်ကြော်ငြာစာအမှတ် ( ၁ / ၂၀၂၂) ဖြင့်လည်းကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်းခြင်းကို အမိန့်ကြော်ငြာစာအမှတ် (၂ /၂၀၂၂)ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းသင်္ဂဟတံဆိပ် အပ်နှင်းခြင်းကို အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၂) ဖြင့်လည်းကောင်း၊ စစ်မှုထမ်းကောင်းတံဆိပ်အပ်နှင်းခြင်းကို အမိန့်ကြော်ငြာစာအမှတ်(၄/၂၀၂၂)ဖြင့်လည်းကောင်း၊ ပြည်သူ့သားကောင်းတံဆိပ်အပ်နှင်းခြင်းကို အမိန့်ကြော်ငြာစာအမှတ်( ၅ / ၂၀၂၂ )ဖြင့် လည်းကောင်း၊ ရဲမှုထမ်းကောင်းတံဆိပ်အပ်နှင်းခြင်းကို အမိန့်ကြော်ငြာစာအမှတ် (၆ / ၂၀၂၂ )ဖြင့်လည်းကောင်း ၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်အပ်နှင်းခြင်းကို အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၂)ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံရဲပူးတွဲတိုက်ပွဲဝင်တံဆိပ် အပ်နှင်းခြင်းကို အမိန့်ကြော်ငြာစာအမှတ်(၈ /၂၀၂၂)ဖြင့်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်အပ်နှင်းခြင်းကို အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၂ ) ဖြင့်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းတံဆိပ်အပ်နှင်းခြင်းကို အမိန့်ကြော်ငြာစာအမှတ်(၁၀/၂၀၂၂)ဖြင့်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်အပ်နှင်းခြင်းကို အမိန့်ကြော်ငြာစာအမှတ်(၁၁/၂၀၂၂)ဖြင့်လည်းကောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ( ၄ )ရက်၊ ( ၇၃ )နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာအမှတ် ၁ / ၂၀၂၂**
**၁၃၈၃ ခုနှစ် ၊ နတ်တော်လပြည့်ကျော် ၆ ရက်**
**( ၂၀၂၂ ခုနှစ် ၊ ဇန်နဝါရီလ ၄ ရက် )**

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း၊ ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ပါသည်-

**အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တသူရိယ၊ မဟာဝိဇ္ဇောသိပ္ပံစာသင်တိုက်၊ ဘုရားကြီးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တဇဝန၊ ခန္တီးစာသင်တိုက်၊ စစ်ကဲကြီးရပ်ကွက်၊ ဝန်းသိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တဂန္ဓမာ၊ မြို့မစာသင်တိုက်၊ ညောင်ဝိုင်းရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တဝိမလာဘိဝံသ၊ အောင်မြေသာယာဝန်မင်းကြီးကျောင်းတိုက်၊ အမှတ်(၃)ရပ်ကွက်၊ ရေစကြိုမြို့၊ မကွေးတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တက္လန္တက၊ ညောင်ကန်ကျောင်းတိုက်၊ ချမ်း/တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တတိလောကာဘိဝံသ၊ မဟာနန္ဒိသေနာရာမတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တသုဇနာဘိဝံသ၊ ဇယဝတီကျောင်း၊ မိုးကောင်းကျောင်းတိုက်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တဇောတိကာဘိဝံသ၊ ရတနာဗိမာန်စာချကျောင်း၊ ချမ်းသာကြီးတောင်တိုက်၊ သီရိမာလာအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၉။ ဒေါက်တာဘဒ္ဒန္တဝေဠုရိယ၊ မင်းကျောင်းစာသင်တိုက်၊ ရှမ်းပွဲရပ်ကွက်၊ မြစ်သားမြို့၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဒေါက်တာဘဒ္ဒန္တပညာသာမိ၊ အောင်မင်္ဂလာကျောင်းတိုက်၊ အောင်တပ်ရပ်ကွက်၊ မြောက်ဦးမြို့၊ ရခိုင်ပြည်နယ်
၁၁။ ဘဒ္ဒန္တသောမ၊ မဏိရတနာစာသင်တိုက်၊ ရွာကြီးတောင်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်
၁၂။ ဘဒ္ဒန္တဝါသေဋ္ဌ၊ ဖက်ပင်အိုင်စာသင်တိုက်၊ ဇ/မြောက်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တဂန္ဓမာလာဘိဝံသ၊ အလယ်တောရစံပြစာသင်တိုက်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၄။ ဒေါက်တာဘဒ္ဒန္တအင်္ဂီသ၊ ပါဠိကာရီစာသင်တိုက်၊ စက်မှုလက်မှုရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၅။ ဒေါက်တာဘဒ္ဒန္တဓမ္မသီရိ၊ နဂါးနှစ်ကောင်ကျောင်းတိုက်၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ တာချီလိတ်မြို့၊ ရှမ်းပြည်နယ်
၁၆။ ဘဒ္ဒန္တဝိသုတ၊ နိဂြောဓာရုံညောင်ပင်သာစာသင်တိုက်၊ အမှတ်(၂)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၁၇။ ဘဒ္ဒန္တဉာဏိဿရ၊ ကုသိနာရုံမြန်မာကျောင်းတိုက်၊ ကာဆီယာမြို့နယ်၊ ကုသိနာရုံခရိုင်၊ အိန္ဒိယနိုင်ငံ

**အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တပညိန္ဒာလင်္ကာရ၊ မဟာသိမ်တော်ကြီးစာသင်တိုက်၊ မင်းကုန်းရပ်ကွက်၊ ဖန်းမော်မြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တပဏ္ဍိတ၊ မြို့မရွှေဂူကျောင်းတိုက်၊ ချမ်းမြသာစည်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တပဏ္ဍာဝံသ၊ မဟာဇောတိကာရာမကျောင်းတိုက်၊ ဘုန်းစိုးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တသိရိန္ဒ၊ ရွှေဟင်္သာတိုက်ဟောင်းကျောင်းတိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တဝေပုလ္လာစာရ၊ မင်္ဂလာရာမစာသင်တိုက်၊ အောင်မင်္ဂလာရပ်ကွက်၊ ရေဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တအင်္ကုရ၊ သာသနာ့စံပြစာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တပညာသာမိ၊ ဃောသိတာရာမပါဠိတက္ကသိုလ်စာသင်တိုက်၊ ကည့်ရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တကဝိသာရာလင်္ကာရ၊ ဘုရားငါးဆူစာသင်တိုက်၊ ကန်ဖျားရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တဝိစက္ခဏ၊ အောင်စည်သာစာသင်တိုက်၊ အေးမြင့်သာယာကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်
၁၀။ ဘဒ္ဒန္တပညာသာမိ၊ ရွှေအင်းရိပ်သာစာသင်တိုက်၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်
၁၁။ ဘဒ္ဒန္တစိန္တိတ၊ တိုက်ကျောင်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဈေးချိုတောင်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တနေမိန္ဒ၊ ရတနာမာရ်အောင်တောရကမ္မဋ္ဌာန်းအလင်းပြတိုက်၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တပညာဝံသ၊ ပြည်တော်သာစာသင်တိုက်၊ ပြည်တော်သာရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တအာစိဏ္ဏ၊ ဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာ၊ ကျင်ဂနိုင်ကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တဇောတိက၊ မဟာဝေယန်ဘုံသာကျောင်းတိုက်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တဇနိန္ဒ၊ စိန်ရတနာကျောင်း၊ မဟာဓမ္မိကာရာမတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တဂန္ဓမာလာ၊ မဟာကုသိုလ်တော်ကျောင်းတိုက်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အောင်မြေသာစံမြို့နယ် ၊ မန္တလေးတိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တနာယက၊ စမ်းမြရောင်ခြည်စာသင်တိုက်၊ အရှေ့တိုက်တော်ကျောင်းတိုက်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၉။ ဘဒ္ဒန္တသူရိယ၊ ပါဠိတက္ကသိုလ်ဥယျာဉ်စာသင်တိုက်၊ အောင်ဇေယျာရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တကုဏ္ဍလ၊ အလယ်တိုက်ကြီးကျောင်း၊ ချမ်းသာကြီးတောင်တိုက်၊ သီရိမာလာအနောက်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တသဒ္ဓမ္မာနန္ဒ၊ ပုသိမ်ကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၂။ ဘဒ္ဒန္တဇနသာရ၊ ပဏ္ဍိတာရုံကျောင်း၊ ညောင်ကန်တိုက်၊ ချမ်း/တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တဥတ္တမ၊ မဟာဝိသုတာရုံကျောင်းတိုက်၊ စဥ့်ကူကျေးရွာ၊ ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၄။ ဘဒ္ဒန္တဇဋိလ၊ စိတ္တပါလဂူကျောင်းစာသင်တိုက်၊ အောင်မင်္ဂလာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်းဒေသကြီး
၂၅။ ဘဒ္ဒန္တသီဟနာဒ၊ ရတနာပုံကျောင်း၊ မဟာဓမ္မိကာရာမတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၆။ ဘဒ္ဒန္တက္လဿရာလင်္ကာရာဘိဝံသ၊ ပရိယတ္တိလင်္ကာရကျောင်း၊ အရှေ့ဆင်တဲတိုက်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၇။ ဘဒ္ဒန္တပညာသာမီဘိဝံသ၊ ဂန္ထဓုရနယူပဒေသကျောင်း၊ မစိုးရိမ်ကျောင်းတိုက်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၈။ ဘဒ္ဒန္တအာစိဏ္ဏ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၉။ ဘဒ္ဒန္တစန္ဒောဘာသ၊ ဇောတိကာရုံစာသင်တိုက်၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၃၀။ ဘဒ္ဒန္တပညာသာရ၊ ရွှေနံ့သာကျောင်းစာသင်တိုက်၊ အရာရှိရပ်ကွက်၊ ကျောက်ဖြူမြို့၊ ရခိုင်ပြည်နယ်
၃၁။ ဘဒ္ဒန္တရေဝတာနန္ဒ ၊ ဆုတောင်းပြည့်ကျောင်းတိုက်၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၂။ ဘဒ္ဒန္တသေကပဏ္ဍိတ၊ ပြာသာဒ်ကျောင်းစာသင်တိုက်၊ ဆေးစက်/ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၃။ ဘဒ္ဒန္တစန္ဒိမာ၊ ပါဒကြီးစာသင်တိုက်၊ ပါဒကြီးစံပြကျေးရွာ၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၄။ ဘဒ္ဒန္တဉာဏ၊ ကျောင်းတော်ရာရွှေကျင်တိုက်၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၅။ ဘဒ္ဒန္တဇာဂရ၊ ဇေယျာဝတီစာသင်တိုက်၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၆။ ဘဒ္ဒန္တဉာဏသေဋ္ဌ၊ အောင်မြေရတနာစာသင်တိုက်၊ အမှတ်(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၇။ ဘဒ္ဒန္တကုသလ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၈။ ဘဒ္ဒန္တဝိဝေက၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ် (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃၉။ ဒေါက်တာဘဒ္ဒန္တသုမန၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၀။ ဘဒ္ဒန္တသုန္ဒရ၊ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၊ အမှတ်(၁၆/၂)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၁။ ဘဒ္ဒန္တဂုဏာလင်္ကာရ၊ မဟာသိမ်တော်ကြီးစာသင်တိုက်၊ အမှတ်(၂)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး
၄၂။ ဘဒ္ဒန္တနာရဒါဘိဝံသ၊ ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၃။ ဘဒ္ဒန္တပညာသာမိ၊ ပဋ္ဌနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ အမှတ်(၁၁)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၄။ ဒေါက်တာဘဒ္ဒန္တပညာသီဟာဘိဝံသ၊ သီရိဂုဏ်ဝေဓမ္မဗိမာန်ကျောင်းတိုက်၊ အမှတ်(၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၅။ ဘဒ္ဒန္တယုဂန္ဓရာဘိဝံသ၊ ရွှေဟင်္သာတောရကျောင်းတိုက်၊ အမှတ်(၇)ရပ်ကွက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၄၆။ ဘဒ္ဒန္တပညာသီဟ ၊ အလယ်တောရစာသင်တိုက်၊ အမှတ် ( ၈ ) ရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၄၇။ Venerable Dodampahala Chandrasiri Maha Nayaka Thero၊ သီရိကလျာ နိဝါသကျောင်း၊ အမရပူရမဟာနိကာယ၊ သီရိလင်္ကာနိုင်ငံ
၄၈။ Venerable Mihiripenne Sobhita Thero၊ သီရိမဟာဗောဓိကျောင်း၊ သီရိမဟာဗောဓိလမ်း၊ ဒေဟိဝလမြို့နယ်၊ သီရိလင်္ကာနိုင်ငံ
၄၉။ ဘဒ္ဒန္တနာရဒါဘိဝံသ၊ အောင်ချမ်းသာမြန်မာဗုဒ္ဓဘာသာကျောင်း၊ လော့စ်အိန်ဂျယ်လိစ်မြို့၊ ကယ်လီဖိုးနီးယားပြည်နယ်၊ အမေရိကန်ပြည်ထောင်စု
၅၀။ Venerable Kollupitiye Mahinda Sangharakkhita Maha Thero၊ ရာဇမဟာဝိဟာရကျောင်းတိုက်၊ ကေလနီယမြို့၊ သီရိလင်္ကာနိုင်ငံ
၅၁။ Venerable tirikunamale Ananda mahanayaka Maha Thero၊ အမရပူရ Sri Dharma rakshitavamsa Maha Nikaya ကျောင်းတိုက်၊ သီရိလင်္ကာနိုင်ငံ

**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တရာဇိန္ဒ၊ တကွင်းအရှေ့ကျောင်း၊ ဟိုပင်မြို့၊ မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တပညောဘာသ၊ ပညာရောင်ခြည်စာသင်တိုက်၊ ပျော်ဘွယ်ရပ်ကွက်၊ မိုးညှင်းမြို့၊ ကချင်ပြည်နယ်
၃။ ဘဒ္ဒန္တသောပါက၊ ခေမာရာမစာသင်တိုက်၊ အမှတ်(၉)ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ်
၄။ ဘဒ္ဒန္တဇောတိက၊ ရတနာဓုဝံကျောင်းတိုက်၊ ဝါးချက်ကျေးရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တကုမာရ၊ မဟာဓမ္မာရုံစာသင်တိုက်၊ အောင်ချမ်းသာရပ်ကွက်၊ ရေဦးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသ၊ ပါဠိကာရီတုလွတ်ကျောင်းတိုက်၊ အမှတ်(၁၀)ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တဝိဇ္ဇောဒယ၊ မဟာဇောတိကာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဘုန်းစိုးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တပညာဗလ၊ ဇေယျာဝတီကျောင်းတိုက်၊ ပိန္နဲတောရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး

စာမျက်နှာ ၅ သို့ »»

»» စာမျက်နှာ ၄ မှ

၉ ။ ဘဒ္ဒန္တကေသဝ ၊ ဘုရားငါးဆူစာသင်တိုက်၊ ကန်ဖျားရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တစန္ဒောဘာသ၊ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၁၁။ ဘဒ္ဒန္တဝိလာသ၊ ကန်ဦးစာသင်တိုက်၊ ရေဆင်းကျေးရွာ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်
၁၂။ ဘဒ္ဒန္တပဏ္ဍဝ၊ မြို့ဦးစာသင်တိုက်၊ မြဝတီရပ်ကွက်၊ တပ်ကုန်းမြို့နယ်၊ နေပြည်တော်
၁၃။ ဘဒ္ဒန္တမဟိန္ဒ၊ မြို့မစာသင်တိုက်၊ နွယ်ချို(၁)ရပ်ကွက်၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တတေဇဝန္တ၊ သမားတော်စာသင်တိုက်၊ အမှတ်(၄)ရပ်ကွက်၊ ဇီးကုန်းမြို့၊ ပဲခူးတိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တမုနိန္ဒ၊ ဓမ္မပါလကြားတောရကျောင်းတိုက်၊ မြို့မ(၂)ရပ်ကွက်၊ ညောင်လေးပင်မြို့၊ ပဲခူးတိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တပါရဂူပဏ္ဍိတ၊ သီတာရုံစာသင်တိုက်၊ အမှတ်(၆)ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တစန္ဒဝံသ၊ တောရကျောင်းစာသင်တိုက်၊ မြို့မ(၂)ရပ်ကွက်၊ ညောင်လေးပင်မြို့၊ ပဲခူးတိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တပုညိန္ဒ၊ ဇေယျမေဒနီစာသင်တိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၁၉။ ဘဒ္ဒန္တကောဝိဒ၊ ရွှေမဥ္ဇူကျောင်းတိုက်၊ ညောင်စာရေးကျေးရွာ၊ ရွှေတောင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ မဟာဂန္ဓဝင်စာသင်တိုက်၊ အုန်းတောရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တဇင္ဘီလ၊ မြို့ခင်းသာစာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ ဂန့်ဂေါမြို့၊ မကွေးတိုင်းဒေသကြီး
၂၂။ ဘဒ္ဒန္တဝီရိယ၊ ဗောဓိမဏ္ဍိုင်ကျောင်းတိုက်၊ အမှတ်(၈)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တဥတ္တရ၊ မဟာဓမ္မိကာရာမစာသင်တိုက်၊ မြို့မအိုးဘိုရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး
၂၄။ ဘဒ္ဒန္တပညာသီဟ၊ မဟာဝိသုတာရာမ(အလယ်)တိုက်၊ အမှတ်(၁၀)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး
၂၅။ ဘဒ္ဒန္တနိမ္မလ၊ ဒီပင်္ကရာစာသင်တိုက်၊ အောင်ဆန်းရပ်ကွက်၊ နတ်မောက်မြို့၊ မကွေးတိုင်းဒေသကြီး
၂၆။ ဘဒ္ဒန္တနန္ဒောဘာသ၊ သာသနမာမကစာသင်တိုက်၊ ညောင်ပင်ကျေးရွာ၊ နွားထိုးကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၇။ ဘဒ္ဒန္တကုဏ္ဍလ၊ ရွှေမန်းညွန့်စာချကျောင်း၊ မဟာဝေယံဘုံသာပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၈။ ဘဒ္ဒန္တသာသန၊ ရတနာ့ဂုဏ်ရည်ကျောင်း၊ မဟာမြိုင်ကျောင်းတိုက်၊ မဟာမြိုင်(၁) ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂၉။ ဘဒ္ဒန္တဇာနေယျ၊ ရတနာပုံကျောင်း၊ အနောက်ထီးလင်းတိုက်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃၀။ ဘဒ္ဒန္တစိတြဉာဏာလင်္ကာရ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃၁။ ဘဒ္ဒန္တရေဝတ၊ အောင်ချမ်းသာကျောင်း၊ မူလမဟာမုနိန္ဒာရာမစကုတိုက်၊ သီရိဟေမာအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃၂။ ဒေါက်တာဘဒ္ဒန္တဉာဏောဘာသ၊ တပ်ဦးမဟာဂန္ဓာရုံကျောင်းတိုက်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး
၃၃။ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ ခေမာဝင်းကျောင်း၊ မြတောင်တိုက်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃၄။ ဘဒ္ဒန္တဉာဏာဘိဝံသ၊ ပိဋ္ဋကနယူပဒေသကျောင်း၊ မစိုးရိမ်ကျောင်းတိုက်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃၅။ ဘဒ္ဒန္တဝိဇယ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃၆။ ဘဒ္ဒန္တပညာသာမိ၊ ပညာလင်္ကာရစာသင်တိုက်၊ ရဲစုရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး
၃၇။ ဘဒ္ဒန္တသုဇနာလင်္ကာရာဘိဝံသ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃၈။ ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ ဓမ္မဝိနယရုံသီကျောင်း၊ မစိုးရိမ်တိုက်သစ်၊ စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃၉။ ဘဒ္ဒန္တနန္ဒာဘိဝံသ၊ ဓမ္မပါကဋ္ဌကျောင်း၊ မစိုးရိမ်တိုက်သစ်၊ စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄၀။ ဘဒ္ဒန္တသီဟရာဇ၊ ပုပ္ဖာရာမပေါ်တော်မူစာသင်တိုက်၊ မြို့မ(၁)ရပ်ကွက်၊ မုဒုံမြို့၊ မွန်ပြည်နယ်
၄၁။ ဒေါက်တာဘဒ္ဒန္တပဏ္ဍိတာဘိဝံသ၊ ပဏ္ဍိတာရုံစာသင်တိုက်၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၄၂။ ဘဒ္ဒန္တက္ကန္ဒာစာရ၊ ကံပိုင်မဟာဝိစာရကျောင်းတိုက်၊ ကံပိုင်ရပ်ကွက်၊ တောင်ကုတ်မြို့၊ ရခိုင်ပြည်နယ်
၄၃။ ဘဒ္ဒန္တကလျာဏ၊ မဟာဗောဓိစာသင်တိုက်၊ အမှတ်(၆)ရပ်ကွက်၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်
၄၄။ ဘဒ္ဒန္တက္ကန္ဒာဝုဓ၊ ပညာမဏ္ဍိုင်စာသင်တိုက်၊ ဘောင်းဒွတ်သားစုရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်
၄၅။ ဘဒ္ဒန္တမုနိန္ဒ ၊ တောင်တွင်းကြီးစာသင်တိုက်၊ ငါးထပ်ကြီးတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၆။ ဘဒ္ဒန္တစက္ကိန္ဒာဘိဝံသ၊ ရွှေဟင်္သာမဟာဗောဓိစာသင်တိုက်၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၇။ ဘဒ္ဒန္တဝေပုလ္လ၊ ကံကြီးကျောင်းတိုက်၊ အမှတ်(၁၁)ရပ်ကွက်၊ ခရမ်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး
၄၈။ ဘဒ္ဒန္တမာနိတာဘိဝံသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄၉။ ဘဒ္ဒန္တဇနိန္ဒ၊ မဟာသုဝဏ္ဏကျောင်းတိုက်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၀။ ဘဒ္ဒန္တနန္ဒသာရ၊ အာသောကာရုံရွှေကျင်တိုက်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၁။ ဒေါက်တာဘဒ္ဒန္တဝိနယာလင်္ကာရ၊ မဟာဝိနယာလင်္ကာရကျောင်းတိုက်၊ အမှတ်(၆၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၂။ ဘဒ္ဒန္တသုပြဟ္မ၊ စလင်းကျောင်းတိုက်၊ မကျည်းတန်းမြောက်အရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၃။ ဘဒ္ဒန္တသုမင်္ဂလ၊ အောင်မြေရတနာကျောင်းတိုက်၊ အမှတ်(၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၄။ ဘဒ္ဒန္တဇနက၊ ကျောက်ကုန်းတောရမေဒိနီစာသင်တိုက်၊ အမှတ်(၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၅။ ဘဒ္ဒန္တပညာသာရာဘိဝံသ၊ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အမှတ်(၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၆။ ဘဒ္ဒန္တကုသလ၊ ကျောက်ကုန်းတောရမေဒိနီစာသင်တိုက်၊ အမှတ် (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၇။ ဘဒ္ဒန္တဉာဏဝရာဘိဝံသ၊ ဓမ္မဝါစကခေတ်မီးကျောင်း၊ ဗိုလ်တထောင်ဘုရားကြီးတိုက်၊ ရဲရိပ်သာရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၈။ ဒေါက်တာဘဒ္ဒန္တပဏ္ဍိတ၊ သာသနဟိတစာသင်တိုက်၊ အမှတ်(၁၁)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅၉။ ဘဒ္ဒန္တသုစိတ္တသာမိ၊ ပဋ္ဌနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်၊ အမှတ်(၁၁)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၀။ ဘဒ္ဒန္တသိရီကဥ္စနာဘိဝံသ၊ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်ရွှေကျင်တိုက်သစ်၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၁။ ဘဒ္ဒန္တဝိလာသ၊ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အမှတ်(၅)ရပ်ကွက်၊ ခရမ်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး
၆၂။ ဘဒ္ဒန္တရာဇိန္ဒ၊ ဓမ္မာဓိပတိစာသင်တိုက်၊ အမှတ်(၈၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၃။ ဒေါက်တာဘဒ္ဒန္တက္ကန္ဒက၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၄။ ဒေါက်တာဘဒ္ဒန္တကောဝိဒသိရီ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ အမှတ်(၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၅။ ဘဒ္ဒန္တသောဘိတ၊ သံတံတားရွာဦးစာသင်တိုက်၊ သန္ဓေပင်ကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆၆။ ဒေါက်တာဘဒ္ဒန္တနေဘိဉာဏ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး
၆၇။ ဘဒ္ဒန္တပညာသာမိ၊ တူယားကျောင်းတိုက်၊ အမှတ်(၁)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်
၆၈။ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရ၊ သီဟိုဠ်ပရိယတ္တိစာသင်တိုက်၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ်
၆၉။ ဘဒ္ဒန္တတေဇဝန္တ၊ သိမ်တောင်စာသင်တိုက်၊ ချမ်းသာရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်
၇၀။ ဘဒ္ဒန္တဝိသုဒ္ဓါဘိဝံသ၊ မိုင်းသောက်ပထမစာသင်တိုက်၊ မိုင်းသောက်ကျေးရွာ၊ ညောင်ရွှေမြို့နယ်၊ ရှမ်းပြည်နယ်
၇၁။ ဘဒ္ဒန္တဇိနောရသာလင်္ကာရ၊ ပန်အုပ်စာသင်တိုက်၊ အမှတ်(၄)ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်
၇၂။ ဘဒ္ဒန္တကဿပ၊ ဓမ္မာစရိယစာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်
၇၃။ ဘဒ္ဒန္တသုဘောဂ၊ ဟော်ခမ်းကျောင်းစာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ လဲချားမြို့၊ ရှမ်းပြည်နယ်
၇၄။ ဘဒ္ဒန္တဝိလာသ၊ အတွင်းပတ္တမြားကျောင်းတိုက်၊ လက်သမားရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၇၅။ ဘဒ္ဒန္တက္ကန္ဒာစရိယာဘိဝံသ၊ မဟာဝိသုတာရာမတိုက်သစ်(ပါဠိတက္ကသိုလ်)ကျောင်းတိုက်၊ အမှတ်(၇)ရပ်ကွက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၇၆။ ဘဒ္ဒန္တသုဇာတ၊ အောင်မြေဘုံသာစာသင်တိုက်၊ အမှတ်(၈)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၇၇။ ဘဒ္ဒန္တပညာသိရီရတနာဘိဝံသ၊ မြောင်းမြကျောင်းစာသင်တိုက်၊ အမှတ်(၃) ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၇၈။ ဘဒ္ဒန္တဝေပုလ္လာဘိဝံသ၊ မြစ်ကွေ့စာသင်တိုက်၊ ဥယျာဉ်မြောက်ရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး

**ပြည်ပဘွဲ့ခံဆရာတော်ကြီး**

၇၉။ Professor Dr. Venerable Medagampitiye Wijithadhamma Thero, University of Sri Jayewardenepura, Sri Lanka

**သီလရှင်ဆရာကြီးများ**

၈၀။ ဒေါ်ပုညဝတီ၊ မြေို့ချောင်မော်လမြိုင်သီလရှင်စာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၈၁။ ဒေါ်အဥ္စန၊ သဒ္ဓမ္မရံသီ သီလရှင်စာသင်တိုက်၊ နန္ဒဝန်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၈၂။ ဒေါ်အစ္ဆရိယဉာဏီ၊ သာသနာ့ဗိမာန်စာသင်တိုက်၊ ရှင်ဖြူရှင်လှရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၈၃။ ဒေါ်ကိတ္တိမာလာ၊ မဂ္ဂင်ချောင်သီလရှင်စာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၈၄။ ဒေါ်ပုညကာရီ၊ သာသနောဒယစာသင်တိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၈၅။ ဒေါ်နန္ဒာထေရီ၊ သာသနမဥ္ဇူယင်းမာမြိုင်သီလရှင်စာသင်တိုက်၊ ချမ်းမြသာစည်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၈၆။ ဒေါ်ဓမ္မစာရီ၊ ရတနာမာရ်အောင်သီလရှင်စာသင်တိုက်၊ ကရပ်ပြင်ရပ်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၈၇။ ဒေါ်နန္ဒာသီရီ၊ ပြည်ချောင်သီလရှင်စာသင်တိုက်၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၈၈။ ဒေါ်ခေမာစာရီ၊ ချမ်းမြရံသီ သီလရှင်စာသင်တိုက်၊ ရန်ကင်းတောင်ကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၈၉။ ဒေါ်ဉာဏဝတီ၊ အိမ်တော်ရာခေမာသိရီသီလရှင်စာသင်တိုက်၊ လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၉၀။ ဒေါ်ကုမာရီ၊ ကုလဝိသေသီ သီလရှင်စာသင်တိုက်၊ အမှတ်( ၃ ) ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

**မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တဥတ္တမဝံသ၊ ခေမာသီဝံစာသင်တိုက်၊ ခေမာသီရိရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တဝါသဝ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
၃။ ဘဒ္ဒန္တပညာစက္က၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ လောဓမ္မရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်
၄။ ဘဒ္ဒန္တအတုလ၊ မဟာဝိဟာရစာသင်တိုက်၊ ကော့ဘိန်းကျေးရွာ၊ ကော့ကရိတ်မြို့နယ်၊ ကရင်ပြည်နယ်
၅။ ဘဒ္ဒန္တက္ကန္ဒဝံသ၊ တောင်ကြီးစာသင်တိုက်၊ တောင်ကြီးကျေးရွာ၊ ကောလင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တပညာတိက္ခ၊ မဟာဇောတိကာရာမကျောင်းတိုက်၊ ဘုန်းစိုးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တသုဇနိန္ဒာလင်္ကာရာဘိဝံသ၊ မဟာသုဗောဓာရုံကျောင်းတိုက်၊ ထုံးဘိုရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တကုဏ္ဍလ၊ သဒ္ဓမ္မနန္ဒစာသင်တိုက်၊ ပင်းကြိုင်းစံပြကျေးရွာ၊ ပင်လည်ဘူးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တဥတ္တမ၊ အပြည်ပြည်ဆိုင်ရာဗုဒ္ဓဘာသာပညာရေးစင်တာ(IBEC)၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တကောဝိဒဉာဏ၊ ဟံသာသီရိဘာဝနာရာမကျောင်း၊ ရွှေတောင်ဦးတိုက်သစ်၊ ရွှေမင်းဝံရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တပရမ၊ မဟာသန္တာရုံကျောင်းတိုက်၊ အောင်သစ္စာရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တခေမာစာရာဘိဝံသ၊ မဟာဗောဓိမြရိပ်ကျောင်းတိုက်၊ ငှက်ပျောခြံကျေးရွာ၊ အရာတော်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တဉာဏဝရ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တစန္ဒဝံသ၊ ကောလိပ်ကုက္ကိုစာသင်တိုက်၊ တပ်ပြင်ရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တဝါယမ၊ ပေါက်မြိုင်စာသင်တိုက်၊ အမှတ်(၆)ရပ်ကွက်၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်
၁၆။ ဘဒ္ဒန္တသုဇန၊ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်
၁၇။ ဘဒ္ဒန္တတေဇောဘာသ၊ ရာဇဓာနီသာမဏေကျော်စာသင်တိုက်၊ ဇလောင်းကျေးရွာ၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်
၁၈။ ဘဒ္ဒန္တဝိစိတ္တသာရ၊ ရတနာစံစာသင်တိုက်၊ ပြည်စံအောင်ရပ်ကွက်၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်
၁၉။ ဘဒ္ဒန္တကေသရ၊ ဗောဓိရတနာစာသင်တိုက်၊ ညောင်ပင်ကြီးကျေးရွာ၊ အုတ်တွင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တသုစိတ္တ၊ မဟာဂန္ဓာရုံစာသင်တိုက်၊ အေးမြသာယာမြို့သစ်၊ အုတ်ဖိုမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တတေဇောဘာသ၊ ဆွာစက်ရုံစာသင်တိုက်၊ ဆွာမြို့၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၂၂။ ဘဒ္ဒန္တသြဘာသ၊ မဟာသုဒဿနာရာမစာသင်တိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တဇောတိက၊ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်စာသင်တိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

(ဆက်လက်ဖော်ပြပါမည်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံခေါင်းဆောင်များမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့

**၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များနှင့် နိုင်ငံ့အကြီးအကဲများက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့ကြသည်။**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်ထံမှ (၇၃)နှစ်မြောက်လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် (၇၃)နှစ်မြောက်လွတ်လပ်ရေးနေ့ ကျရောက်သည့် အခါသမယတွင် ကျွန်တော်သည် တရုတ်နိုင်ငံအစိုးရနှင့် တရုတ်ပြည်သူလူထုကိုယ်စားသော်လည်းကောင်း၊ ကျွန်တော့်အနေဖြင့်သော်လည်းကောင်း အဆွေတော်နှင့် မြန်မာနိုင်ငံအစိုးရ၊ မြန်မာပြည်သူလူထုအား လှိုက်လှဲစွာထောမနာ ဂုဏ်ပြုပြီး ဆုတောင်းမေတ္တာပို့သပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအစိုးရဦးဆောင်မှုအောက်တွင် မြန်မာပြည်သူလူထုသည် ကိုယ့်နိုင်ငံ ပကတိအခြေအနေနှင့် ကိုက်ညီသော ဖွံ့ဖြိုးရေးလမ်းကြောင်း အတိုင်းချီတက်သွားပြီး တိုင်းပြည်အတွက် ပိုမိုသာယာတောက်ပသည့် အနာဂတ်ကို ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း အခိုင်အမာယုံကြည်ပါသည်။

လွန်ခဲ့သောဇန်နဝါရီလက အဆွေတော်၏ဖိတ်ကြားချက်အရ အဆွေတော်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိခဲ့ပြီး တရုတ်-မြန်မာ ဆက်ဆံရေးသည် အေးအတူပူအမျှ အသိုက်အဝန်းထူထောင်သည့် ခေတ်ကာလသစ်သို့ တက်လှမ်းဝင်ရောက်ပါသည်။ ကျွန်တော်သည် တရုတ်-မြန်မာ ဆက်ဆံရေးကို အလေးအနက်အသားပေးပြီး ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ဖြစ်ထွန်းတိုးတက်ရေး၊ COVID-19 ကပ်ရောဂါ လက်တွဲခုခံတိုက်ဖျက်ရေး နှင့် ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဘက်တွင် အဆွေတော်နှင့် အတူ ကြိုးပမ်းဖော်ဆောင်ကာ တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းထူထောင်ရေး၌ အောင်မြင်မှုအသီးအပွင့်များ အဆက်မပြတ်ရရှိအောင် တွန်းအားပေးရန် ဆန္ဒပြုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စည်ပင်သာယာဝပြောပါစေ၊ ပြည်သူပြည်သားအားလုံးဘဝ ချမ်းမြေ့ရွှင်လန်းပါစေ။ တရုတ်-မြန်မာ အေးအတူပူအမျှအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ပါစေ။

## အမေရိကန်ပြည်ထောင်စု

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ အမေရိကန်ပြည်ထောင်စု သမ္မတ ဒေါ်နယ် ဂျေ ထရမ့်ထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃) နှစ်မြောက်လွတ်လပ်ရေးနေ့နှစ်ပတ်လည်အခါသမယ အတွက် အမေရိကန်ပြည်ထောင်စုကိုယ်စား ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပြည်သူပြည်သားအားလုံး၏ လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာအား လေးစားသည့် ပိုမိုငြိမ်းချမ်းသော၊ ဒီမိုကရေစီနည်းလမ်းကျသော၊ ကြွယ်ဝချမ်းသာသောနိုင်ငံဖြစ်ရန် တည်ဆောက်လျက်ရှိသည့် မြန်မာပြည်သူပြည်သားအားလုံးနှင့် အမေရိကန်ပြည်ထောင်စုအနေဖြင့် ခိုင်မာသောမိတ်ဖက်အဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ်ပါသည်။

ယခုကဲ့သို့ ထူးမြတ်သည့် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများကို ဆုမွန်ကောင်းပို့သအပ်ပါသည်။

## အိန္ဒိယသမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီ ရမ်နက်သ် ကိုဗင့်ဒ်ထံမှ (၇၃)နှစ်မြောက်လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများအား အိန္ဒိယအစိုးရနှင့် ပြည်သူများကိုယ်စား မိမိက နှုတ်ခွန်းဆက်သလိုက်ပါသည်။

၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် အိန္ဒိယနိုင်ငံသို့ လာရောက်ခဲ့သည့် အဆွေတော်၏ ချစ်ကြည်ရေးခရီးစဉ်အောင်မြင်မှုက မိမိတို့၏ အစဉ် တိုးတက်နေသော နှစ်နိုင်ငံဆက်ဆံရေးကို အားသစ်လောင်းပေးခဲ့ကြောင်းကို ပြန်ပြောင်းပြောကြားလိုကြောင်း၊ အပြန်အလှန်ယုံကြည်မှုနှင့် ဘုံဆက်နွှယ်မှုများကို အခြေခံသည့် မိမိတို့ ဆက်ဆံရေးသည် ကိုဗစ်ရောဂါ ဖြစ်ပွားလျက်ရှိသည့် ကာလအတွင်း၌ပင် ကဏ္ဍအများအပြားတွင် ဆက်လက် ထွန်းကားကျယ်ပြန့်လာနေသည်ကို တွေ့မြင်ရသည့်အတွက် အားရကျေနပ်မိပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းစေရန်နှင့် မြန်မာပြည်သူများ ဆက်လက် သာယာဝပြောစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ဂျပန်နိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ဆူဂါ ရိုရှီဟိဒဲထံမှ (၇၃)နှစ်မြောက်လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း အဆွေတော်ထံသို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ကိုရိုနာကပ်ရောဂါ၏ စိန်ခေါ်မှုများကို ကမ္ဘာပေါ်၌ ကြုံတွေ့နေရစဉ် ဂျပန်နိုင်ငံအနေဖြင့် ယခုကဲ့သို့ အခက်အခဲကာလများကို မြန်မာနိုင်ငံနှင့်အတူ ကျော်လွှားသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက် နှစ်နိုင်ငံအကြား အပြန်အလှန် ထိတွေ့ဆက်ဆံသွားလာမှုများကို ပိုမိုမြှင့်တင်သွားလိုပါသည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပိုမိုခိုင်မာဖြစ်တည်ရေး လုပ်ငန်းစဉ်အတွက် အရေးကြီးသည့် သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့သည့် နှစ်တစ်နှစ်ဖြစ်ပါသည်။ ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီ နိုင်ငံတည်ထောင်ရေးအတွက် အစွမ်းကုန် ကူညီပံ့ပိုးသွားမည်ဖြစ်ပါသည်။

အဆွေတော်အား မိမိအနေဖြင့် ချစ်ကြည်အလေးထားလျက်ရှိပါကြောင်းနှင့် အဆွေတော်နှင့် မြန်မာပြည်သူများ အောင်မြင်မှုများပိုမိုရရှိပြီး ကျန်းမာသုခ ပြည့်ဝပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

## စင်ကာပူသမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ စင်ကာပူသမ္မတနိုင်ငံ သမ္မတ ဟာလီမာ ယာကော့ဗ်ထံမှ (၇၃)နှစ်မြောက်လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပျော်ရွှင်ဖွယ် (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ စင်ကာပူနိုင်ငံ ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ အပြန်အလှန် အဆင့်မြင့် ခရီးစဉ်များနှင့် ပြည်သူများအကြား ခင်မင်ရင်းနှီးသော ထိတွေ့ဆက်ဆံမှုများဖြင့် မြန်မာ-စင်ကာပူ နှစ်နိုင်ငံဆက်ဆံရေးကို အခိုင်အမာတည်ဆောက်ထားပါသည်။ စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ရင်းနှီးမြှုပ်နှံမှု၊ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍများအပါအဝင် အခြားနယ်ပယ်ကဏ္ဍအသီးသီး၌ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ COVID -19 ကပ်ရောဂါကာလ စိန်ခေါ်မှုများအကြား နှစ်နိုင်ငံ ပြည်သူများအား ပြန်လည်ပို့ဆောင်ရေးနှင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်ရေးကိစ္စရပ်များတွင် အပြန်အလှန် အကူအညီပေးလျက်ရှိသည်ကို ဝမ်းမြောက်ဖွယ် တွေ့ရှိရပါသည်။

အဆွေတော် ကျန်းမာပျော်ရွှင်၍ အောင်မြင်မှုများရရှိပါစေကြောင်းနှင့် မြန်မာပြည်သူများ ဆက်လက်၍ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း မိမိအနေဖြင့် ဆုမွန်ကောင်းပို့သအပ်ပါသည်။

## ဩစတြေးလျနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဩစတြေးလျနိုင်ငံ ဘုရင်ခံချုပ် ဗိုလ်ချုပ်ကြီး ဒေးဗစ် ဟာ့လ်လေ အေစီ ဒီအက်စ်စီ (ငြိမ်း) ထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဩစတြေးလျနိုင်ငံ အစိုးရ၊ ပြည်သူများနှင့်အတူ မိမိအနေဖြင့် မြန်မာအစိုးရ၊ ပြည်သူများနှင့် အဆွေတော်ထံသို့ ဆုမွန်ကောင်းပို့သအပ်ပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ရန်အတွက် ကမ္ဘာ့နိုင်ငံများအတူတကွ လက်တွဲဆောင်ရွက်မှုနှင့်အတူ နိုင်ငံတကာအသိုက်အဝန်း၏ စည်းလုံးညီညွတ်မှုသည် ပိုမိုအရေးကြီးပါသည်။

လာမည့်နှစ်အတွင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ဆက်ဆံရေးသည် ပိုမိုထွန်းကားလာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

## ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သမ္မတ ဖရန့် ဝေါတာ စတိုင်းမားထံမှ (၇၃)နှစ်မြောက်လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မိမိအနေဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံ၌ ပြည်တွင်းမူဝါဒနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နေရချိန်တွင် ဒီမိုကရေစီ နည်းလမ်းတကျ ရွေးကောက်ပွဲကို ဒုတိယအကြိမ်မြောက် ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းသည် ဖက်ဒရယ်ဒီမိုကရေစီ အဖြစ်ရောက်ရှိရန် အသွင်ကူးပြောင်းရာတွင် အရေးကြီးသော ခြေလှမ်းတစ်ရပ် ဖြစ်ပါကြောင်း၊ ဂျာမနီနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်အား တက်ကြွစွာ ထောက်ခံသွားမည်ဖြစ်ပြီး လာမည့်နှစ်များတွင်လည်း မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သောမိတ်ဖက်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်သွားမည်ဖြစ်ပါသည်။

အထူးသဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို ကျော်လွှားနိုင်စေရန် ကြိုးပမ်းတိုက်ဖျက်ရာတွင် အဆွေတော် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို အားအင်အပြည့်ဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

## ထိုင်းနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ထိုင်းဘုရင်မင်းမြတ် မဟာဗာဂျီယာလောင်ကွန်း ဖရာ့ ဗာဂျီယာကလောင့်ကျောင့်ယူဟူဝါထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် အဆွေတော်ကျန်းမာပျော်ရွှင်ပြီး မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများ ဆက်လက်သာယာဝပြော၍ ကြွယ်ဝတိုးတက်စေရန် ဆုမွန်ကောင်းပို့သအပ်ပါသည်။

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည်နှင့်အညီ ချစ်ကြည်ရင်းနှီးမှုနှင့် နယ်ပယ်ကဏ္ဍအသီးသီး၌ ပူးပေါင်းဆောင်ရွက်မှုတို့ကို အစဉ်တစိုက် ပိုမိုမြှင့်တင်လျက်ရှိကြပါသည်။ နှစ်နိုင်ငံပြည်သူများ၏အပြန်အလှန်အကျိုးစီးပွားအတွက် ဤထူးခြားသည့် ချစ်ကြည်ရင်းနှီးမှုကို ခိုင်မာစေရန် မိမိတို့နှစ်နိုင်ငံ အတူတကွ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ယုံကြည်ပါသည်။

## ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဗီယက်နမ် ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးနှင့် သမ္မတ ငုယင် ဖူးကျောင့်ထံမှ (၇၃)နှစ်မြောက်လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်၊ မြန်မာနိုင်ငံတော်နှင့် မြန်မာပြည်သူများအား ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် အထွေထွေရွေးကောက်ပွဲအား အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံအတွက် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ အဆွေတော်၏ ခေါင်းဆောင်မှုအောက်တွင် မြန်မာနိုင်ငံအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ် အောင်မြင်တိုးတက်မှုများ ရရှိလျက် ငြိမ်းချမ်းသာယာဝပြော၍ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံသို့ ဦးတည်စေနိုင်မည်ဟု အခိုင်အမာယုံကြည်ပါသည်။

၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် မိမိ၏တရားဝင် ချစ်ကြည်ရေးခရီးစဉ်အတွင်း ဘက်စုံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာမိတ်ဖက် ဆက်ဆံရေး တည်ထောင်ခဲ့ချိန်မှစ၍ ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား အစဉ်အလာချစ်ကြည်ရင်းနှီးမှုမှာ ပိုမိုဆက်လက်ခိုင်မာလာခဲ့သည်ကို ဝမ်းမြောက်ဖွယ်မှတ်သားရပါသည်။ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက်လည်းကောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်လည်းကောင်း နှစ်နိုင်ငံခေါင်းဆောင်များနှင့် ပြည်သူများ၏ ဘုံသန္နိဋ္ဌာန်နှင့် ကြိုးပမ်းအားထုတ်မှုများဖြင့် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဆက်ဆံရေးမှာ ဆက်လက်ထွန်းကား၍ ပိုမိုမြင့်မားသည့်အဆင့်သို့ တက်လှမ်းရောက်ရှိမည်ဟု ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာပျော်ရွှင်စေရန် ဆုမွန်ကောင်းပို့သအပ်ပါသည်။

## အင်ဒိုနီးရှားသမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ သမ္မတ ဂျိုကို ဝီဒိုဒိုထံမှ (၇၃)နှစ်မြောက်လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများအား အင်ဒိုနီးရှားနိုင်ငံ အစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

သက္ကရာဇ် ၂၀၂၀ ပြည့်နှစ်မှာ အလွန်ခက်ခဲသည့်နှစ်ဖြစ်ကာ ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် မကြုံစဖူး ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကို ရင်ဆိုင်ဖြေရှင်းခဲ့ရပါသည်။ သို့ရာတွင် မြန်မာအစိုးရအနေဖြင့် တင်းကျပ်သည့် ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပခဲ့ခြင်းအပြင် ကပ်ရောဂါအား ကောင်းမွန်စွာထိန်းချုပ်လျက်ရှိသည်ကို ပြသနိုင်ခဲ့ပါသည်။ သို့ပါ၍ လာမည့် ၂၀၂၁ ခုနှစ်တွင်လည်း ကပ်ရောဂါအား မိမိတို့ အတူတကွ အောင်မြင်စွာ ဆက်လက်ကာကွယ်ထိန်းချုပ်သွားမည်ဖြစ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ထပ်လောင်းကတိပြုလျက် အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

စာမျက်နှာ ၇ သို့ ❍

❍ စာမျက်နှာ ၆ မှ

## လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ ဘွန်ညံဗိုရာချစ်ထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် လာအိုနိုင်ငံပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများအား လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။

နှစ်နိုင်ငံခေါင်းဆောင်များ၏ အနီးကပ် လမ်းညွှန်မှုများအောက်တွင် နှစ်နိုင်ငံအတွက် သိသာထင်ရှားသည့်အကျိုးရလဒ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုများကို ဖြစ်ထွန်းစေရန် မိမိတို့နှစ်နိုင်ငံအကြား ကာလရှည်တည်ရှိသော ချစ်ကြည်ရင်းနှီးမှုနှင့် ကောင်းမွန်သည့် ပူးပေါင်းဆောင်ရွက်မှုတို့သည် လာမည့်နှစ်များအတွင်း ပိုမိုခိုင်မာတိုးတက်လာမည်ဟု မိမိအနေဖြင့် အခိုင်အမာ ယုံကြည်ပါသည်။

သက္ကရာဇ် ၂၀၂၁ ခုနှစ် နှစ်သစ်အခါသမယ၌ အဆွေတော်အနေဖြင့် မြန်မာပြည်သူများအား ပိုမိုဖွံ့ဖြိုးတိုးတက်၍ ရေရှည်သာယာဝပြောရေးအတွက် ဦးဆောင်ရာတွင် အဆွေတော် ကျန်းမာပျော်ရွှင်၍ လုပ်ငန်းဆောင်တာများတွင် ပိုမိုအောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ကိုရီးယားသမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံသို့ ကိုရီးယားသမ္မတနိုင်ငံသမ္မတ မွန်ဂျေအင်းထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန် ဆက်ဆံရေး ထူထောင်သည့် (၄၅)နှစ် ပြည့်မြောက်ခဲ့ပြီး၊ နှစ်နိုင်ငံဆက်ဆံရေးတွင် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိလာသည်မှာ နှစ်ထောင်းအားရဖွယ်ဖြစ်ပါသည်။ မိမိတို့နှစ်နိုင်ငံအကြား ခိုင်မာခဲ့ပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးသည် လာမည့်နှစ်များတွင် ပိုမိုအပြန်အလှန် အကျိုးဖြစ်ထွန်းစေလျက် ဖွံ့ဖြိုးတိုးတက်လာပြီး၊ နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန် သွားလာဆက်ဆံမှုများနှင့် ချစ်ကြည်ရင်းနှီးမှုတို့ ပိုမိုနက်ရှိုင်းလာမည်ဟု မျှော်လင့်ပါသည်။

အဆွေတော် ကျန်းမာစေရန်နှင့် လုပ်ငန်းဆောင်တာအဝဝ ဆက်လက်အောင်မြင်စေရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာယာဝပြောမှု အစွန့်ရှည်တည်တံ့စေရန် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

## အီတလီသမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထံသို့ အီတလီသမ္မတနိုင်ငံ သမ္မတ ဆာဂျီရို မတ်တာရီလာထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူ ပြည်သားများထံသို့ အီတလီနိုင်ငံမှ ဆုမွန်ကောင်း ပို့သအပ်ပါသည်။

မကြာမီက ကျင်းပခဲ့သည့် စနစ်ကျပြီး ငြိမ်းချမ်းသည့် ရွေးကောက်ပွဲသည် ဒီမိုကရေစီထူထောင်ရေးလုပ်ငန်းစဉ် ပိုမိုခိုင်မာတိုးတက်ရေးအတွက် မြန်မာပြည်သူ ပြည်သားများအနေဖြင့် ယင်းတို့၏ မျှော်လင့်ချက်နှင့် ယုံကြည်ချက်များကို ဖော်ပြနိုင်ခဲ့ကြသဖြင့် အီတလီနိုင်ငံအနေဖြင့် ထောက်ခံပါသည်။

အာဆီယံဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံဖြစ်သည့် အီတလီနိုင်ငံအနေဖြင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို စဉ်ဆက်မပြတ် ပိုမိုတိုးမြှင့်နိုင်မည်ဟု ယုံကြည်လျက် အဆွေတော်နှင့် ပြည်သူပြည်သားများ ငြိမ်းချမ်းပျော်ရွှင်ပြီး သာယာဝပြောပါစေကြောင်း ထပ်လောင်း၍ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် လီခချန်းထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လွတ်လပ်ရေးရရှိသည့် (၇၃) နှစ်ပတ်လည် အချိန်သမယတွင် ကျွန်တော်သည် အဆွေတော်အား လှိုက်လှဲစွာ ထောမနာဂုဏ်ပြုပါကြောင်းနှင့် ဆုတောင်းမေတ္တာပို့သပါကြောင်း ဖော်ပြအပ်ပါသည်။

လွန်ခဲ့သောနှစ်များအတွင်း၌ မြန်မာနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူ့ဘဝအဆင့်အတန်း မြှင့်တင်ပေးမှုစသည့် နယ်ပယ်အသီးသီးတွင် အောင်မြင်မှုသစ်များ အဆက်မပြတ်ရရှိခဲ့ပါသည်။ နှစ်ဦးနှစ်ဖက်၏ လက်တွဲကြိုးပမ်းအားထုတ်မှုဖြင့် တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးသည် ဖွံ့ဖြိုးတိုးတက်မှုကို ကောင်းမွန်စွာ ထိန်းသိမ်း၍ လက်တွေ့ ပူးပေါင်းဆောင်ရွက်မှု ရလဒ်သစ်များကို အဆက်မပြတ် ရရှိခဲ့ပါသည်။ ကျွန်တော်သည် အဆွေတော်နှင့်အတူ နှစ်ဦးနှစ်ဖက် နယ်ပယ်အသီးသီးရှိ ဘက်ပေါင်းစုံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ နက်ရှိုင်းအောင် ဆောင်ရွက်ရန်၊ တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရေး အဆင့်အတန်းကို တိုးမြှင့်အောင်တွန်းအားပေးရန် ကြိုးပမ်းဆောင်ရွက်လိုပါ၍ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူ ပြည်သားများအတွက် အကျိုးဖြစ်ထွန်းစေပါမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စည်ပင်သာယာ၍ မြန်မာပြည်သူပြည်သားအားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ၊ တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရေး ပိုမိုဖွံ့ဖြိုးတိုးတက်သွားပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

## ဂျပန်နိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထံသို့ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် ဆူဂါရိုရှီဟိဒဲ ထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း အဆွေတော်ထံသို့ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလတွင် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက် လေးစားဂုဏ်ယူပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံနှင့်အတူ ဆက်လက်၍ ဒိုးတူပေါင်ဖက် ရပ်တည်သွားမည်ဖြစ်ပြီး ဒီမိုကရေစီနိုင်ငံတည်ထောင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးမှုတို့အတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများအပေါ် အစွမ်းကုန် ကူညီပံ့ပိုးသွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံ နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရန်အတွက် အနာဂတ်ကာလတွင် အဆွေတော်နှင့် အမြင်ချင်းဖလှယ်သွားနိုင်မည်ဟု မိမိအနေဖြင့် မျှော်လင့်ပါသည်။ မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူများ အောင်မြင်မှုများပိုမိုရရှိပြီး ကျန်းမာသုခပြည့်ဝပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

## ဗြိတိန်နိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထံသို့ ဗြိတိန်နိုင်ငံ ဒုတိယမြောက် အယ်လဇ္ဇဘက် ဘုရင်မကြီးထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ယခုကဲ့သို့ အခက်အခဲများနှင့် ရင်ဆိုင်နေရသည့်ကာလတွင် မြန်မာပြည်သူ ပြည်သားများ အားလုံးအတွက် ဆုမွန်ကောင်း ပို့သအပ်ပါသည်။

## ကိုရီးယားသမ္မတနိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထံသို့ ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာမွန်ဂျေအင်းထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်သည့် (၄၅) နှစ်ပြည့်မြောက်ခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးတွင် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိလာသည်မှာ နှစ်ထောင်းအားရဖွယ်ဖြစ်ပါသည်။ ကိုရီးယားသမ္မတနိုင်ငံ၏ New Southern Policy Plus မဟာဗျူဟာသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအတွက် အထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း အဆွေတော်၏ထောက်ခံမှုများအတွက် ကျေးဇူးတင်ရှိပါသည်။ မိမိတို့နှစ်နိုင်ငံအကြား ခိုင်မာတည်ရှိသော ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးသည် လာမည့်နှစ်များတွင် ပိုမိုအပြန်အလှန် အကျိုးဖြစ်ထွန်းစေလျက် ဖွံ့ဖြိုးတိုးတက်လာပြီး နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန် သွားလာဆက်ဆံမှုများနှင့် ချစ်ကြည်ရင်းနှီးမှုတို့ ပိုမိုနက်ရှိုင်းလာမည်ဟု ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာစေရန်နှင့် လုပ်ငန်းဆောင်တာအဝဝ ဆက်လက်အောင်မြင်စေရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာယာဝပြောမှု အစွန့်ရှည်တည်တံ့စေရန် ဆုမွန်ကောင်း တောင်းအပ်ပါသည်။

## အင်ဒိုနီးရှားသမ္မတနိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထံသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဂျိုကိုဝီဒိုဒို ထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများအား အင်ဒိုနီးရှားနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။

သက္ကရာဇ် ၂၀၂၀ ပြည့်နှစ်မှာ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားခဲ့သည့်နှစ်ဖြစ်ကာ ယခုနှစ်ကူးခဲ့ပြီဖြစ်ပါသည်။ သို့ရာတွင် မြန်မာအစိုးရအနေဖြင့် ကပ်ရောဂါကာလအတွင်း တင်းကျပ်သည့် ကျန်းမာရေးစည်းကမ်းချက်များနှင့်အညီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။

ဤအခါသမယတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်မြှင့်တင်သွားမည်ဟု မိမိအနေဖြင့် ကတိကဝတ်ပြုအပ်ပါသည်။ ပြီးခဲ့သည့်နှစ်များအတွင်း ထူထောင်ထားရှိသော နှစ်နိုင်ငံအကြားကောင်းမွန်သည့် ဆက်ဆံရေးမှာ အင်ဒိုနီးရှားပြည်သူနှင့် မြန်မာပြည်သူများ၏ အကျိုးစီးပွားကို ဆက်လက် ခိုင်မာစေရေးအတွက် ခိုင်မာသော အခြေခံကောင်းတစ်ခုပင် ဖြစ်ပါသည်။

အဆွေတော်နှင့် မြန်မာပြည်သူများအနေဖြင့် မြန်မာနိုင်ငံ၏ အနာဂတ် မျှော်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် အဆွေတော်အား အစဉ်ချစ်ကြည် အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မီခေးလ် မီရှူစတင် (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အစိုးရကိုယ်စား မိမိအနေဖြင့် အဆွေတော်ထံသို့ နှုတ်ခွန်းဆက်သအပ်ပါသည်။

ရုရှား-မြန်မာ ဆက်ဆံရေးသည် ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ဆက်ဆံရေး တိုးမြှင့်မှုအပေါ် လွှမ်းခြုံထားသော ဆက်ဆံရေးဖြစ်ပါကြောင်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးများအပြင် ကဏ္ဍစုံ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အကျိုးတူစီမံကိန်းများကို တိုးမြှင့်သွားခြင်းဖြင့် နှစ်နိုင်ငံ၏ အကျိုးစီးပွားကို အပြည့်အဝဖော်ဆောင်ပေးသွားနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာချမ်းသာပြီး အရေးကြီးသည့် လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် အောင်မြင်မှုများရရှိပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားအပေါင်း ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

## စင်ကာပူသမ္မတနိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထံသို့ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် လီရှန်လုံး ထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ကြောင်း ဆုမွန်ကောင်း ပို့သအပ်ပါသည်။

စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အထူးကောင်းမွန်သော ဆက်ဆံရေးကို ပိုင်ဆိုင်ထားကြပါသည်။ နှစ်နိုင်ငံ ခေါင်းဆောင်များနှင့် ပြည်သူများအကြား အပြန်အလှန်လည်ပတ်မှု ခရီးစဉ်များမှတစ်ဆင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေးနှင့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများကို အားကောင်းစေခဲ့ပါသည်။ စိန်ခေါ်မှုများကိုကျော်လွှား၍ ကပ်ရောဂါကာလအလွန် အခွင့်အလမ်းများကို ရရှိအသုံးချနိုင်ရန် မိမိတို့နှစ်နိုင်ငံအကြား အတူတကွ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာအောင်မြင်ပါစေကြောင်း မိမိအနေဖြင့် ဆုမွန်ကောင်း ပို့သအပ်ပါသည်။

## ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ငုယင် စွမ်းဖု ထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်၊ မြန်မာအစိုးရနှင့် မြန်မာပြည်သူများအား ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် အထွေထွေရွေးကောက်ပွဲအား အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအပေါ် ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွက် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်တွင် လည်းကောင်း၊ သာယာဝပြော၍ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံသို့ ဦးတည်ရာတွင်လည်းကောင်း ဒေသတွင်းနှင့် နိုင်ငံတကာ၌ ပိုမိုအရေးပါသည့်အခန်းကဏ္ဍတွင်ပါဝင်လျက် ဆက်လက်၍ အောင်မြင်မှုများရရှိမည်ဟု အခိုင်အမာယုံကြည်ပါသည်။

ဗီယက်နမ်အစိုးရနှင့် ပြည်သူများအနေဖြင့် ဗီယက်နမ်-မြန်မာ ဘက်စုံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးကို အလေးထား၍ ပြီးခဲ့သည့်နှစ်များအတွင်း နှစ်နိုင်ငံဆက်ဆံရေး ဆတက်ထမ်းပိုး ဖွံ့ဖြိုးတိုးတက်ခဲ့ခြင်းအပေါ် အားရကျေနပ်လျက်ရှိပါသည်။ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက်လည်းကောင်း၊ ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက်လည်းကောင်း ဗီယက်နမ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုမြင့်မားသည့်အဆင့်သို့ မြှင့်တင်နိုင်ရန် မိမိအနေဖြင့် အဆွေတော်နှင့် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ထားပါသည်။

အဆွေတော် ကျန်းမာပျော်ရွှင်စေရန် ဆုမွန်ကောင်းပို့သအပ်ပါသည်။

စာမျက်နှာ ၉ သို့ ❐

(၇၃) နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုအိပ်မက်ကို လက်တွေ့ကျကျ အတူတကွပုံဖော်ကြစို့

**တက္ကသိုလ်ပွင့်သူအောင်**

၂၀၂၀ ပြည့်နှစ်ကုန်၍ ၂၀၂၁ ခုနှစ်သို့ ကူးပြောင်းခဲ့ပြီ ဖြစ်သည်။ နှစ်သစ်ကူးကာလအတွင်း ကမ္ဘာအရပ်ရပ်တွင် အမျိုးမျိုးအဖုံဖုံသော ပျော်ရွှင်ဖွယ်ရာများဖြင့် နှစ်သစ်ကူးခဲ့ကြသည်။ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်တို့တွင်လည်း ပြည်ထောင်စုဖွား တိုင်းရင်းသား တိုင်းရင်းသူအားလုံးတို့သည် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် နှစ်ဟောင်းကို နှုတ်ဆက်၍ နှစ်သစ်ကို ကြိုဆိုခဲ့ကြသည်။ ဤသို့ လွတ်လပ်ခြင်း၊ ပျော်ရွှင်ခြင်း၊ ကြည်နူးခြင်း၊ လန်းဆန်းခြင်း၊ တက်ကြွခြင်းတို့ဖြင့် နှစ်သစ်ကို ကြိုဆိုနိုင်ခြင်း၏ အကြောင်းရင်းမှာ လွတ်လပ်ခြင်းကြောင့်ပင် ဖြစ်သည်။ တစ်နည်းဆိုလျှင် အချုပ်အခြာအာဏာပိုင်စိုးသော နိုင်ငံတစ်နိုင်ငံ၏သရုပ်သကန်ကို ဖော်ကျူးနေခြင်းလည်း ဖြစ်ပေသည်။

ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးတို့သည် ဤကဲ့သို့ လွတ်လပ်ခြင်း၏အရသာကိုခံစားရရှိလာခဲ့သည်မှာ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၄ ရက်(ယနေ့)တွင် (၇၃) နှစ်မြောက်ပြီဖြစ်သည်။ လွန်ခဲ့သော (၇၃) နှစ်က အတိတ်ခရီးကို ငဲ့စောင်းကြည့်ပါက ကိုယ့်ထီးကိုယ့်နန်းနှင့် တင့်တယ်သော မြန်မာနိုင်ငံအား နယ်ချဲ့ဗြိတိသျှတို့က သုံးကြိမ်တိုင် ကျူးကျော်စစ်ဆင်နွှဲခဲ့ကြသည်။ အချုပ်အားဖြင့်ဆိုရသော် နယ်ချဲ့ဗြိတိသျှတို့က မြန်မာနိုင်ငံအောက်ပိုင်း ရခိုင်နှင့် တနင်္သာရီကို သိမ်းပိုက်ခဲ့သည့် ၁၈၂၄ ခုနှစ်မှ စ၍ မြန်မာပြည်တစ်ပြည်လုံးကို သိမ်းယူသည့် ၁၈၈၅ ခုနှစ်အလယ် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရချိန် အဆုံး နှစ်ပေါင်း ၁၂၄ နှစ် ရှည်ကြာခဲ့သည်။

ဤကဲ့သို့ လွတ်လပ်ရေးဆုံးရှုံးရချိန်၌ ဆီးဘန်းနီဆရာတော်က–

"ထီးသုဉ်း နန်းသုဉ်း မြို့သုဉ်းသုည၊ သုဉ်း သုံးဝဖြင့် သုဉ်းရပြန်လှစ်၊ သုညခေတ်ဝယ်၊ လူဖြစ်ရလေ၊ တို့တစ်တွေသည်၊ သေသော်မှတည့် ဩော်ကောင်း၏"– ရေးသားခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီး နယ်ချဲ့တို့၏ အုပ်ချုပ်ခံဘဝသို့ ရောက်ရှိသွားခဲ့သော်လည်း မျိုးချစ်စိတ်ပြင်းထန်သော ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးတို့သည် အမိမြန်မာပြည် လွတ်လပ်ရေးရရှိရန် ရရာလက်နက်စွဲကိုင်လျက် တိုက်ခိုက်ခဲ့ကြသည်။ မြန်မာ့မျိုးချစ်ခေါင်းဆောင်ကြီးများဖြစ်ကြသော ဆမားဒူးဝါး၊ ဖုန်ကန်ဒူးဝါး၊ စောမဟာ၊ စောလဖော်၊ ရွှေဂျိုးဖြူမင်းသား၊ ဝန်းသိုစော်ဘွား ဦးအောင်မြတ်၊ လင်းပင်မင်းသား၊ ပုဂံဗိုလ်ချို၊ ဗိုလ်ရာညွန့်၊ ဗိုလ်နက်ကျော်၊ ဗိုလ်မြတ်ထွန်း စသည်တို့က သူ့ကျွန်မခံလိုသော စိတ်ဓာတ်၊ အမျိုးကို ချစ်သော အားမာန်၊ ခိုင်မြဲသော ဇွဲသတ္တိတို့ဖြင့် နယ်ချဲ့ ဗြိတိသျှကို တွန်းလှန်ခဲ့ကြသည်။

### မျိုးချစ်အမျိုးသမီး သူရဲကောင်းများ

နယ်ချဲ့ဗြိတိသျှကိုလိုနီအစိုးရတပ်များကို အမျိုးသားများနှင့်အတူ ရင်ပေါင်တန်း၍ တိုက်ပွဲဝင်ခဲ့ကြသော မျိုးချစ်အမျိုးသမီးသူရဲကောင်းများကလည်း ပါဝင်ခဲ့ကြသည်။ ပထမ အင်္ဂလိပ်–မြန်မာ စစ်ပွဲကာလ ၁၈၂၅ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်၌ အထက်မြန်မာပြည်သို့ထိုးဖောက်ရန် ချီတက်လာခဲ့ကြသော ကာနယ်မက်ဒူးဝေါလ်(Col.Mc. Dowall) ဦးဆောင်သည့် နယ်ချဲ့ဗြိတိသျှ တပ်မဟာနှစ်ခုကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့၏ အရှေ့ဘက် ၁၆ မိုင်အကွာရှိ ဝက်ထီးကန်အရပ်၌ မြန်မာမျိုးချစ်သူရဲကောင်း ဗိုလ်ချုပ်မဟာနေမျိုးဦးဆောင် သော မြန်မာတပ်များနှင့် မောက်မယ်စော်ဘွားကြီး ဦးဆောင်သည့် ရှမ်းမျိုးချစ်တပ်ဖွဲ့များက ပြင်းပြင်းထန်ထန်ခုခံတိုက်ခိုက်ခဲ့ကြသည်။



**၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ပင်လုံမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်၍ တိုင်းရင်းသားခေါင်းဆောင်များ ပင်လုံစာချုပ်လက်မှတ်ရေးထိုးစဉ်။**

ယင်းတိုက်ပွဲတွင် ရှမ်းအမျိုးသမီး သုံးဦးသည် စစ်ဝတ်တန်ဆာများကို ဝတ်ဆင်ကာ မြင်းများကို ရဲရဲဝံ့ဝံ့ စီး၍ တိုက်ခိုက်ခဲ့ကြသည်။ ထိုဝက်ထီးကန်တိုက်ပွဲတွင် စစ်ကြောင်းမှူး ကာနယ်မက်ဒူးဝေါလ်အပါအဝင် နယ်ချဲ့ ဗြိတိသျှအရာရှိ ငါးဦးနှင့် တပ်သားအများအပြား ကျဆုံးခဲ့သည်။ သမိုင်းဝင်ဝက်ထီးကန်တိုက်ပွဲဝင် ရှမ်းအမျိုးသမီးသုံးဦးနှင့် ပတ်သက်၍ "Narrative of the Burmese Wars" စာအုပ်တွင် နယ်ချဲ့ဗြိတိသျှကိုလိုနီအစိုးရ၏ တပ်မှူးဗိုလ်မှူး စနော့ဒ် ဂရတ်စ် (Major Snodgrass) က **"ရှမ်းစစ်သည်တို့သည် လမ်းမလျှောက်နိုင်၍ ထမ်းစင်ဖြင့် သွားလာရသော စော်ဘွားကြီးနှင့် သတ္တိပြောင်မြောက်စွာ ကွပ်ကဲလျက်ရှိသော အမျိုးသမီးဗိုလ်မှူးသုံးယောက်တို့ကြောင့် အားတက်ကာ မိမိတပ်များအား သဲသဲမဲမဲခုခံတိုက်ခိုက်ကြသည်။ ရှမ်းအမျိုးသမီးဗိုလ်မှူးတစ်ဦးမှာ ရင်ညွန့်တွင် သေနတ်ကျည်ထိမှန်ပြီး ကျဆုံးသွားသည်။ အခြား ရှမ်းအမျိုးသမီး ဗိုလ်မှူးတစ်ဦးမှာလည်း ဖုံးတစ်လုံး ခေါင်းပေါ်ကျပြီး ရေထဲလွင့်စဉ်ကျသွားသည်"** ဟူ၍ မှတ်တမ်းတင်ရေးသားခဲ့သည်။

ထို့အတူ ချင်းတောင်တန်းများ နယ်ချဲ့ဗြိတိသျှ လက်အောက်မကျရောက်စေရန် ချင်းပြည်နယ်မှ ချင်းတိုင်းရင်းသူ မျိုးချစ်တော်လှန်ရေးသမားများကလည်း ၁၈၈၉ ခုနှစ် မေလ ၄ ရက်တွင် **"ရှားလ်လုမ်းခံတပ်"** တိုက်ပွဲ၌ ချင်းတိုင်းရင်းသား မျိုးချစ်တော်လှန်ရေးသမားများနှင့်အတူ နယ်ချဲ့အင်္ဂလိပ်တပ်များကို အသက်အသေခံ တိုက်ပွဲဝင်ခဲ့ကြသည်။ ထိုတိုက်ပွဲတွင် ရှားလ်လုမ်းခံတပ်ကို နယ်ချဲ့အင်္ဂလိပ်တပ်များ မသိမ်းပိုက်နိုင်ကြဘဲ ဒုတိယဗိုလ်မီချဲလ်(Li.Michel)နှင့် ဗိုလ်ကြီးမိုင်း(Capt.Myne) အပါအဝင် အင်္ဂလိပ်စစ်သား အကြပ်တပ်သားသုံးဦး၊ ဂေါ်ရခါးတပ်သား ၃၂ ဦး စုစုပေါင်း ၃၆ ဦးကျဆုံးခဲ့ပြီး ဆရာဝန် လီခွင်အပါအဝင် အကြပ်တပ်သား ၃၈ ဦးတို့မှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။ ချင်းမျိုးချစ်သူရဲကောင်းများဘက်မှ ခေါင်းဆောင်ဖြစ်သူ တိုက်သူကြီး ဦးလျှင့်ကမ်း၊ ဒုတိယခေါင်းဆောင် ဦးဝမ်းမန်အပါအဝင် ချင်းမျိုးချစ် တိုင်းရင်းသား တိုင်းရင်းသူ စုစုပေါင်း ၂၈ ဦးတို့မှာ အသက်ပေး၍ ချင်းတောင်တန်းကြီးကို ကာကွယ်ခဲ့ကြသည်။ ထိုအသက်ပေးသွားကြသည့် မျိုးချစ်ချင်းတော်လှန်ရေးသမားများတွင် ချင်းတိုင်းရင်းသူများဖြစ်ကြသော ဒေါ်လျှင့်ဝုန်၊ ဒေါ်ကွေ့ဝုန်၊ ဒေါ်ဝုန်နဲ့မ်း၊ ဒေါ်အောက်ဟွဲ၊ ဒေါ်လမ်းကြောင်၊ ဒေါ်အွပ်ညောင်း၊ ဒေါ်ညောင်းကြောင်၊ ဒေါ်ဒီမ့်ငြ၊ ဒေါ်အွပ်ဟွပ်တွဲ၊ ဒေါ်ဟွဲနွှမ်းတို့သည် အသက်အသေခံပြီး ချင်းတောင်တန်းကြီးနှင့် အမိမြန်မာပြည် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်သွားခဲ့ကြသည်။

မြန်မာအမျိုးသမီးတစ်ဦးဖြစ်သော မင်းအတွင်းဝန်ဦးစံငြိမ်း၏သမီး ပင်းခင်ခင်ကလည်း ဦးလေးဖြစ်သူ နယ်ချဲ့တော်လှန်ရေးခေါင်းဆောင် ရွှေခေးဗိုလ်ဦးမင်းဖိုနှင့်အတူ နယ်ချဲ့တပ်များကို ပြင်းပြင်းထန်ထန် ခုခံတိုက်ပွဲဝင်ခဲ့သည်။ ထို့အတူ မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ပုဂံဗိုလ်ချို၏ ဇနီးဖြစ်သူကလည်း အမျိုးသမီးများ ပါဝင်သော တော်လှန်ရေးတပ်ဖွဲ့ကို ဦးဆောင်၍ နယ်ချဲ့တပ်များကို မန္တလေး၊ မိတ္ထီလာ၊ တောင်တွင်းကြီးနှင့် နတ်မောက်နယ်တစ်ဝိုက်၌ တော်လှန်တိုက်ခိုက်ခဲ့သည်။

မုံရွာမှ ခင်လေးကြီးဆိုသူ မြန်မာ့မျိုးချစ်တော်လှန်ရေး အမျိုးသမီးသည်လည်း လွတ်လပ်ရေးတိုက်ပွဲဝင် မြန်မာ့တော်လှန်ရေးတပ်ဖွဲ့များအတွက် ရိက္ခာ၊ လက်နက် သယ်ယူပို့ဆောင်ပေးခြင်း၊ ရန်သူနယ်ချဲ့တို့ ထိန်းချုပ်စိုးမိုးထားသည့် နယ်မြေများသို့ စွန့်စားဝင်ရောက်ပြီး ရန်သူ့သတင်း ထောက်လှမ်းပေးခြင်း၊ စာပေး စာယူ ဆက်သားလုပ်ပေးခြင်း စသည်တို့ကို မိမိအသက်ကိုပင် ပဓာနမထားဘဲ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရေး အတွက် ဆောင်ရွက်ပေးခဲ့သည်။ မျိုးချစ်အမျိုးသမီးသူရဲကောင်း ခင်လေးကြီး၏ ရဲဝံ့စွန့်စားဆောင်ရွက်ချက်များကို မြန်မာပြည် ဝန်ရှင်တော်မင်းကြီးအဖြစ် ၁၈၈၇ ခုနှစ်မှ ၁၈၉၀ ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သူ "ဆာချားလ်ကရော့စ်ဝိတ်" (Sir Charles Crosthwaite) ကိုယ်တိုင် ၎င်း၏ မြန်မာပြည် မှတ်တမ်း၌ လေးစားဂုဏ်ယူစွာဖြင့် မှတ်တမ်းတင်ခဲ့သည်။

### တပ်မတော် ဖွဲ့စည်းခဲ့ခြင်း

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက် မြန်မာအမျိုးသမီးများက အသက်စွန့် တာဝန်ထမ်းဆောင်ခဲ့ကြသည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်သည်။ တစ်ဖက်မှလည်း အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ဝိုင်အမ်ဘီအေအသင်း၊ ဂျီစီဘီအေအသင်းများ၏ လှုပ်ရှားမှုမှသည် ၁၉၂၀ ပြည့်နှစ် ပထမ တက္ကသိုလ်ကျောင်းသားသပိတ်လှုပ်ရှားမှုများ၊ တို့ဗမာအစည်းအရုံး၊ တောင်သူလယ်သမားအရေးတော်ပုံ၊ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံများအထိ တစ်မျိုးသားလုံး အသွင်ဖြင့် နယ်ချဲ့ဗြိတိသျှကိုလိုနီအစိုးရအား ဆန့်ကျင်တော်လှန်ခဲ့ကြသည်။ ယင်းတော်လှန်မှုများမှ စုစည်းညီညွတ်သော တပ်မတော်တစ်ရပ်ထူထောင်ရန် သခင်အောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း)သည် နယ်ချဲ့တို့၏ဖမ်းဆီးမှုမှ လွတ်မြောက်အောင် လိမ္မာပါးနပ်စွာရှောင်ရှားပြီး ရဲဘော်သုံးကျိပ်နှင့်အတူ ဟိုင်နန်ကျွန်းတွင် စစ်ပညာကို ဆင်းရဲပင်ပန်းကြမ်းတမ်းစွာ သင်ယူခဲ့ပြီးနောက် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)(Burma Independent Army–BIA)ကို စတင်ဖွဲ့စည်းခဲ့သည်။ ဗမာ့လွတ်လပ်ရေး တပ်မတော်သည် ထိုင်းနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာချိန်တွင် အင်အား ၃၀၀၀ ကျော်သာရှိရာမှ ဂျပန်တပ်မတော်နှင့် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးကို သိမ်းပိုက်ပြီးချိန်တွင် အင်အား ၅၀၀၀၀ ခန့်အထိ တိုးပွားလာခဲ့သည်။ ထို့နောက် ၁၉၄၂ ခုနှစ် ဇူလိုင်လ ၂၇ ရက်တွင် ဗမာ့ကာကွယ်ရေးတပ်မတော် (BDA)၊ ၁၉၄၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်တွင် ဗမာ့အမျိုးသားတပ်မတော် (BNA)စသည်ဖြင့် အမည်ပြောင်းလဲ ဖွဲ့စည်းခဲ့သည်။

ထို့နောက် ဗမာ့တပ်မတော်သည် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်မှစ၍ ပြည်သူတို့နှင့် လက်တွဲကာ ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲခဲ့သည်။ ဖက်ဆစ်များ မြန်မာနိုင်ငံမှဆုတ်ခွာသွားပြီးမြန်မာနိုင်ငံသို့ နောက်တစ်ကြိမ် ပြန်ရောက်လာသော ဗြိတိသျှဘုရင်ခံ ဆာဒေါ်မန်စမစ်၏ အကြံပြုချက်အရ ဗမာ့တပ်မတော်ကို မျိုးချစ်ဗမာ့တပ်မတော် (PBF) ဟု အမည်ပြောင်းလဲခဲ့ရသည်။ မြန်မာတို့၏ စစ်အင်အားကို စိုးရိမ်နေသော ဗြိတိသျှတို့သည် ၁၉၄၅ ခုနှစ် စက်တင်ဘာလတွင် သီဟိုဠ်ကျွန်း (ယခုသီရိလင်္ကာနိုင်ငံ) ကန္ဒီမြို့၌ ချုပ်ဆိုသောစာချုပ်အရ တပ်မတော်အင်အားကို ကန့်သတ်လိုက်ကြရာ(Burma Army) သို့ မျိုးချစ်ဗမာ့ တပ်မတော် (PBF) မှ အရာရှိ ၂၀၀ နှင့် တပ်သား ၅၂၀၀ ကိုသာ ထည့်သွင်းဖွဲ့စည်းခွင့်ပြုခဲ့သည်။ တပ်ပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုကို ဗြိတိသျှအရာရှိများကသာ အစွမ်းကုန်ခြယ်လှယ်ခဲ့ကြပြီး တိုင်းရင်းသားတပ်ရင်းများအား လက်နက်တပ်ဆင်ပေးကာ သွေးထိုးပေးခဲ့ကြသည်။

**စာမျက်နှာ ၉ သို့** ■

**(၂၀)ရာစုပင်လုံညီလာခံဖြင့် လွတ်လပ်ရေးရရှိခဲ့သော်လည်း လွတ်လပ်ရေးရရှိပြီးစကာလမှာပင် လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်ခဲ့ရသည်။ လက်နက်ကိုင်ပဋိပက္ခများအား ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းဖြေရှင်းနိုင်ခဲ့ခြင်း မရှိသည့်အတွက် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများသည် နှစ်ပေါင်း ၇၀ ကျော် ယနေ့ထိတိုင် ဖြစ်ပွားလျက်ရှိသည်။ အထူးသဖြင့် (၂၁)ရာစုပင်လုံညီလာခံသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးသည့်နောက်ပိုင်း သမိုင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် အချိန်ကိုက်ပေါ်ပေါက်လာခဲ့သော ပထမဦးဆုံး နိုင်ငံရေးဆွေးနွေးပွဲစားပွဲဝိုင်းဖြစ်ခဲ့သည်။ ထိုနိုင်ငံရေးဆွေးနွေးပွဲစားပွဲဝိုင်းမှတစ်ဆင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဟူသော ပြည်ထောင်စုအိပ်မက်အဖြစ် ဘုံမျှော်မှန်းချက်အဖြစ် တညီတညွတ်တည်းချမှတ်ခဲ့။**

❒ စာမျက်နှာ ၇ မှ

## ချက်သမ္မတနိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ချက်သမ္မတနိုင်ငံဝန်ကြီးချုပ် အန်းဒရက်ဘာဘိစ်ရှ်ထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများ ကြွယ်ဝချမ်းသာ၍ ဆတက်ထမ်းပိုး အောင်မြင်မှုရရှိပါစေကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ချက်သမ္မတနိုင်ငံတို့အကြား အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး ဆက်လက်ရှင်သန်ထွန်းကားလာမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာသုခပြည့်ဝပါစေကြောင်းနှင့် အဆွေတော်၏နိုင်ငံ ကြွယ်ဝချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

## ထိုင်းနိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒွန်ပရာမွန်းဝီနိုင်းထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် မိမိအနေဖြင့် အဆွေတော်အား ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများ ဆက်လက်ကြွယ်ဝတိုးတက်စေရန် ဆုမွန်ကောင်းပို့သအပ်ပါသည်။

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမှာ နှစ်နိုင်ငံချင်းသာမက အာဆီယံနှင့် အခြားမူဘောင်များ၌လည်း နက်ရှိုင်းကျယ်ပြန့်လျက်ရှိသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိရပါသည်။ လာမည့်နှစ်များတွင် လက်တွဲပူးပေါင်းဆောင်ရွက်မှုများဖြင့် မိမိတို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာလာလျက် နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးသည်လည်း ရှေ့သို့တက်လှမ်းနိုင်မည်ဟု ယုံကြည်ပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကိုကျော်လွှားရန် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ထိုင်းနိုင်ငံအနေဖြင့် ကူညီပံ့ပိုးသွားမည်ဖြစ်ပြီး မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူများ၏ အပြန်အလှန် အကျိုးစီးပွားအတွက် နှစ်နိုင်ငံအကြား ထူထောင်ထားရှိသည့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုမြှင့်တင်သွားနိုင်ရန် ထပ်လောင်းကတိပြုပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

# ပြည်ခွင်ဘဝ ကြည်လင်လှအောင်

❖ ဒို့တိုင်း ဒို့ပြည်၊ မြန်မာပြည်တည့်။

❖ ငါတို့သည်ကား၊ ဤပြည်ဖွားသည့်
သွေးသားရင်းချာ၊ ဒို့မြန်မာတည့်။

❖ ဒို့ပြည်အရေး၊ ဒို့အရေးနှင့်
သွေးချင်းအရေး၊ ဒို့အရေးမို့
အရေးကြီးလျှင်၊ သွေးစည်းခင်၍
ကြံ့လျှင်အရေး၊ ဆုံဝင်တွေးကာ
အရေးကျသော်၊ သွေးကပေါ်လျက်
မတော်ရန်ဘေး၊ တော်လှန်ရေးဖြင့်
အရေးပေါ်တိုင်း၊ တုံ့မဆိုင်းဘဲ
ဒိုင်းနှယ် ရန်တား၊ ဓားနှယ် ရန်ရှင်း
စောင့်ရှောက်ခြင်းဖြင့်
သွေးရင်းပီသ၊ ဒို့ဗီဇတည့်။

❖ ရောဝတီ၊ ရေပြာကြည်ကို
တူညီသောက်သုံး၊ ဒို့အားလုံး၏
နှလုံးသားသည်၊ မြန်မာပြည်မို့
ပြည်ခွင်ဘဝ၊ ကြည်လင်လှအောင်
ဤပြည်ထောင်ဖွား၊ ညီနောင်အားဖြင့်
တွဲထားလက်ယှက် ရှေ့သို့ဆက် . . .။

❖ အို . . . တိုင်းရင်းပီသ မှန်ပါအတည်
ရိုင်းပင်းညီကြ စံဌာနီ
ဝိုင်းဝန်းတည်ကြ မြန်မာပြည်။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

**(၇၃ နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုလျက်...)**

**(ငြိမ်းချမ်းသော မြန်မာသစ်ကဗျာများမှ)**

■ စာမျက်နှာ ၈ မှ

## ၂၀ ရာစုပင်လုံညီလာခံဖြင့် လွတ်လပ်ရေးအရယူခဲ့

ထို့ကြောင့် နယ်ချဲ့တို့၏ အခြေအနေကို သုံးသပ်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများသည် မြန်မာနိုင်ငံလွတ်လပ်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မျိုးချစ်နိုင်ငံရေးသမားများနှင့် တပ်မတော်ခေါင်းဆောင်များနှင့်အတူ မြန်မာ့နိုင်ငံရေးအင်အားစုများအတွင်း နိုင်ငံရေးအရ စုစည်းညီညွတ်မှုရရှိစေရေးအတွက် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖဆပလ)ကို တည်ထောင်ခဲ့သည်။ ထိုစဉ်က ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လှည့်လည်သွားရောက်၍ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် လွတ်လပ်ရေးကိုရယူရန် ဆွေးနွေးညှိနှိုင်းခဲ့သည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်တွင် ကျင်းပသော ဖဆပလပြည်လုံးကျွတ်ညီလာခံသဘင်ကြီး၌ **“ညီညွတ်ရေးဆိုတာ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသောရည်ရွယ်ချက်ရှိရမယ်။ တစ်တိုင်းပြည်လုံး၊ လူတစ်မျိုးလုံးရဲ့လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး၊ အဲဒီလိုတူညီတဲ့ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုးဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ်ပြောလို့ မဖြစ်ဘူး၊ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်”**... ဟူ၍ မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့သည်။ ထိုမိန့်ခွန်းပါ ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်ချက်များသည် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးအတွက် ခွန်အားသစ်များ ဖြစ်စေသည်။

နယ်ချဲ့ဗြိတိသျှအစိုးရသည် လွတ်လပ်ရေးအတွက် ဆွေးနွေးရန် အင်္ဂလန်နိုင်ငံသို့ လာရောက်ပါရန် ဖိတ်ကြားခဲ့၍ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့သည် အင်္ဂလန်နိုင်ငံသို့ သွားရောက်ကာ လွတ်လပ်ရေးအတွက် အောင်ဆန်း-အက်တလီစာချုပ် ချုပ်ဆိုရန် ဆောင်ရွက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့သည် အင်္ဂလန်နိုင်ငံနန်းရင်းဝန်အက်တလီနှင့် တွေ့ဆုံကာ လွတ်လပ်ရေးအတွက် စာချုပ်ချုပ်ဆိုရန် ပြင်ဆင်နေစဉ်မှာပင် ရှမ်းပြည်နယ်မှ စော်ဘွားအချို့က ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်နယ်သူ ပြည်နယ်သားများ၏ ကိုယ်စားလှယ်မဟုတ်ကြောင်း ဗြိတိသျှအစိုးရထံ ကြေးနန်းရိုက်အကြောင်းကြားခဲ့သည်။ ထိုကိစ္စကို ကြားသိလိုက်ရသော ရှမ်းပြည်နယ်မှ လူငယ်ခေါင်းဆောင်များဖြစ်ကြသည့် ဦးတင်အေး၊ ဦးဖေခင်၊ ဦးထွန်းမြင့် စသည်တို့က ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံ ရှမ်းပြည်နယ် ပြည်သူလူထု၏ စစ်မှန်သောကိုယ်စားလှယ်ဖြစ်ကြောင်း ထောက်ခံသည့် ကြေးနန်းတစ်စောင်ကို ချက်ချင်း အင်္ဂလန်နိုင်ငံသို့ အကြောင်းကြားလိုက်သည်။ ထိုကဲ့သို့ အချိန်မီ ကြေးနန်းရိုက်အကြောင်းကြားထောက်ခံမှုကြောင့် အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းသည် အင်္ဂလန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်ရောက်သည်နှင့်တစ်ပြိုင်နက် ရှမ်း၊ ချင်း၊ ကချင် တောင်တန်းများသို့ သွားရောက်ကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဆောင်ရွက်ခဲ့သည်။ ထိုစဉ်မှာပင် ၂၀ ရာစုပင်လုံညီလာခံဟု ခေါ်တွင်ရမည့် ပင်လုံညီလာခံသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်၌ စတင်ကျင်းပခဲ့ပြီး တိုင်းရင်းသားကိုယ်စားလှယ်များက လက်မှတ်ရေးထိုးခဲ့သော ဆုံးဖြတ်ချက်များကို ပင်လုံညီလာခံအစည်းအဝေးဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့် တောင်ပိုင်းစော်ဘွားကြီး စပ်ခွန်ပန်းစိန်က အသံလွှင့်ရုံသို့ သံကြိုးရိုက်၍ ကြေညာစေခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက် ညပိုင်း၌ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော အဖွဲ့များသည်လည်းကောင်း၊ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက် နံနက်ပိုင်းတွင် ကိုလိုနီဒိုမီနီယံဝန်ကြီး မစ္စတာဘော်တွန်လေ၊ ဦးတင်ထွဋ်၊ ဘားနက်လတ်ဒဝစ်နှင့် ညွှန်ကြားရေးဝန် ဂျွန်စလေဒင်တို့သည်လည်းကောင်း ပင်လုံမြို့သို့ ရောက်ရှိလာကြသည်။ ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ခေါင်းဆောင်များနှင့် တောင်တန်းဒေသမှ ခေါင်းဆောင်များသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက် နေ့လယ်အထိ ဆွေးနွေးတိုင်ပင်ကြပြီး လွတ်လပ်ရေးကို အတူတကွရယူကြရန် ဆုံးဖြတ်ကြသည်။ ထိုညတွင် မြန်မာပြည်နှင့် တောင်တန်းဒေသများ ပူးပေါင်းရေးအခြေခံသဘောတူညီမှုအတွက် အထိမ်းအမှတ် ပင်လုံညစာစားပွဲ ကျင်းပခဲ့သည်။ ယင်းည စာစားပွဲ၌- ဗိုလ်ချုပ်အောင်ဆန်းက **“တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်”**- ဟူ၍ တိုင်းပြည်ရှေ့ရေးအတွက် အလေးအနက်ထား မိန့်ကြားခဲ့သည်။

နောက်တစ်နေ့ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် နံနက် ၁၀ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ တိုင်းရင်းသားကိုယ်စားလှယ် ၂၃ ဦးတို့သည် ခွင့်တူညီမျှ တစည်းတလုံးတည်း နေထိုင်ကြတော့မည်ဟူသော သန္နိဋ္ဌာန်ဖြင့် ၂၀ ရာစုပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးအတွက် မနားမနေကြိုးပမ်းနေစဉ် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်၌ နယ်ချဲ့လက်ပါးစေတို့၏ လက်ချက်ကြောင့် ကျဆုံးခဲ့ရသည်။ သို့သော် ဗိုလ်ချုပ်အောင်ဆန်း၏ မူဝါဒအတိုင်း ဆက်လက်အကောင်အထည်ဖော်ခဲ့ရာ ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁၇ ရက်တွင် အင်္ဂလန်နိုင်ငံ၌ လက်မှတ်ရေးထိုးသော နု-အက်တလီ စာချုပ်ချုပ်ဆိုကာ မြန်မာနိုင်ငံ လွတ်လပ်ရေးဥပဒေကြမ်းကို ဗြိတိသျှပါလီမန်သို့ တင်သွင်းပြီးသကာလ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက်၊ ခရစ်သက္ကရာဇ် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် တနင်္ဂနွေနေ့တွင် မြန်မာ့လွတ်လပ်ရေးကြီးကို ရရှိခဲ့သည်။ တစ်နည်းဆိုရသော် (၂၀)ရာစုပင်လုံညီလာခံဖြင့် လွတ်လပ်ရေးအရယူနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

### ပြည်ထောင်စုအိပ်မက်ကို လက်တွေ့ကျကျ အတူတကွပုံဖော်ကြစို့

(၂၀)ရာစုပင်လုံညီလာခံဖြင့် လွတ်လပ်ရေးရရှိခဲ့သော်လည်း လွတ်လပ်ရေးရရှိပြီးစကာလမှာပင် လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်ခဲ့ရသည်။ လက်နက်ကိုင်ပဋိပက္ခများအား ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းဖြေရှင်းနိုင်ခဲ့ခြင်းမရှိသည့်အတွက် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများသည် နှစ်ပေါင်း ၇၀ ကျော် ယနေ့ထိတိုင်ဖြစ်ပွားလျက်ရှိသည်။ အထူးသဖြင့် (၂၁)ရာစုပင်လုံညီလာခံသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးသည့်နောက်ပိုင်း သမိုင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် အချိန်ကိုက် ပေါ်ပေါက်လာခဲ့သော ပထမဦးဆုံးနိုင်ငံရေးဆွေးနွေးပွဲစားပွဲဝိုင်းဖြစ်ခဲ့သည်။ ထိုနိုင်ငံရေးဆွေးနွေးပွဲစားပွဲဝိုင်းမှတစ်ဆင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဟူသော ပြည်ထောင်စုအိပ်မက်အဖြစ် ဘုံမျှော်မှန်းချက်အဖြစ် တညီတညွတ်တည်း ချမှတ်ခဲ့သည်။ ယင်းဘုံတူညီသော မျှော်မှန်းချက်သည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံစတုတ္ထအစည်းအဝေးတွင် ချုပ်ဆိုခဲ့သော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)ပင်ဖြစ်သည်။ ယင်းပြည်ထောင်စုအိပ်မက်ကို လက်တွေ့ကျကျ အတူတကွပုံဖော်ကြရာ၌ စုပေါင်းအင်အားဖြင့် ဆောင်ရွက်ရင်း လွတ်လပ်ရေးအခွန့်ရှည်တည်တံ့ရန် ထိန်းသိမ်းသွားရမည်ဖြစ်ပါကြောင်း (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
အမိန့်ကြော်ငြာစာအမှတ် ၂ / ၂၀၂၁
၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
( ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် )

နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် –

## ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ

### သရေစည်သူဘွဲ့

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း ၁၆၄၈၉ | ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း | | ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) |

### စည်သူဘွဲ့

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း | ၁၇၅၄၀ | ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် | ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန |
| ၂။ | ကြည်း | ၁၄၆၈၂ | ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း | ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ကြည်း | ၁၆၇၂၉ | ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် | ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန |
| ၄။ | ကြည်း | ၁၈၁၃၃ | ဗိုလ်ချုပ်ကြီးမြထွန်းဦး | ညှိနှိုင်းကွပ်ကဲရေးမှူး ( ကြည်း၊ ရေ၊ လေ )၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး |
| ၅။ | ရေ | ၁၂၈၇ | ဗိုလ်ချုပ်ကြီးတင်အောင်စန်း | ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) |
| ၆။ | လေ | ၁၉၂၅ | ဗိုလ်ချုပ်ကြီးမောင်မောင်ကျော် | ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) |
| ၇။ | ကြည်း | ၁၆၅၅၆ | ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် | အရန်အင်အား၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) |
| ၈။ | ကြည်း | ၁၇၅၀၂ | ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦး | အရန်အင်အား၊ စစ်ရေးချုပ်ရုံး |
| ၉။ | ကြည်း | ၁၆၇၆၇ | ဒုတိယဗိုလ်ချုပ်ကြီးညိုစော | အရန်အင်အား၊ စစ်ထောက်ချုပ်ရုံး |
| ၁၀။ | ကြည်း | ၁၆၄၉၃ | ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ(ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) |

## တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့

### သူရဘွဲ့

| | | | |
|---|---|---|---|
| ၁။ | တ–၅၁၄၁၅၇ | ဒုတိယတပ်ကြပ် | သက်ရှည် အမှတ် ( ၂၀၇ ) ခြေမြန်တပ်ရင်း |

## စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ

### ဇေယျကျော်ထင်ဘွဲ့

| | | | | | |
|---|---|---|---|---|---|
| ၁။ | ကြည်း | ၂၅၀၇၄ | ဒုတိယဗိုလ်ချုပ်ကြီး | ကျော်စွာလင်း | စစ်ထောက်ချုပ်၊ စစ်ထောက်ချုပ်ရုံး |
| ၂။ | ကြည်း | ၂၁၄၄၀ | ဒုတိယဗိုလ်ချုပ်ကြီး | ရဲဝင်းဦး | တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေး အရာရှိချုပ်၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ်ရုံး |
| ၃။ | ကြည်း | ၂၃၁၈၅ | ဗိုလ်ချုပ် | သောင်းထိုက်ရွှေ | တိုင်းမှူး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် |
| ၄။ | ကြည်း | ၂၂၃၈၃ | ဗိုလ်ချုပ် | ခင်လှိုင် | တိုင်းမှူး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် |
| ၅။ | ကြည်း | ၂၀၈၁၈ | ဗိုလ်ချုပ် | စိုးတင့်နိုင် | ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန |
| ၆။ | ကြည်း | ၂၂၆၀၁ | ဗိုလ်ချုပ် | ဇင်မင်းထက် | တွဲဖက်စစ်ရေးချုပ်၊ စစ်ရေးချုပ်ရုံး |
| ၇။ | ကြည်း | ၂၀၂၀၄ | ဗိုလ်ချုပ် | သိုက်စိုး | တွဲဖက်စစ်ထောက်ချုပ်၊ စစ်ထောက်ချုပ်ရုံး |
| ၈။ | ကြည်း | ၂၁၃၀၇ | ဗိုလ်ချုပ် | အောင်မျိုးသန့် | ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး |
| ၉။ | ကြည်း | ၁၇၉၆၀ | ဗိုလ်ချုပ် | ဇော်ဝင်း | ညွှန်ကြားရေးမှူး၊ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး |
| ၁၀။ | ကြည်း | ၁၈၇၉၄ | ဗိုလ်ချုပ် | ဇော်လွင်ဦး | ညွှန်ကြားရေးမှူး၊ သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး |
| ၁၁။ | ကြည်း | ၁၇၆၄၈ | ဗိုလ်ချုပ် | ထင်ကျော်သူ | ညွှန်ကြားရေးမှူး၊ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းများညွှန်ကြားရေးမှူးရုံး |
| ၁၂။ | ကြည်း | ၂၀၈၀၉ | ဗိုလ်ချုပ် | ဇော်လွင်ဦး | ညွှန်ကြားရေးမှူး၊ ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး |
| ၁၃။ | ကြည်း | ၂၁၉၁၃ | ဗိုလ်ချုပ် | ဝင်းလွင် | ညွှန်ကြားရေးမှူး၊ စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး |
| ၁၄။ | ကြည်း | ၂၀၃၉၀ | ဗိုလ်ချုပ် | အောင်မင်း | ညွှန်ကြားရေးမှူး၊ လျှပ်စစ်နှင့် စက်မှု အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး |
| ၁၅။ | ရေ | ၁၃၄၂ | ဗိုလ်ချုပ် | ဌေးနိုင် | ဌာနချုပ်မှူး၊ ရေတပ်လေ့ကျင့်ရေးဌာနချုပ် |
| ၁၆။ | ရေ | ၃၃၉၈ | ဗိုလ်ချုပ် | သန့်စင်လေး | အရန်အင်အား၊ ရေတပ်သင်္ဘောကျင်း ဌာနချုပ် |
| ၁၇။ | လေ | ၁၉၁၂ | ဗိုလ်ချုပ် | ထင်လင်း | အရန်အင်အား၊ လေယာဉ်ထုတ်လုပ် ပြင်ဆင်ရေးဌာနချုပ် |

### ဝဏ္ဏကျော်ထင်ဘွဲ့

| | | |
|---|---|---|
| ၁။ | ဦးဇော်မိုးခိုင် | ဥက္ကဋ္ဌ၊ Pacific – AA Group/ AA Medical Products Ltd |
| ၂။ | ဦးမောင်ကို | ဥက္ကဋ္ဌ၊ ထာဝရကုမ္ပဏီများအုပ်စု၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |

## တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်

### သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်

| | | | | |
|---|---|---|---|---|
| ၁။ | ကြည်း ၃၇၁၇၃ | ဗိုလ်မှူး | နေစံထွန်း | အမှတ်(၂၀၈) ခြေမြန်တပ်ရင်း |
| ၂။ | ကြည်း ၅၈၀၃၉ | ဗိုလ်ကြီး | ကျော်သန်းလွင် | အမှတ်(၂၀၈) ခြေမြန်တပ်ရင်း |
| ၃။ | ၈၆၅၂၄၆ | တပ်ကြပ်ကြီး | စိုးနိုင်ဦး | အမှတ်(၂၀၈) ခြေမြန်တပ်ရင်း |
| ၄။ | ၇၅၆၈၃၃ | တပ်ကြပ် | သိန်းဖြူ | အမှတ်(၃၇၅) ခြေမြန်တပ်ရင်း |
| ၅။ | တ–၄၂၁၀၉၈ | ဒုတိယတပ်ကြပ် | ရဲလင်းအောင် | အမှတ်(၃၇၅) ခြေမြန်တပ်ရင်း |
| ၆။ | တ–၄၂၇၂၀၃ | တပ်သား | ညီညီနိုင် | အမှတ်(၂၀၈) ခြေမြန်တပ်ရင်း |
| ၇။ | တ–၅၄၅၆၂၅ | တပ်သား | ချစ်မိုးပြည့်လျှံ | အမှတ်(၂၀၈) ခြေမြန်တပ်ရင်း |

## စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ

### လူမှုထူးချွန်တံဆိပ် ( ပထမဆင့် )

| | | |
|---|---|---|
| ၁။ | ဦးအောင်မိုး | ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |

### လူမှုထူးချွန်တံဆိပ် ( ဒုတိယဆင့် )

| | | |
|---|---|---|
| ၁။ | ဦးရှုပ | အုပ်ချုပ်မှုဒါရိုက်တာ၊ YP 7 Co, Ltd၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |

## ပညာရပ်ဆိုင်ရာထူးချွန်တံဆိပ်များ

### သိပ္ပံပညာထူးချွန်တံဆိပ် ( ပထမဆင့် )

| | | | | |
|---|---|---|---|---|
| ၁။ | ဒေါက်တာသက်လွင် | | | ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ |
| ၂။ | ဒေါက်တာမောင်မောင်ဝင့် | | | ဥက္ကဋ္ဌ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ |
| ၃။ | ဒေါက်တာဒေါ်အေးကြည် | | | အဖွဲ့ဝင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ |
| ၄။ | ဦးမောင်ကို | | | အချိန်ပိုင်းပါမောက္ခ၊ ဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ် |
| ၅။ | ကြည်း ၃၀၅၂၀ | ဒုတိယဗိုလ်မှူးကြီး | ရဲဇော်ထွေး | ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး |
| ၆။ | ကြည်း ၃၁၆၅၉ | ဒုတိယဗိုလ်မှူးကြီး | တင်ဖုန်းကျော် | တပ်မတော်သိပ္ပံနှင့် နည်းပညာသုတေသနဌာန |
| ၇။ | ကြည်း ၃၃၅၇၅ | ဒုတိယဗိုလ်မှူးကြီး | မင်းသိန်း | တပ်မတော်နည်းပညာတက္ကသိုလ် |
| ၈။ | ကြည်း ၃၄၃၁၂ | ဒုတိယဗိုလ်မှူးကြီး | ဇေယျာမျိုးမြင့် | တပ်မတော်သိပ္ပံနှင့် နည်းပညာသုတေသနဌာန |
| ၉။ | ကြည်း ၃၄၇၂၂ | ဒုတိယဗိုလ်မှူးကြီး | လှိုင်မင်းဦး | တပ်မတော်သိပ္ပံနှင့် နည်းပညာသုတေသနဌာန |
| ၁၀။ | ကြည်း ၃၄၇၈၀ | ဒုတိယဗိုလ်မှူးကြီး | ဟိန်းဝင်းဇော် | အမှတ်(၁၀)တပ်မတော်အကြီးစားစက်ရုံ |
| ၁၁။ | ကြည်း ၃၉၈၂၄ | ဗိုလ်မှူး | ကျော်ဇော်ရဲ | တပ်မတော်သိပ္ပံနှင့် နည်းပညာသုတေသနဌာန |
| ၁၂။ | ကြည်း ၃၉၉၄၈ | ဗိုလ်မှူး | ဇော်ရဲမော်ဦး | အမှတ်(၁)သတ္တုဗေဒဆိုင်ရာသုတေသနနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးတပ် |

### ဝိဇ္ဇာပညာထူးချွန်တံဆိပ် ( ပထမဆင့် )

| | | |
|---|---|---|
| ၁။ | ဒေါက်တာကျော်ဝင်း | အဖွဲ့ဝင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ |
| ၂။ | ဒေါ်ရင်မေ | အချိန်ပိုင်းပါမောက္ခ၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ် |
| ၃။ | ဒေါက်တာခင်မောင်ညွန့် | အချိန်ပိုင်းပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ် |
| ၄။ | ဒေါက်တာဒေါ်တင်တင်ထွန်း | အချိန်ပိုင်းပါမောက္ခ၊ ဒဿနိကဗေဒဌာန၊ ရန်ကုန်တက္ကသိုလ် |
| ၅။ | ဒေါက်တာဒေါ်ကြည်ကြည်လှ | အချိန်ပိုင်းပါမောက္ခ၊ ဒဿနိကဗေဒဌာန၊ ရန်ကုန်တက္ကသိုလ် |
| ၆။ | ဒေါက်တာဒေါ်မြင့်မြင့်အေး | အချိန်ပိုင်းပါမောက္ခ၊ ဒဿနိကဗေဒဌာန၊ ရန်ကုန်တက္ကသိုလ် |
| ၇။ | ဦးသီဟ | အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ |
| ၈။ | ဒေါက်တာမြင့်ကြည် | မြန်မာစာအဖွဲ့ဝင်၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန |
| ၉။ | ဒေါက်တာသန်းဦး | မြန်မာစာအဖွဲ့ဝင်၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန |
| ၁၀။ | ဒေါက်တာခင်အေး | မြန်မာစာအဖွဲ့ဝင်၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန |
| ၁၁။ | ဒေါက်တာထွန်းတင့် | မြန်မာစာအဖွဲ့ဝင်၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန |
| ၁၂။ | ဒေါက်တာဒေါ်ခင်သိန်း | မြန်မာစာအဖွဲ့ဝင်၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန |
| ၁၃။ | ဦးအောင်သောင်း | မြန်မာစာအဖွဲ့ဝင်၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန |
| ၁၄။ | ဒေါ်ရှိန်းပိုင် | မြန်မာစာအဖွဲ့ဝင်၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန |
| ၁၅။ | ဦးသိန်းလှိုင် | မြန်မာစာအဖွဲ့ဝင်၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန |

### အနုပညာထူးချွန်တံဆိပ် ( ပထမဆင့် )

| | | |
|---|---|---|
| ၁။ | ဦးစိန်မြအောင် | ဆိုင်းပညာရှင် |

(ပုံ) ဝင်းမြင့်
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အရေးပေါ်အသုံးပြုခွင့် အီဂျစ်နိုင်ငံ တရားဝင်ခွင့်ပြု



**ကိုင်ရို ဇန်နဝါရီ ၃**

အီဂျစ်နိုင်ငံ၌ တရုတ်ဆေးဝါးကုမ္ပဏီ Sinopharm မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် တရားဝင်လိုင်စင်ထုတ်ပေးလိုက်ကြောင်း အီဂျစ်ကျန်းမာရေးဝန်ကြီး ဟာလာဇေါယက်က ပြောကြားလိုက်သည်။

"ဇန်နဝါရီ ၃ ရက်မှာ အီဂျစ်ဆေးဝါးအာဏာပိုင်အဖွဲ့ (EDA) က တရားဝင်လိုင်စင်ပေးပို့ခဲ့တာဖြစ်ပါတယ်" ဟု ၎င်းက ဒေသန္တရရုပ်သံအစီအစဉ်တစ်ခုသို့ ပြောကြားသည်။ အီဂျစ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ပထမအသုတ် Sinopharm ဗိုင်းရပ်စ်ကာကွယ်ဆေးများ လက်ခံရရှိခဲ့သည်။ အီဂျစ်နိုင်ငံသည် ဒုတိယအသုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ မကြာမီရရှိမည်ဖြစ်ပြီး ယခုလနှောင်းပိုင်းတွင် ပြည်သူများကို ထိုးနှံပေးနိုင်မည်ဟု မျှော်မှန်းရသည်။

တရုတ်နှင့်အီဂျစ်နိုင်ငံတို့သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများဆိုင်ရာ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်တစ်ရပ်ကို လွန်ခဲ့သည့်နှစ်ရက်က လက်မှတ်ရေးထိုးခဲ့ကြသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားချိန်နောက်ပိုင်း အီဂျစ်နှင့် တရုတ်နိုင်ငံတို့က ဆေးဝါးအကူအညီများ ပေးအပ်မှု၊ ပညာရှင်များ အပြန်အလှန်စေလွှတ်မှုတို့ဖြင့် ဗိုင်းရပ်စ်တိုက်ဖျက်ရေးတွင် အနီးကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အီဂျစ်နိုင်ငံ၌ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ အတည်ပြုကူးစက်လူနာ ၁၄၀၈၇၈ ဦးနှင့် သေဆုံးသူ ၇၇၄၁ ဦးရှိကြောင်း ဂျွန်ဟော့ကင်းစ်တက္ကသိုလ်၏ အချက်အလက်များအရ သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**



# အစ္စရေးက ဇန်နဝါရီလကုန်တွင် ပြည်သူ နှစ်သန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးမည်

**ဂျေရုဆလင် ဇန်နဝါရီ ၃**

အစ္စရေးနိုင်ငံသည် ပြည်သူနှစ်သန်းခန့်အား ယခုလကုန်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်ကြောင်း အစ္စရေးအစိုးရက ယနေ့ ပြောကြားသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၁၉ ရက်က ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုကိုယ်တိုင် ပထမဦးဆုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူခဲ့ပြီး အစ္စရေးအစိုးရသည် အမေရိကန်နှင့်ဂျာမနီ ပူးတွဲထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို စတင်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုပြုလုပ်ရာတွင် ကျန်းမာရေးဝန်ထမ်းများနှင့် အသက် ၆၀ နှင့်အထက်ရှိ သက်ကြီးပိုင်းများမှစတင်ကာ ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဟယ်ဇီလယ်ဗီက ပြောကြားသည်။

"အခုလကုန်မှာ ပြည်သူနှစ်သန်းခန့်ကို ကိုဗစ်ကာကွယ်ဆေးနှစ်ကြိမ်စီ ထိုးနှံပေးမှာဖြစ်တယ်။ ကာကွယ်ဆေးလက်ခံရရှိတဲ့ ပြည်သူအများစုဟာ သက်ကြီးပိုင်းတွေပဲဖြစ်မှာပါ" ဟု ၎င်းက ထပ်မံပြောကြားသည်။

အစ္စရေးနိုင်ငံ၌ ဇန်နဝါရီ ၂ ရက်အထိ ပြည်သူတစ်သန်းခန့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူခဲ့ကြသည်။

ထို့ကြောင့် အစ္စရေးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုအများအပြား ဆောင်ရွက်နိုင်ခဲ့ကြောင်း ဝန်ကြီးချုပ်နေတန်ယာဟုက အုမ်အယ်လ်ဖမြို့သို့သွားရောက်လည်ပတ်စဉ် ဇန်နဝါရီ ၁ ရက်က ပြောကြားသည်။

အစ္စရေးဗဟိုစာရင်းအင်းဗျူရို၏ နှစ်ကုန်ထုတ်ပြန်ချက်အရ အစ္စရေးနိုင်ငံတွင် လူဦးရေ ၉ ဒသမ ၂၉ သန်း ရှိကြောင်း သိရသည်။

ဇန်နဝါရီ ၃ ရက်အထိ ရရှိသည့် ကိန်းဂဏန်းများအရ အစ္စရေးနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၃၅၈၆၆ ဦးရှိပြီး ယင်းတို့အနက် ၃၄၀၀ နီးပါးသည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးခဲ့ကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ထို့အပြင် ဇန်နဝါရီ ၁ ရက်က ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ အစ္စရေးနိုင်ငံတွင် ဗြိတိန်နိုင်ငံ၌ ပထမဦးဆုံးတွေ့ရှိခဲ့သည့် မျိုးဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၈ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ဂျေတီ**

# အမေရိကန်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၇၇၀၀၀ ကျော်ဖြင့် ရောဂါကူးစက်မှု စံချိန်တင်

**ဝါရှင်တန် ဇန်နဝါရီ ၃**

အမေရိကန်ပြည်ထောင်စု၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၇၀၀၀ ကျော် တွေ့ရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ ယနေ့အထိ တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအများဆုံးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်တွင် အမေရိကန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၀ ဒသမ ၄ သန်းခန့်ရှိပြီး ၎င်းတို့အနက် ၃၅၀၀၀၀ မှာ ထိုရောဂါကြောင့် သေဆုံးခဲ့ရသည်။ ယခုအခါ အမေရိကန် ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် အများဆုံး ထိခိုက်လျက်ရှိသည့်နိုင်ငံ ဖြစ်လာခဲ့သည်။

အမေရိကန်ထိပ်တန်းသိပ္ပံပညာရှင် အန်တိုနီဖော်စီက ရုံးပိတ်ရက်များအတွင်း ခရီးသွားလာမှုများကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မြင့်မားစေသည့်အတွက် ခရစ္စမတ်ပွဲတော်ပြီးနောက် အမေရိကန်ပြည်ထောင်စုတွင် အဆိုးရွားဆုံးရောဂါကူးစက်မှုဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပို့ဆောင်ရေးဆိုင်ရာ အခက်အခဲများကြုံတွေ့ရခြင်းနှင့် ဆေးရုံများတွင် ဝန်နှင့်အားမမျှအောင် ကိုဗစ်-၁၉ ရောဂါ လူနာများအား ဆေးဝါးကုသပေးနေရခြင်းတို့ကြောင့် ကိုဗစ်-၁၉ ရောဂါနှိမ်နင်းရေး ကြိုးပမ်းမှုများတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်လာခဲ့သည်။

လက်ရှိအချိန်တွင် အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၃ သန်းခန့် ဖြန့်ဖြူးခဲ့ပြီးဖြစ်ရာ ပြည်သူ ၄ ဒသမ ၂ သန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံမှုခံယူခဲ့ကြသည်။ သို့သော် အမေရိကန်၌ ကာကွယ်ဆေးလက်ခံရရှိသူပမာဏသည် ၂၀၂၀ ပြည့်နှစ်ကုန်ပိုင်းတွင် ပြည်သူသန်း ၂၀ ခန့် ကိုဗစ်ကာကွယ်ဆေးထိုးနှံပေးရန် သမ္မတဒေါ်နယ်ထရမ့်အစိုးရ၏ ကတိကဝတ်ပြုထားသော ပမာဏထက်များစွာ လျော့နည်းမှုရှိခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ ၊ ဘာသာပြန် - ဂျေတီ**





# တရုတ်နိုင်ငံ၌ ကားအပိုပစ္စည်းထုပ်ပိုးမှုနမူနာများတွင် ကိုရိုနာဗိုင်းရပ်စ်တွေ့ရှိ

**ပေကျင်း ဇန်နဝါရီ ၃**

တရုတ်နိုင်ငံ မော်တော်ကားကုမ္ပဏီတစ်ခုမှထုတ်လုပ်သော ကားအပိုပစ္စည်းထုပ်ပိုးမှု နမူနာများတွင် ကိုရိုနာဗိုင်းရပ်စ်တွေ့ရှိခဲ့ပြီးနောက် ပြည်နယ်အများစုရှိ မော်တော်ကားပစ္စည်း ထုပ်ပိုးမှုနမူနာများတွင်လည်း စစ်ဆေးမှုပြုလုပ်ခဲ့ရာ ၎င်းပစ္စည်းများတွင်လည်း ဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက တရုတ်နိုင်ငံမြောက်ပိုင်း ရှန်ဇီပြည်နယ် ဂျင်ချန်းမြို့ရှိ ကားတာယာအထုပ်များတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးစစ်ဆေးတွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် ၎င်းတာယာများကို သယ်ဆောင်လာသော မော်တော်ကားကုမ္ပဏီမှ ဝန်ထမ်းများအား သီးခြားခွဲခြားစောင့်ကြည့်မှုခံယူစေပြီး ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးခဲ့ရာ ၎င်းတို့ထံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးမတွေ့ရှိရကြောင်း သိရသည်။

တရုတ်နိုင်ငံမြောက်ပိုင်း မွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့တော်ဟိုဟွတ်၌ ကားပစ္စည်းရောင်းချသော စတိုးဆိုင်များရှိ ကားပစ္စည်းအထုပ်များထဲတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့ရကြောင်း အဆိုပါမြို့၏ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။ အဆိုပါစတိုးဆိုင်များအား အသွားအလာ ကန့်သတ်မှုချမှတ်ခဲ့ပြီး ရောဂါပိုးတွေ့ရှိသော ကားပစ္စည်းအထုပ်များအား တာဝန်ရှိသူများက သိမ်းဆည်းခဲ့သည်။

ဟူပေ၊ ရန်တိုင်း၊ လင်းယီနှင့် ရှန်ဒေါင်းပြည်နယ်များမှ မော်တော်ကားကုမ္ပဏီခွဲများရှိ ကားပစ္စည်းအထုပ်များထဲတွင်လည်း ကိုရိုနာဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ဒီဇင်ဘာလနှောင်းပိုင်းတွင် ပေကျင်းမြို့ရှိ မော်တော်ကားကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးနှင့် ကားအပိုပစ္စည်းထုပ်ပိုးမှု နမူနာများတွင် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် အခြားမြို့များရှိ မော်တော်ကားကုမ္ပဏီခွဲများမှ ဝန်ထမ်းများကိုလည်း ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ဗိုင်းရပ်စ်ကူးစက်မှု တတိယလှိုင်း ထိန်းချုပ်ထားနိုင်ပြီဟု တောင်ကိုရီးယားနိုင်ငံ ပြောကြား



**ဆိုးလ် ဇန်နဝါရီ ၃**
နှစ်သစ်ကူး အားလပ်ရာသီအတွင်း တင်းကျပ်သော အစီအမံများကြောင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု တတိယလှိုင်းကို ထိန်းချုပ်ထားနိုင်ပြီး လေးပတ်နီးပါးကြာ ဗိုင်းရပ်စ်ကူးစက်မှု အနိမ့်ဆုံးအရေအတွက်သို့ ကျဆင်းလာခဲ့ကြောင်း တောင်ကိုရီးယား ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ယနေ့ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၅၇ ဦးရှိခဲ့ရာ ကူးစက်ခံရသူ စုစုပေါင်း ၆၃၂၄၄ ဦးနှင့် သေဆုံးသူ ၉၆၂ ဦးအထိ မြင့်တက်လာခဲ့ကြောင်း ကိုရီးယား ကူးစက်ရောဂါ ထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေးအေဂျင်စီ (KDCA) က ပြောသည်။ "ကိုဗစ်-၁၉ ရောဂါ စမ်းသပ်မှုတွေကို တိုးမြှင့်လုပ်ဆောင်တာနဲ့ ခပ်ခွာခွာနေရေး အစီအမံတွေကြောင့် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု တတိယလှိုင်းကို ထိန်းချုပ်ထားနိုင်ပါပြီ" ဟု ကျန်းမာရေးဌာနမှ အကြီးတန်းအရာရှိ ဆိုယောင်ရေးက ပြောသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအခြေအနေ ကျဆင်းသွားပြီဟု ပြောရန်စောသေးသော်လည်း တောင်ကိုရီးယားနိုင်ငံက အဆိုးရွားဆုံးအခြေအနေကို ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်ကြောင်း ၎င်းက ဆိုသည်။

တစ်နိုင်ငံလုံး၌ လေးဦးထက် ပိုမစုဝေးရေး စည်းမျဉ်းနှင့် ဆိုးလ်မြို့နှင့် အိမ်နီးချင်းဒေသများ၌ ခပ်ခွာခွာနေရေး စည်းမျဉ်းများကို ဇန်နဝါရီ ၁၇ ရက်အထိ သက်တမ်းတိုးမြှင့်ရန် တောင်ကိုရီးယားအစိုးရက ယမန်နေ့တွင် ကြေညာခဲ့သည်။

**ကိုးကား - သည်စထရိတ်တိုင်းမ်**
**ဘာသာပြန် - ကျော်ထိုက်စိုး**



# အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးဘက်ဝန်ထမ်း ၂၃၇ ဦး အသက်ဆုံးရှုံးခဲ့ရ

**ဂျကာတာ ဇန်နဝါရီ ၃**
အင်ဒိုနီးရှားနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်ကျန်းမာရေးဝန်ထမ်း ၅၂ ဦး ထပ်မံသေဆုံးခဲ့ပြီးနောက် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကြောင့် ကျန်းမာရေးဝန်ထမ်း ၂၃၇ ဦးသေဆုံးခဲ့ကြောင်း အင်ဒိုနီးရှားဆေးပညာအဖွဲ့က ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက ၃၂ ဦးနှင့် အောက်တိုဘာလက ၂၄ ဦး စသည်ဖြင့် အသီးသီးသေဆုံးခဲ့ရာ ဒီဇင်ဘာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူဦးရေ ၅၂ ဦးနှင့် နှိုင်းယှဉ်ပါက ဒီဇင်ဘာလအတွင်း ရောဂါကြောင့် သေဆုံးသူ ပိုမိုများပြားသည်ကို တွေ့ရှိရသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသွားသည့် အဆိုပါ ဆေးဘက်ဝန်ထမ်း ၂၃၇ ဦးအနက် ၁၀၁ ဦးသည် အထွေထွေရောဂါကုဆရာဝန်များဖြစ်ပြီး ၁၃၁ ဦးသည် အထူးကုဆရာဝန်များဖြစ်ကာ ကျန်ငါးဦးသည် ဒေသခံဆရာဝန်များဖြစ်ကြကြောင်း သိရသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါသည် အင်ဒိုနီးရှားနိုင်ငံတစ်ဝန်း ကူးစက်ပျံ့နှံ့လျက်ရှိပြီး အရှေ့ဂျာဗားပြည်နယ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးဘက်ဝန်ထမ်း ၄၆ ဦး သေဆုံးခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံအတွင်းရှိ ပြည်နယ်နှင့် ဒေသများအနက် သေဆုံးမှုအများဆုံးဖြစ်လာခဲ့သည်။ ထို့အပြင် ဂျကာတာမြို့တွင် ၃၇ ဦး၊ အလယ်ဂျာဗားတွင် ၃၁ ဦးနှင့် မြောက်ဆူမားတြားတွင် ၂၄ ဦးစသည်ဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးဘက်ဝန်ထမ်းသေဆုံးမှု အသီးသီးရှိခဲ့သည်။

လက်ရှိအချိန်၌ အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၇၅၈၄၇၃ ဦးရှိပြီး ၎င်းတို့အနက် ၂၂၅၅၅ ဦးသည် ကိုဗစ်-၁၉ ရောဂါနှင့် ဆက်စပ်သည့် ရောဂါများကြောင့် သေဆုံးခဲ့ကြောင်း၊ သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၆၂၅၁၈ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း ဇန်နဝါရီ ၂ ရက် ညပိုင်းအထိ ရရှိထားသည့် တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# ကမ္ဘာ့အသက်ကြီးဆုံးအဘွားအို၏ ၁၁၈ နှစ်ပြည့် မွေးနေ့ကျင်းပ

**တိုကျို ဇန်နဝါရီ ၃**
သက်ရှိထင်ရှားရှိသည့် ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးအဖြစ် ဂင်းနစ်ကမ္ဘာ့စံချိန်မှတ်တမ်း၌ အသိအမှတ်ပြုခံရသည့် အဘွားအို၏ ၁၁၈ နှစ်ပြည့် မွေးနေ့အခမ်းအနားကို ယမန်နေ့တွင် ကျင်းပခဲ့သည်။

တာနာကာကာနဲအမည်ရှိ အဘွားအိုသည် ၁၉၀၃ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ဂျပန်နိုင်ငံ အနောက်ပိုင်းရှိ ဖူကူအိုကာမြို့၌ မွေးဖွားခဲ့သူဖြစ်သည်။

သက်ကြီးရွယ်အိုများ စောင့်ရှောက်သည့် ဂေဟာတစ်ခုတွင် အဘွားအိုတာနာကာ နေထိုင်လျက်ရှိသည်။


ဂျပန်နိုင်ငံတွင်း၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ပြန့်ပွားနေမှုကြောင့် အဘွားအို တာနာကာသည် ၎င်း၏ ဆွေမျိုးသားချင်းတော်စပ်သူများနှင့် တွေ့ဆုံရန် အခွင့်အလမ်း မရှိသလောက်ဖြစ်နေသည်။ အဘွားအိုသည် ကျန်းမာရေးကောင်းမွန်ကြောင်း၊ တစ်နေ့လျှင် အစာသုံးကြိမ်စားသုံးကာ လေ့ကျင့်ခန်းပြုလုပ်ကြောင်း သိရသည်။

အသက် ၁၁၈ နှစ်အရွယ်ရှိ အဘွားအို တာနာကာသည် အချိုရည်များနှင့် ချောကလက်စားသုံးရခြင်းကို နှစ်သက်သည်။ ၎င်းအနေဖြင့် အသက် ၁၂၀ ထိ ကျန်းမာစွာ နေထိုင်သွားရန် အစီအစဉ်ရှိကြောင်း အဘွားအို တာနာကာက ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - ဇော်ဝင်း**



# ဆော်ဒီအာရေဗျနိုင်ငံက နိုင်ငံအတွင်းသို့ဝင်ရောက်လာမည့် ကုန်းလမ်းနှင့် ရေလမ်းအပါအဝင် နိုင်ငံလေကြောင်းလိုင်းများ ပိတ်ထားမှု ဖြေလျှော့




**ရိယာ့ဒ် ဇန်နဝါရီ ၃**
ဆော်ဒီအာရေဗျနိုင်ငံသည် နိုင်ငံအတွင်းသို့ ဝင်ရောက်လာမည့် ကုန်းလမ်းနှင့် ရေလမ်း အပါအဝင် နိုင်ငံလေကြောင်းလိုင်းများ ပိတ်ထားမှုကို ယနေ့တွင် ဖြေလျှော့ပေးခဲ့ကြောင်း ဆော်ဒီသတင်းအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံသည် နိုင်ငံအများအပြားတွင် တွေ့ရှိရသည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကို တားဆီးရန်အတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် နိုင်ငံတကာခရီးသွားများ ဝင်ရောက်မှုကို သီတင်းပတ်နှစ်ပတ်ကြာ ပိတ်ထားခဲ့ခြင်းဖြစ်ပြီး အဆိုပါ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ တားမြစ်ချက်များကို ယနေ့နံနက် ၁၁ နာရီမှ စတင်ကာ ဖြေလျှော့ပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်တွေ့ရှိရာ နိုင်ငံများမှ နိုင်ငံသားများအနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံအတွင်းသို့ ဝင်ရောက်မည်ဆိုပါက အနည်းဆုံး ၁၄ ရက်ကြာ သီးသန့်ခွဲထား စောင့်ကြည့်မှုခံယူရမည်ဖြစ်ကြောင်းနှင့် အနည်းဆုံး ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စမ်းသပ်မှုတစ်ကြိမ် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ထို့ပြင် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်တွေ့ရှိရာ နိုင်ငံများမှ ပြန်လာမည့်ဆော်ဒီအာရေဗျနိုင်ငံသားများသည်လည်း နိုင်ငံအတွင်းသို့ ရောက်ရှိပြီးနောက် ၁၄ ရက်ကြာ သီးသန့်ခွဲထားစောင့်ကြည့်မှုခံရယူရမည်ဖြစ်ကာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စမ်းသပ်မှုနှစ်ကြိမ်လုပ်ဆောင်ရမည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနက ဆက်လက်ပြောကြားခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ပထမဆုံး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူကို တွေ့ရှိခဲ့သည်။ ဆော်ဒီအာရေဗျနိုင်ငံသည် ယင်းအချိန်မှစတင်ကာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုထိန်းချုပ်ရန် တစ်နှစ်နီးပါးကြာ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် လက်ရှိတွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါနေ့စဉ်ကူးစက်မှု အနည်းဆုံးအရေအတွက် ၂၀၀ ဝန်းကျင်အထိ လျှော့ချနိုင်ခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်မျိုးကို သုံးစွဲရန် အတည်ပြု




**နယူးဒေလီ ဇန်နဝါရီ ၃**
အိန္ဒိယနိုင်ငံက ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်မျိုးကို အရေးပေါ်သုံးစွဲခွင့် ပြုလိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဗြိတိန်ဆေးဝါးကုမ္ပဏီ AstraZeneca နှင့် အောက်စဖို့ဒ်တက္ကသိုလ်တို့ ပူးပေါင်းထုတ်လုပ်သည့် AstraZeneca ကာကွယ်ဆေးနှင့် အိန္ဒိယဆေးဝါးကုမ္ပဏီ Bharat Biotech၏ ကာကွယ်ဆေးတို့ကို အိန္ဒိယဆေးဘက်ကျွမ်းကျင်ပညာရှင်များက နိုင်ငံအတွင်းသုံးစွဲခွင့်ကို ယနေ့ အတည်ပြုပေးခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိအချိန်အထိ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀ ဒသမ ၃ သန်းကျော်ရှိပြီး အမေရိကန်နိုင်ငံပြီးနောက် ဗိုင်းရပ်စ်ကူးစက်ခံရမှုအများဆုံး နိုင်ငံဖြစ်သည်။ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို နိုင်ငံအတွင်း မကြာမီစတင်တော့မည်ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများကို ဦးစားပေးထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။ နွေရာသီကာလမတိုင်မီ ပြည်သူ သန်း ၃၀၀ အား ကာကွယ်ဆေး ထိုးနှံပေးရန် အိန္ဒိယအစိုးရက စီစဉ်ထားသည်။

အိန္ဒိယဆေးဘက်ကျွမ်းကျင်ပညာရှင်များက အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်မျိုးကို သုံးစွဲခွင့်ပြုပေးခဲ့ခြင်းအပေါ် ကြိုဆိုပါကြောင်းနှင့် နိုင်ငံအတွက် မျှော်လင့်ချက်ရောင်ခြည်သန်းလာပြီဖြစ်ကြောင်း ဝန်ကြီးချုပ်မိုဒီက ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားခဲ့သည်။

AstraZeneca-Oxford ကာကွယ်ဆေးကို အိန္ဒိယ ဆီယမ် အင်စတီကျုက အိန္ဒိယနိုင်ငံအတွင်း၌ ထုတ်လုပ်လျက်ရှိပြီး ကနဦး အနေဖြင့် ကာကွယ်ဆေး သန်း ၅၀ ခန့် ထုတ်လုပ်ပြီးဖြစ်သည်။ ၂၀၂၁ ခုနှစ်နှောင်းပိုင်းမတိုင်မီ ကာကွယ်ဆေး သန်း ၁၀၀ ခန့် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဗြိတိန်နိုင်ငံ၌ ငါးရက်ဆက်တိုက် ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ အရေအတွက် ၅၀၀၀၀ ကျော် ရှိလာခဲ့

**လန်ဒန် ဇန်နဝါရီ ၃**
ဗြိတိန်နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများ ဆက်လက်မြင့်တက်လျက်ရှိရာ နေ့စဉ်ကူးစက်ခံရသူ အရေအတွက် ၅၀၀၀၀ ကျော်အထိ ရောက်ရှိခဲ့သည်မှာ ငါးရက်ဆက်တိုက်ရှိပြီဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးအာဏာပိုင်များက နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကာကွယ်ဆေးစည်းမျဉ်းများ ချမှတ်လျက်ရှိသော်လည်း ယမန်နေ့ တစ်ရက်တည်းတွင် ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၅၇၇၂၅ ဦး တွေ့ရှိခဲ့သည်။

လန်ဒန်မြို့အပါအဝင် ဗြိတိန်နိုင်ငံ အရှေ့တောင်ဘက်ပိုင်းတွင် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့လျက်ရှိသည့်အတွက် ပြည်သူများအား နေအိမ်အတွင်းမှာသာ နေထိုင်ကြရန်နှင့် ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများ လိုက်နာကြရန် ကျန်းမာရေးအာဏာပိုင်များက တိုက်တွန်းပြောကြားထားသည်။

ထို့ပြင် လန်ဒန်မြို့ရှိ ဆေးရုံများတွင် ခုတင်များ ပြတ်လပ်လျက်ရှိသည့်အတွက် လူနာများအား မြို့ပြင်ရှိ ဆေးရုံများသို့ လွှဲပြောင်းပေးရသည့် အခြေအနေများနှင့် ကြုံနေရသည်။ လန်ဒန်မြို့ရှိ မူလတန်းကျောင်းများအား ဆေးရုံများအဖြစ် ပြောင်းလဲအသုံးပြုလျက်ရှိသည်။

ဗြိတိန်နိုင်ငံက အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို လွန်ခဲ့သောလတွင် စတင်ခဲ့သည်။ ထို့ပြင် ဗြိတိန်ဆေးဝါးကုမ္ပဏီ AstraZeneca နှင့် အောက်စဖို့ဒ်တက္ကသိုလ်တို့ ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဇန်နဝါရီ ၄ ရက်တွင် စတင်ထိုးနှံပေးမည်ဖြစ်သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**




# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၀ ဒသမ ၃ သန်းကျော်ရှိလာ

**နယူးဒေလီ ဇန်နဝါရီ ၃**
အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၁၇၇ ဦး ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၀၃၂၃၉၆၅ ဦး ရှိလာခဲ့ကြောင်း အိန္ဒိယနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံတစ်ဝန်းတွင် လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၁၇ ဦး ရှိခဲ့ခြင်းကြောင့် သေဆုံးသူစုစုပေါင်း ၁၄၉၄၃၅ ဦး ရှိလာခဲ့ကြောင်းလည်း အဆိုပါကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

အိန္ဒိယနိုင်ငံ၌ ဆေးဝါးကုသမှုခံယူပြီးနောက် ပြန်လည်ကျန်းမာလာ၍ ဆေးရုံများမှဆင်းခွင့်ရရှိသူ ၉၉၂၇၃၁၀ ဦးရှိခဲ့ခြင်းကြောင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲ လူနာ ၂၄၇၂၂၀ သာ ကျန်ရှိတော့ကြောင်း သိရသည်။

မြို့တော်နယူးဒေလီသည် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်သေဆုံးမှု အများဆုံးမြို့ဖြစ်ပြီး လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၉၄ ဦးနှင့် သေဆုံးသူ ၁၄ ဦးရှိခဲ့ခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၀၅၇၁ ဦးအထိ ရှိသွားပြီဖြစ်ကြောင်း နယူးဒေလီမြို့ ကျန်းမာရေးဌာနက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# အင်ဒိုနီးရှားနိုင်ငံက Sinovac ဗိုင်းရပ်စ်ကာကွယ်ဆေး ဖြန့်ဖြူးမှု စတင်

**ဂျကာတာ ဇန်နဝါရီ ၃**
အင်ဒိုနီးရှားနိုင်ငံက တရုတ်နိုင်ငံ Sinovac Biotech Ltd မှထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ပြည်နယ် ၃၄ ခုသို့ ဖြန့်ဖြူးမှုကို ယနေ့ စတင်လိုက်ကြောင်း သိရသည်။



ကျန်းမာရေးဝန် ကြီးဌာနက ကာကွယ်ဆေးဖြန့်ဖြူးမှု ဆောင်ရွက်ကြောင်း အဆိုပါဝန်ကြီးဌာန ကာကွယ်ဆေးဆိုင်ရာ ပြောရေးဆိုခွင့်ရအမျိုးသမီး ဆီတီနာဒီရာတာ မီဇီက ပြောသည်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာနက Sinovac ကာကွယ်ဆေးကို အတည်ပြုပြီး အရေးပေါ် အသုံးပြုခွင့်ပြုပြီးနောက် အင်ဒိုနီးရှားနိုင်ငံက ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို စတင်မည်ဟု ၎င်းက ပြောသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ဗိုင်းရပ်စ် ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်သည် ၁၅ လဝန်းကျင် ကြာမြင့်မည်ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်း ၁ ဒသမ ၃ သန်းကို ဦးစားပေး၍ ကာကွယ်ဆေး ထိုးနှံပေးမည်ဟု ကျန်းမာရေးဝန်ကြီး ဘူဒီဂူနာဒီဆာဒီကင်က ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ၌ ဇန်နဝါရီ ၂ ရက်အထိ ကိုရိုနာဗိုင်းရပ်စ် အတည်ပြုကူးစက်မှု ၇၅၈၀၀၀ ကျော်နှင့် သေဆုံးသူ ၂၂၅၅၅ ဦးရှိကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံက AstraZeneca Plc၊ Novavax Inc တို့ကဲ့သို့သော ဆေးဝါးကုမ္ပဏီများနှင့် ကာကွယ်ဆေးဝယ်ယူရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့သလို ပြည်သူ ၂၆၈ သန်းကို ထိုးနှံပေးရန် ပြည်တွင်း၌ ဗိုင်းရပ်စ်ကာကွယ်ဆေးများ ထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိသည်။

**ကိုးကား-ဘလွန်းဘာဂ်**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ သုံးသိန်းခွဲကျော် ရှိလာ

**နယူးယောက် ဇန်နဝါရီ ၃**
အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုကြောင့် သေဆုံးသူ စုစုပေါင်း သုံးသိန်းခွဲကျော်အထိ ရှိလာခဲ့ကြောင်း အမေရိကန်နိုင်ငံအခြေစိုက် ဂျွန်ဟော့ကင်းစ်တက္ကသိုလ်က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံ တစ်ဝန်းတွင် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၂၂ မိနစ်အချိန်အထိ ဂျွန်ဟော့ကင်းစ်တက္ကသိုလ်မှ ရရှိသည့် အချက်အလက်များအရ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၀ ဒသမ ၄ သန်းကျော်နှင့် သေဆုံးသူ ၃၅၀၁၈၆ ဦးအထိ ရှိလာခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

အမေရိကန်နိုင်ငံ၏ ပြည်နယ်အဆင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုစာရင်းတွင် နယူးယောက်ပြည်နယ်သည် ၃၈၂၇၃ ဖြင့် သေဆုံးမှု အများဆုံးပြည်နယ်အဖြစ် ရပ်တည်လျက်ရှိပြီး တက္ကဆက်ပြည်နယ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၈၃၃၈ ဖြင့် ဒုတိယအများဆုံး၊ ကယ်လီဖိုးနီးယားပြည်နယ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၆၅၄၂ ဖြင့် တတိယအများဆုံး၊ ဖလော်ရီဒါပြည်နယ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၁၈၉၀ ဖြင့် စတုတ္ထအများဆုံး အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ တစ်သောင်းကျော်ရှိသည့် ပြည်နယ်များစာရင်းတွင်မူ နယူးဂျာစီ၊ အီလီနွိုက်၊ ပန်ဆယ်ဗေးနီးယား၊ မီချီဂန်၊ မက်ဆာချူးဆက်နှင့် ဂျော်ဂျီယာပြည်နယ်တို့ ပါဝင်ကြောင်း သိရသည်။


အမေရိကန်နိုင်ငံသည် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် သေဆုံးမှု အများဆုံးနိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက်ရှိပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုသည် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှု၏ ၂၄ ရာခိုင်နှုန်းကျော် ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင်မူ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှု၏ ၁၉ ရာခိုင်နှုန်းကျော်ရှိကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

■

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၈၅၀၅၈၀၆၀ | ဦး |
| သေဆုံးသူ | ၁၈၄၅၂၉၅ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၆၀၂၀၃၉၇၇ | ဦး |

# ပြည်ကြီးတံခွန်၊ ကျောက်ဆည်နှင့် ရှာင်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



မမိုးမိုးဇင်အောင်(ခ)ကုလားမ၊ ကျော်မင်းဦး(ခ)ကျော်ဦး၊ စိုးလွင်(ခ) ကရီမွတ်တင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁ ရက် ညနေ ၄ နာရီက ပြည်ကြီးတံခွန်မြို့နယ်(ဆ)ရပ်ကွက်အတွင်းရှိလမ်းတွင် ကျော်မင်းဦး (ခ) ကျော်ဦး မောင်းနှင်ပြီး မမိုးမိုးဇင်အောင်(ခ)ကုလားမလိုက်ပါလာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၀ ကိုလည်းကောင်း၊ ကွင်းဆက်အရ ညနေ ၅ နာရီတွင် ကျောက်ဆည်မြို့နယ် လက်ပံကျေးရွာနေ စိုးလွင်(ခ)ကရီမွတ်တင်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၂၀ ကို လည်းကောင်း။

ထို့အတူ ဇန်နဝါရီ ၂ ရက် ည ၈ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ရှာင်မြို့နယ် ကျန်တောကျေးရွာအုပ်စု တပ်ကုန်းကျေးရွာအနီး အောင်ပန်း-ရှာင်သွား ကားလမ်းတွင် မြအောင်မောင်းနှင်ပြီး အောင်မြင့်မြတ်လိုက်ပါလာသော မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ပင်လည်ဘူးမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ကသာ ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်တွင် အမျိုးသမီးနှစ်ဦးထံမှ မူးယစ်ဆေးဝါးနှင့် စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၃ နာရီခန့်က ပင်လည်ဘူးမြို့နယ် မြေလင်းရဲကင်းမှူး ဒုရဲအုပ် ရန်မိုးအောင်နှင့်အဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ပင်လည်ဘူးမြို့နယ် ရှင်ဖာကျေးရွာ အရှေ့တောင်ဘက်ရှိ ရှင်ဖာကျေးရွာနှင့် ကဘာကျေးရွာ ချင်းဆက်တောလမ်း၌ စောင့်ဆိုင်းနေစဉ် ရှင်ဖာကျေးရွာမှ ကဘာကျေးရွာသို့ လမ်းလျှောက်လာသည့် ရှင်ဖာကျေးရွာနေ မသေးနှင့်မခင်အေးတို့နှစ်ဦးအား ရှာဖွေစစ်ဆေးရာ မသေး လွယ်ထားသော ဘေးလွယ်အိတ်အတွင်းမှ ဘိန်းဖြူဟုယူဆရသော ဖြူ/ ဝါရောင်အမှုန့် ဂရမ် ၈၀ ခန့်၊ အပြာရောင် ကပ်ခွာအိတ်များဖြင့် ထည့်ထားသော စိတ်ကြွရူးသွပ်ဆေးပြား ၃၁၀၊ စိတ်ကြွရူးသွပ်ဆေးပြား ၉၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ တို့အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်နှင့်ပတ်သက်၍ မသေးနှင့် မခင်အေးတို့အား ပင်လည်ဘူးရဲစခန်းက အရေးယူထားကြောင်း သိရသည်။

အေးမြသက်ထား




# ညောင်တုန်းသမဝါယမအသင်းစု ရေထွက်ကုန်ပစ္စည်းများ ကူညီရောင်းချ ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိ

**ညောင်တုန်း ဇန်နဝါရီ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် သမဝါယမဦးစီးဌာနနှင့် ညောင်တုန်းမြို့နယ် သမဝါယမအသင်းစုတို့သည် ကိုဗစ်-၁၉ ဖြစ်ပွားစဉ်ကာလအတွင်း ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုအခက်အခဲများကို ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် ပျဉ်းမချောင်း စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း၏ အသင်းသားပိုင် ငါးကန်မှ ငါးမြစ်ချင်းပိဿာချိန် ၁၅၀ ကို ဝယ်ယူ၍ တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀ နှုန်းဖြင့် No Profit, No Loss ဟူသော သမဝါယမမူအတိုင်း မြို့နယ်အတွင်းရှိ သမဝါယမအသင်းသားပြည်သူများထံ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။ ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ ရွှေပိတောက်ငါးဈေးကြီးသို့ ငါးမုတ် ပိဿာချိန် ၇၀၀၊ ငါးမြစ်ချင်းပိဿာချိန် ၁၂၀၀၊ ငါးခေါင်းပွ ပိဿာချိန် ၁၀၀၊ ရွှေငါးကြင်းပိဿာချိန် ၁၂၀ စုစုပေါင်း ငါးပိဿာချိန် ၂၁၂၀ ကို တစ်ပြိုင်တည်းတင်ပို့ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မရမ်းကုန်းမြို့နယ်ရှိ ဗဟိုကာကွယ်ဆေး သိုလှောင်ရေးအအေးခန်းမှ ဆေးဝါးများ ခိုးယူသူနှင့် ရောင်းချပေးသူများ ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၃**

မရမ်းကုန်းမြို့နယ် (၃) ရပ်ကွက် မင်းဓမ္မလမ်း အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ ဗဟိုကာကွယ်ဆေး သိုလှောင်ရေးအအေးခန်းအတွင်း ထားရှိသော ရေခဲသေတ္တာအမှတ် BC 2 အတွင်းမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြန့်ဖြူးထားခြင်းလုံးဝမရှိသေးသော သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးပုလင်းပေါင်း ၁၉၀၅၅၂ ပုလင်းအနက် ၅၈၁၀ နှင့် အသည်းရောင်အသားဝါ ဘီ ကာကွယ်ဆေးအလုံး ၄၈၀၊ ပြင်းထန်အဆုတ်ရောင် ကာကွယ်ဆေးအလုံး ၇၀၀ (စုစုပေါင်းတန်ဖိုးငွေ ၄၆၀၈၁၇၆၈ ကျပ်) မှာ ပျောက်ဆုံးနေကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးအအေးခန်းမှူးဦးစီးအရာရှိက ခိုးယူသွားသူအား စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ်မြေရဲစခန်းသို့ အမှုဖွင့် တိုင်တန်းမှုဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ အထူးအမှုစစ်အဖွဲ့က ဆေးပစ္စည်းအရောင်းဆိုင်များအား လိုက်လံစုံစမ်းခဲ့ရာ ပန်းဘဲတန်းမြို့နယ် (၄) ရပ်ကွက် (၂၇/အပေါ်) လမ်း တိုက်(၂၀၂) (ပ) ထပ်နေ တင်အေး (ခ)မိုဟာမတ်အီလီယက်(ခ) တင်လှ၏ ဆေးဆိုင်တွင် ရောင်းချကြောင်း စုံစမ်းသိရှိရသဖြင့် ၂၉-၁၂-၂၀၂၀ ရက်တွင် တင်အေး(ခ)မိုဟာမတ်အီလီယက်(ခ)တင်လှ၏ ဆေးဆိုင်အား ဝင်ရောက်ရှာဖွေရာ Lot No – T013330 ပါ သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေး ၆၄၃ လုံး သိမ်းဆည်းရမိခဲ့သည်။ တင်အေး(ခ)မိုဟာမတ်အီလီယက်(ခ) တင်လှအား စစ်မေးရာ သာကေတမြို့နယ် ရှုခင်းသာအိမ်ရာနေ စိုးမြင့်(ခ)စလိုဒါဂျူးက လာရောက်ရောင်းချခြင်းဖြစ်ကြောင်း ထွက်ဆိုချက်အရ စိုးမြင့်(ခ)စလိုဒါဂျူးအား အမှုဖြင့် ဖမ်းဆီးစစ်ဆေးရာ ဆိပ်ကြီးခနောင်တိုမြို့နယ် ပန်းပင်ချောင်ရပ်ကွက် သစ်ခွမြိုင်လမ်း အမှတ်(၅၇)နေ ဝဏ္ဏထွန်းက ရောင်းခိုင်းခြင်းဖြစ်ကြောင်း ထွက်ဆိုစစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဝဏ္ဏထွန်းပါ သုံးဦးအား အမှုဖြင့် ဖမ်းဆီးပြီး တိုက်ဆိုင်စစ်ဆေးရာ ဝဏ္ဏထွန်းက Lot No–T013330 ပါ သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးအလုံး ၅၈၁၀၊ အသည်းရောင်အသားဝါ ဘီ ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင် ကာကွယ်ဆေးတို့အား ခိုးယူပြီး စိုးမြင့်(ခ)စလိုဒါဂျူးအား ရောင်းချခိုင်းခြင်းဖြစ်ကြောင်း၊ စိုးမြင့်(ခ)စလိုဒါဂျူးက သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးများအား ဆေးဝါးရောင်းချသူ တင်အေး(ခ)မိုဟာမတ်အီလီယက်(ခ)တင်လှ၊ သန်းထွန်း(ခ) အီမရမ်း(ခ) စာကလေး၊ အောင်နေဦးနှင့် စလင်းတို့ထံ ရောင်းချခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ ပျောက်ဆုံးသားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေး ၅၅၁၃ လုံး၊ အသည်းရောင်အသားဝါဘီ ကာကွယ်ဆေးအလုံး ၄၈၀၊ ပြင်းထန်အဆုတ်ရောင် ကာကွယ်ဆေးအလုံး ၇၀၀ အား ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ပြစ်မှုကျူးလွန်သူ ဝဏ္ဏထွန်းပါ ခြောက်ဦးအား ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ပြစ်မှုကျူးလွန်သူ စလင်း၊ အောင်နေဦး၊ ဝဏ္ဏထွန်း၊ စလိုဒါဂျူး၊ မိုဟာမတ် အီလီယက်၊ အီမရမ်း (ဝဲ မှ ယာ) တို့အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၃-၁-၂၀၂၁) ရက်နေ့၊ ညနေ (၅:၀၀)နာရီ**

၁။ (၂၃-၃-၂၀၂၀)ရက်နေ့မှ (၂-၁-၂၀၂၁) ရက်နေ့အထိ တွေ့ရှိရသော **ဓာတ်ခွဲအတည်ပြုလူနာ (၁၂၅,၆၁၆) ဦး**၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | (၂၃-၃-၂၀) မှ (၂-၁-၂၁) အထိ | (၂၀၂၀) ပြည့်နှစ်၊ ဒီဇင်ဘာလ စုစုပေါင်း | (၁-၁-၂၁) မှ (၂-၁-၂၁) အထိ | (၂-၁-၂၁) |
|---|---|---|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး (၄၃ မြို့နယ်ဖြစ်) | မင်္ဂလာဒုံ | ၅,၈၄၃ | ၁,၂၅၆ | ၂၂ | ၁၃ |
| | | မြောက်ဥက္ကလာပ | ၅,၆၁၆ | ၁,၀၈၉ | ၂၃ | ၁၁ |
| | | လှိုင်သာယာ | ၄,၇၇၃ | ၇၄၄ | ၇ | ၃ |
| | | အင်းစိန် | ၄,၅၂၉ | ၈၇၀ | ၂၉ | ၂၈ |
| | | သင်္ဃန်းကျွန်း | ၄,၃၆၀ | ၈၀၈ | ၂၈ | ၂၂ |
| | | ရွှေပြည်သာ | ၃,၇၄၂ | ၉၀၀ | ၁၀ | ၈ |
| | | မရမ်းကုန်း | ၃,၇၃၈ | ၇၈၂ | ၁၂ | ၆ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၃,၀၈၅ | ၈၈၅ | ၂၀ | ၆ |
| | | လှိုင် | ၂,၉၁၀ | ၅၇၀ | ၁၄ | ၁၁ |
| | | တာမွေ | ၂,၉၀၂ | ၅၂၃ | ၁၅ | ၁၀ |
| | | တောင်ဥက္ကလာပ | ၂,၈၇၄ | ၅၂၄ | ၅ | ၃ |
| | | သန်လျင် | ၂,၇၉၂ | ၄၁၉ | ၆ | ၁ |
| | | ကမာရွတ် | ၂,၃၆၇ | ၄၃၀ | ၅ | ၄ |
| | | သာကေတ | ၂,၃၃၈ | ၄၅၆ | ၉ | ၆ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂,၂၀၀ | ၅၅၆ | ၂၃ | ၁၉ |
| | | ကြည့်မြင်တိုင် | ၂,၀၀၁ | ၂၈၃ | ၃ | ၃ |
| | | မှော်ဘီ | ၁,၉၈၀ | ၇၂၆ | ၃၂ | ၁၀ |
| | | စမ်းချောင်း | ၁,၉၅၅ | ၃၆၅ | ၅ | ၃ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁,၈၀၀ | ၄၄၈ | ၆ | ၂ |
| | | မင်္ဂလာတောင်ညွန့် | ၁,၇၉၄ | ၂၀၀ | ၇ | ၅ |
| | | ဗဟန်း | ၁,၅၀၀ | ၂၀၈ | ၆ | ၄ |
| | | ဒလ | ၁,၄၀၃ | ၉၄ | ၂ | ၂ |
| | | လမ်းမတော် | ၁,၂၃၈ | ၁၇၈ | ၁ | ၁ |
| | | ရန်ကင်း | ၁,၂၃၇ | ၁၇၈ | ၇ | ၃ |
| | | ဒဂုံဆိပ်ကမ်း | ၁,၂၂၆ | ၂၆၅ | ၁ | ၁ |
| | | ဗိုလ်တထောင် | ၁,၁၇၅ | ၂၃၃ | ၆ | ၃ |
| | | ဒေါပုံ | ၁,၀၇၇ | ၁၈၂ | ၆ | ၆ |
| | | အလုံ | ၁,၀၆၀ | ၁၂၈ | ၆ | ၆ |
| | | လှည်းကူး | ၁,၀၂၉ | ၄၀၁ | ၀ | ၀ |
| | | တွံတေး | ၈၉၈ | ၇၈ | ၀ | ၀ |
| | | ကျောက်တန်း | ၈၄၄ | ၂၂၇ | ၁၀ | ၁၀ |
| | | ပန်းဘဲတန်း | ၈၆၀ | ၅၈ | ၀ | ၀ |
| | | ပုဇွန်တောင် | ၇၉၉ | ၃၃၂ | ၄ | ၂ |
| | | လသာ | ၇၆၂ | ၁၀၆ | ၁ | ၁ |
| | | ဒဂုံ | ၆၇၇ | ၁၀၇ | ၃ | ၁ |
| | | တိုက်ကြီး | ၆၃၅ | ၃၄၀ | ၄ | ၃ |
| | | ထန်းတပင် | ၆၃၂ | ၁၈၂ | ၃ | ၃ |
| | | ကျောက်တံတား | ၆၂၄ | ၁၈၅ | ၄ | ၃ |
| | | ဆိပ်ကြီးခနောင်တို | ၄၂၇ | ၈၃ | ၀ | ၀ |
| | | ခရမ်း | ၄၂၉ | ၉၂ | ၂ | ၂ |
| | | သုံးခွ | ၄၁၁ | ၁၃၇ | ၃ | ၂ |
| | | ကော့မှူး | ၃၁၃ | ၈၄ | ၁ | ၀ |
| | | ကွမ်းခြံကုန်း | ၂၈၀ | ၃၈ | ၁ | ၀ |
| | | * | ၂၁ | | ၀ | ၀ |
| | | **စုစုပေါင်း** | **၈၃,၂၆၇** | **၁၆,၃၂၈** | **၃၅၅** | **၂၀၇** |
| ၂။ | မန္တလေးတိုင်းဒေသကြီး (၂၈ မြို့နယ်ဖြစ်) | ချမ်းအေးသာစံ | ၂,၄၃၉ | ၁,၁၉၀ | ၃၄ | ၂၂ |
| | | မဟာအောင်မြေ | ၂,၂၈၀ | ၁,၂၂၀ | ၂၂ | ၁၅ |
| | | အောင်မြေသာဇံ | ၂,၃၅၁ | ၁,၃၇၀ | ၂၄ | ၁၁ |
| | | ချမ်းမြသာစည် | ၁,၆၇၇ | ၁,၁၅၀ | ၃၄ | ၂၄ |
| | | အမရပူရ | ၁,၄၄၄ | ၆၅၀ | ၃၀ | ၁၉ |
| | | ပြည်ကြီးတံခွန် | ၈၁၁ | ၄၅၄ | ၁၅ | ၁၄ |
| | | ပုသိမ်ကြီး | ၅၄၁ | ၂၄၀ | ၁၆ | ၁၂ |
| | | မြင်းခြံ | ၃၉၈ | ၂၄၃ | ၁၂ | ၆ |
| | | စဉ့်ကိုင် | ၂၆၆ | ၁၈၃ | ၀ | ၀ |
| | | မိတ္ထီလာ | ၂၄၃ | ၇၃ | ၂ | ၂ |
| | | တောင်သာ | ၁၇၀ | ၇၅ | ၅ | ၄ |
| | | ပြင်ဦးလွင် | ၁၅၉ | ၁၂၆ | ၀ | ၀ |
| | | ကျောက်ဆည် | ၁၅၃ | ၁၀၈ | ၉ | ၉ |
| | | ညောင်ဦး | ၁၇၇ | ၃၁ | ၀ | ၀ |
| | | ကျောက်ပန်းတောင်း | ၁၁၄ | ၃၈ | ၀ | ၀ |
| | | သာစည် | ၁၀၀ | ၁၄ | ၀ | ၀ |
| | | ပျော်ဘွယ် | ၁၀၄ | ၄၃ | ၀ | ၀ |
| | | မတ္တရာ | ၉၆ | ၅၆ | ၀ | ၀ |
| | | ရမည်းသင်း | ၈၉ | ၂၂ | ၀ | ၀ |
| | | နွားထိုးကြီး | ၈၇ | ၄၃ | ၂ | ၀ |
| | | မြစ်သား | ၇၆ | ၃၈ | ၀ | ၀ |
| | | ဝမ်းတွင်း | ၇၀ | ၂၆ | ၂ | ၂ |
| | | တံတားဦး | ၆၈ | ၃၂ | ၀ | ၀ |
| | | ငါန်းဇွန် | ၆၈ | ၃၈ | ၂ | ၂ |
| | | မလှိုင် | ၄၂ | ၁၂ | ၀ | ၀ |
| | | မိုးကုတ် | ၄၀ | ၁၆ | ၁ | ၀ |
| | | သပိတ်ကျင်း | ၃၃ | ၂၃ | ၀ | ၀ |
| | | စဉ့်ကူး | ၁၀ | ၄ | ၀ | ၀ |
| | | **စုစုပေါင်း** | **၁၃,၉၄၄** | **၇,၆၉၆** | **၂၀၂** | **၁၄၃** |
| ၃။ | ပဲခူးတိုင်းဒေသကြီး (၂၈ မြို့နယ်ဖြစ်) | ပဲခူး | ၂,၇၂၆ | ၁,၂၃၈ | ၆၉ | ၂၆ |
| | | သာယာဝတီ | ၄၉၀ | ၉၀ | ၁ | ၁ |
| | | လက်ပံတန်း | ၄၄၈ | ၉၃ | ၁၃ | ၂ |
| | | ဝေါ | ၄၁၉ | ၇၀ | ၀ | ၀ |
| | | ကဝ | ၃၇၀ | ၆၀ | ၀ | ၀ |
| | | ဖြူး | ၃၆၂ | ၁၀၆ | ၈ | ၄ |
| | | ကျောက်တံခါး | ၃၁၇ | ၁၉ | ၂ | ၂ |
| | | မင်းလှ | ၂၂၈ | ၃၀ | ၀ | ၀ |
| | | ညောင်လေးပင် | ၂၂၁ | ၄၃ | ၇ | ၄ |
| | | ဒိုက်ဦး | ၂၀၄ | ၅၂ | ၂ | ၁ |
| | | ပြည် | ၁၉၈ | ၆၄ | ၅ | ၁ |
| | | အုတ်ဖို | ၁၈၆ | ၄၆ | ၁ | ၀ |
| | | တောင်ငူ | ၁၇၇ | ၃၇ | ၀ | ၀ |
| | | ရေတာရှည် | ၁၆၆ | ၅၄ | ၀ | ၀ |
| | | သနပ်ပင် | ၁၆၅ | ၇၃ | ၀ | ၀ |
| | | ရွှေတောင် | ၁၆၅ | ၇၀ | ၀ | ၀ |
| | | နတ်တလင်း | ၁၂၃ | ၁၆ | ၀ | ၀ |
| | | ကြို့ပင်ကောက် | ၁၂၂ | ၂၆ | ၀ | ၀ |
| | | မိုးညို | ၁၁၃ | ၁၉ | ၀ | ၀ |
| | | ပေါင်းတည် | ၁၁၂ | ၆၅ | ၁ | ၀ |
| | | အုတ်တွင်း | ၁၀၉ | ၂၁ | ၁ | ၁ |
| | | ပန်းတောင်း | ၉၉ | ၄၄ | ၀ | ၀ |
| | | သဲကုန်း | ၉၄ | ၂၂ | ၀ | ၀ |
| | | ဇီးကုန်း | ၇၇ | ၂၆ | ၀ | ၀ |
| | | ရွှေကျင် | ၆၁ | ၁၆ | ၀ | ၀ |
| | | ကျောက်ကြီး | ၄၆ | ၁၀ | ၀ | ၀ |
| | | ထန်းတပင် | ၄၅ | ၈ | ၀ | ၀ |
| | | ပေါက်ခေါင်း | ၄၅ | ၈ | ၀ | ၀ |
| | | **စုစုပေါင်း** | **၇,၈၈၉** | **၂,၄၇၁** | **၁၀၀** | **၄၁** |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး (၂၆ မြို့နယ်ဖြစ်) | ပုသိမ် | ၆၃၀ | ၃၀၈ | ၂၃ | ၁၅ |
| | | မအူပင် | ၅၅၈ | ၈၈ | ၂ | ၀ |
| | | ဟင်္သာတ | ၄၈၄ | ၂၇၈ | ၁၄ | ၂ |
| | | မော်လမြိုင်ကျွန်း | ၄၇၁ | ၁၈၈ | ၂ | ၀ |
| | | ဖျာပုံ | ၄၈၅ | ၁၂၄ | ၀ | ၀ |
| | | ကျုံပျော် | ၂၆၈ | ၁၁၈ | ၀ | ၀ |
| | | ကျိုက်လတ် | ၂၃၆ | ၃၁ | ၀ | ၀ |
| | | ညောင်တုန်း | ၂၃၈ | ၅၁ | ၀ | ၀ |
| | | လပွတ္တာ | ၂၂၄ | ၁၅၉ | ၀ | ၀ |

စာမျက်နှာ ၁၆ သို့ ❖

❖ စာမျက်နှာ ၁၅ မှ

| | | | | | | |
|---|---|---|---|---|---|---|
| | | ဖျာပုံ | ၂၁၄ | ၂၃ | ၁ | ၀ |
| | | ဘိုကလေး | ၁၉၉ | ၉၁ | ၃ | ၃ |
| | | မြောင်းမြ | ၁၉၆ | ၁၃၃ | ၀ | ၀ |
| | | ရေကြည် | ၁၃၀ | ၂၄ | ၀ | ၀ |
| | | ဝါးခယ်မ | ၁၀၂ | ၁၂ | ၀ | ၀ |
| | | ဓနုဖြူ | ၉၂ | ၃၁ | ၀ | ၀ |
| | | ကျောင်းကုန်း | ၇၇ | ၈ | ၀ | ၀ |
| | | ကန်ကြီးထောင့် | ၆၇ | ၂၆ | ၀ | ၀ |
| | | အိမ်မဲ | ၆၀ | ၁၀ | ၀ | ၀ |
| | | လေးမျက်နှာ | ၄၃ | ၅ | ၁ | ၁ |
| | | အင်္ဂပူ | ၄၁ | ၂၆ | ၁ | ၁ |
| | | မြန်အောင် | ၃၉ | ၁၀ | ၀ | ၀ |
| | | ဇလွန် | ၃၆ | ၉ | ၀ | ၀ |
| | | ပန်းတနော် | ၃၅ | ၂ | ၀ | ၀ |
| | | ကြံခင်း | ၂၇ | ၄ | ၂ | ၀ |
| | | သာပေါင်း | ၂၂ | ၁၄ | ၀ | ၀ |
| | | ငပုတော | ၁၃ | ၆ | ၀ | ၀ |
| | | စုစုပေါင်း | ၄,၈၄၂ | ၁,၇၆၅ | ၄၉ | ၂၂ |
| ၅။ | ရခိုင်ပြည်နယ် (၁၇ မြို့နယ်ဖြစ်) | စစ်တွေ | ၁,၅၁၉ | ၁၂၅ | ၁ | ၀ |
| | | ကျောက်ဖြူ | ၄၃၉ | ၄၁ | ၁ | ၀ |
| | | မောင်တော | ၃၉၈ | ၇ | ၀ | ၀ |
| | | ကျောက်တော် | ၂၆၃ | ၁၀ | ၁ | ၁ |
| | | မြောက်ဦး | ၂၅၉ | ၂၆ | ၂ | ၂ |
| | | ဘူးသီးတောင် | ၁၉၅ | ၁ | ၀ | ၀ |
| | | တောင်ကုတ် | ၁၇၄ | ၈၅ | ၁၃ | ၁၀ |
| | | အမ်း | ၁၆၅ | ၃၂ | ၀ | ၀ |
| | | ရသေ့တောင် | ၁၄၉ | ၉ | ၀ | ၀ |
| | | ပေါက်တော | ၁၂၂ | ၂ | ၀ | ၀ |
| | | သံတွဲ | ၁၁၁ | ၃၄ | ၀ | ၀ |
| | | ပုဏ္ဏားကျွန်း | ၁၀၄ | ၄ | ၀ | ၀ |
| | | မြေပုံ | ၉၅ | ၃၃ | ၀ | ၀ |
| | | မင်းပြား | ၈၉ | ၁၅ | ၀ | ၀ |
| | | ဂွ | ၄၈ | ၂၀ | ၀ | ၀ |
| | | ရမ်းဗြဲ | ၂၉ | ၁၂ | ၀ | ၀ |
| | | မာန်အောင် | ၁၃ | ၃ | ၀ | ၀ |
| | | စုစုပေါင်း | ၄,၁၅၈ | ၄၆၀ | ၂၄ | ၂၁ |
| ၆။ | မကွေးတိုင်းဒေသကြီး (၂၅ မြို့နယ်ဖြစ်) | အောင်လံ | ၅၅၂ | ၂၄၄ | ၁၁ | ၁၀ |
| | | မကွေး | ၃၄၆ | ၁၇၅ | ၈ | ၈ |
| | | မြို့သစ် | ၂၃၀ | ၆၉ | ၄ | ၄ |
| | | တောင်တွင်းကြီး | ၂၂၈ | ၁၀၄ | ၀ | ၀ |
| | | စလင်း | ၂၁၉ | ၉၈ | ၁၄ | ၁၄ |
| | | နတ်မောက် | ၁၉၄ | ၇၂ | ၃ | ၃ |
| | | မင်းဘူး | ၁၉၃ | ၆၈ | ၀ | ၀ |
| | | ရေနံချောင်း | ၁၃၀ | ၃၉ | ၀ | ၀ |
| | | ပခုက္ကူ | ၁၂၀ | ၇၄ | ၃ | ၃ |
| | | ချောက် | ၁၀၇ | ၅၆ | ၂ | ၂ |
| | | ပွင့်ဖြူ | ၇၈ | ၃၅ | ၁ | ၁ |
| | | မြိုင် | ၇၇ | ၃၇ | ၃ | ၃ |
| | | ဂန့်ဂေါ | ၆၈ | ၅၇ | ၃ | ၃ |
| | | သရက် | ၆၆ | ၁၄ | ၂ | ၂ |
| | | ဆင်ပေါင်ဝဲ | ၃၈ | ၁၈ | ၁ | ၀ |
| | | ဆိပ်ဖြူ | ၃၃ | ၁၁ | ၂ | ၂ |
| | | ရေစကြို | ၃၂ | ၁၂ | ၀ | ၀ |
| | | မင်းလှ | ၃၁ | ၁၆ | ၁ | ၁ |
| | | ပေါက် | ၃၀ | ၁၀ | ၀ | ၀ |
| | | ကမ္မ | ၁၈ | ၁၀ | ၀ | ၀ |
| | | ငဖဲ | ၁၄ | ၉ | ၀ | ၀ |
| | | ဆော | ၁၂ | ၉ | ၀ | ၀ |
| | | စေတုတ္တရာ | ၆ | ၇ | ၀ | ၀ |
| | | ထီးလင်း | ၆ | ၁ | ၀ | ၀ |
| | | မင်းတုန်း | ၄ | ၂ | ၀ | ၀ |
| | | စုစုပေါင်း | ၂,၈၃၅ | ၁,၂၁၉ | ၅၈ | ၅၆ |
| ၇။ | မွန်ပြည်နယ် (၁၀ မြို့နယ်ဖြစ်) | မော်လမြိုင် | ၁,၀၀၀ | ၅၀၂ | ၂၇ | ၁၀ |
| | | သထုံ | ၅၆၅ | ၁၃၈ | ၁ | ၁ |
| | | ကျိုက်ထို | ၃၀၅ | ၄၆ | ၀ | ၀ |
| | | ဘီးလင်း | ၁၆၃ | ၂၆ | ၀ | ၀ |
| | | ပေါင် | ၁၁၇ | ၅၀ | ၄ | ၀ |
| | | ရေး | ၉၅ | ၃၀ | ၀ | ၀ |
| | | သံဖြူဇရပ် | ၆၀ | ၁၀ | ၀ | ၀ |
| | | မုဒုံ | ၅၈ | ၉ | ၀ | ၀ |
| | | ကျိုက်မရော | ၁၈ | ၂၆ | ၀ | ၀ |
| | | ချောင်းဆုံ | ၄၁ | ၁၂ | ၀ | ၀ |
| | | စုစုပေါင်း | ၂,၃၇၀ | ၈၀၀ | ၃၃ | ၁၂ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး (၃၅ မြို့နယ်ဖြစ်) | စစ်ကိုင်း | ၄၄၈ | ၄၀၂ | ၀ | ၀ |
| | | ကလေး | ၁၈၆ | ၁၈၄ | ၃ | ၃ |
| | | ရွှေဘို | ၁၈၆ | ၁၄၈ | ၁ | ၁ |
| | | မုံရွာ | ၁၃၉ | ၆၈ | ၉ | ၅ |
| | | ယင်းမာပင် | ၈၃ | ၂၈ | ၀ | ၀ |
| | | တမူး | ၇၇ | ၄၁ | ၁ | ၁ |
| | | ကန့်ဘလူ | ၇၈ | ၃၁ | ၀ | ၀ |
| | | ဆားလင်းကြီး | ၅၅ | ၂၈ | ၁၅ | ၄ |
| | | တန့်ဆည် | ၄၆ | ၁၈ | ၁ | ၀ |
| | | ဒီပဲယင်း | ၃၆ | ၅ | ၀ | ၀ |
| | | ပုလဲ | ၃၃ | ၇ | ၀ | ၀ |
| | | ရေဦး | ၃၀ | ၁၀ | ၀ | ၀ |
| | | မင်းကင်း | ၃၀ | ၇ | ၀ | ၀ |
| | | ဝက်လက် | ၃၀ | ၁၀ | ၀ | ၀ |
| | | ချောင်းဦး | ၂၆ | ၅ | ၀ | ၀ |
| | | ဟုမ္မလင်း | ၂၆ | ၂၁ | ၃ | ၃ |
| | | ကောလင်း | ၂၅ | ၁၄ | ၀ | ၀ |
| | | ခင်ဦး | ၂၅ | ၉ | ၀ | ၀ |
| | | ကနီ | ၂၄ | ၃ | ၀ | ၀ |
| | | ဘုတလင် | ၂၄ | ၅ | ၀ | ၀ |
| | | မြင်းမူ | ၂၄ | ၁၅ | ၁ | ၀ |
| | | ကသာ | ၂၃ | ၁၁ | ၁ | ၀ |
| | | အင်းတော် | ၂၀ | ၁၆ | ၂ | ၂ |
| | | ကျွန်းလှ | ၁၉ | ၁၆ | ၀ | ၀ |
| | | အရာတော် | ၁၄ | ၅ | ၀ | ၀ |
| | | မြောင် | ၁၄ | ၁၁ | ၀ | ၀ |
| | | ကလေးဝ | ၉ | ၁ | ၇ | ၇ |
| | | ထမံသီ | ၆ | ၃ | ၀ | ၀ |
| | | ဖောင်းပြင် | ၅ | | ၀ | ၀ |
| | | နန်းယွန်း | ၄ | ၄ | ၀ | ၀ |
| | | ထီးချိုင့် | ၄ | ၃ | ၀ | ၀ |
| | | ခန္တီး | ၃ | | ၂ | ၂ |
| | | လေရှီး | ၂ | ၂ | ၀ | ၀ |
| | | ဗန်းမောက် | ၁ | | ၀ | ၀ |
| | | မော်လိုက် | ၁ | ၁ | ၀ | ၀ |
| | | စုစုပေါင်း | ၁,၉၅၁ | ၁,၀၅၁ | ၅၀ | ၃၀ |
| ၉။ | ကရင်ပြည်နယ် (၇ မြို့နယ်ဖြစ်) | ဘားအံ | ၄၆၁ | ၁၅၈ | ၉ | ၀ |
| | | မြဝတီ | ၃၄၇ | ၂၁၀ | ၀ | ၀ |
| | | ကော့ကရိတ် | ၂၁၆ | ၆၃ | ၀ | ၀ |
| | | လှိုင်းဘွဲ့ | ၇၂ | ၈ | ၀ | ၀ |
| | | ကြာအင်းဆိပ်ကြီး | ၁၁ | ၄ | ၀ | ၀ |
| | | သံတောင်ကြီး | ၁၀ | ၄ | ၀ | ၀ |
| | | ဖာပွန် | ၂ | ၁ | ၀ | ၀ |
| | | စုစုပေါင်း | ၁,၁၀၉ | ၄၄၉ | ၉ | ၀ |
| ၁၀။ | နေပြည်တော် (၈ မြို့နယ်ဖြစ်) | ဇေယျာသီရိ | ၃၆၀ | ၂၈၆ | ၄၃ | ၁၃ |
| | | ဇမ္ဗူသီရိ | ၂၁၇ | ၁၁၁ | ၀ | ၀ |
| | | ပုဗ္ဗသီရိ | ၁၁၀ | ၃၇ | ၀ | ၀ |
| | | လယ်ဝေး | ၉၇ | ၃၅ | ၀ | ၁ |
| | | ပျဉ်းမနား | ၉၄ | ၂၄ | ၀ | ၀ |
| | | ဒက္ခိဏသီရိ | ၄၀ | ၁၈ | ၀ | ၀ |
| | | တပ်ကုန်း | ၃၇ | ၁၇ | ၀ | ၀ |
| | | ဥတ္တရသီရိ | ၃၅ | ၉ | ၀ | ၀ |
| | | - | ၂ | | ၀ | ၀ |
| | | စုစုပေါင်း | ၉၉၂ | ၅၂၇ | ၄၅ | ၁၄ |

စာမျက်နှာ ၁၇ သို့ ❖

## ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး



ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့ ဦးတည်ချက်ဖြစ်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပေါ်ထွန်းရေးအတွက် မဖြစ်မနေလိုအပ်ချက်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲရေးပဲဖြစ်ပါတယ်။ ရရှိမည့် ငြိမ်းချမ်းရေးသဘောတူညီချက်များ၊ နိုင်ငံရဲ့ ရေရှည်လိုအပ်ချက်များ၊ ပြည်သူလူထုရဲ့ လိုလားတောင့်တချက်များနဲ့ကိုက်ညီတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွန်းရေးအတွက် ကျွန်မတို့အားလုံး ဉာဏ်စွမ်း၊ ကိုယ်စွမ်းရှိသမျှ ကြိုးပမ်းသွားကြရပါမယ်။ နိုင်ငံလွတ်လပ်ရေးရပြီးသည်မှာ (၇၃)နှစ်ပြည့်ဖို့ (၂)နှစ်သာ လိုပါတော့တယ်။ ဘယ်လိုနိုင်ငံမျိုးမှာ ကျွန်မတို့သာမက၊ နောင်လာနောက်သားများ နေထိုင်ရှင်သန်သွားရမယ်ဆိုတာကို ပုံဖော်ဖို့ ဒီနှစ်တွေအတွင်းမှာ အထူးဂရုပြုဆောင်ရွက်ဖို့ရာကို နိုင်ငံတော်အစိုးရရဲ့ အဓိကလုပ်ငန်းစဉ်တစ်ရပ်အဖြစ် သတ်မှတ်ပါတယ်။ ပြည်သူရဲ့ လုပ်ငန်းစဉ်တစ်ရပ်လည်း ဖြစ်ပါတယ်။

( အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၁-၂၀၂၁ ရက်နေ့ နိုင်ငံတကာနှစ်သစ်ကူး အထိမ်းအမှတ်အခါသမယတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❖စာမျက်နှာ ၁၆ မှ

| | | | | | | |
|---|---|---|---|---|---|---|
| ၁၁။ | ကချင်ပြည်နယ် (၁၁ မြို့နယ်ဖြစ်) | ဖားကန့် | ၄၀၄ | ၂၇၆ | ၀ | ၀ |
| | | မြစ်ကြီးနား | ၈၅ | ၅၉ | ၅ | ၁ |
| | | မိုးညှင်း | ၄၀ | ၁၆ | ၀ | ၀ |
| | | မိုးကောင်း | ၁၃ | ၅ | ၀ | ၀ |
| | | ဗန်းမော် | ၁၃ | ၉ | ၀ | ၀ |
| | | ရွှေကူ | ၁၂ | ၇ | ၀ | ၀ |
| | | ဝိုင်းမော် | ၁၁ | ၆ | ၁ | ၁ |
| | | မိုးမောက် | ၉ | ၃ | ၀ | ၀ |
| | | တနိုင်း | ၁ | | ၀ | ၀ |
| | | ဆွမ်ပရာဘွမ် | ၁ | ၁ | ၀ | ၀ |
| | | ပူတာအို | ၂ | ၁ | ၀ | ၀ |
| | | စုစုပေါင်း | ၅၉၁ | ၃၇၄ | ၇ | ၃ |
| ၁၂။ | ချင်းပြည်နယ် (၉ မြို့နယ်ဖြစ်) | တီးတိန် | ၇၄ | ၃၉ | ၁၄ | ၀ |
| | | မင်းတပ် | ၄၂ | ၁ | ၀ | ၀ |
| | | မတူပီ | ၂၉ | ၁၅ | ၅ | ၅ |
| | | ပလက်ဝ | ၂၄ | ၁၀ | ၀ | ၀ |
| | | ထွန်းဇံ | ၂၂ | ၆ | ၀ | ၀ |
| | | ဟားခါး | ၂၁ | ၁၄ | ၀ | ၀ |
| | | ဖလမ်း | ၁၄ | ၅ | ၀ | ၀ |
| | | ကန်ပက်လက် | ၅ | ၄ | ၀ | ၀ |
| | | ထန်တလန် | ၄ | | ၂ | ၂ |
| | | စုစုပေါင်း | ၂၃၅ | ၉၄ | ၂၂ | ၈ |
| ၁၃။ | တနင်္သာရီတိုင်းဒေသကြီး (၁၀ မြို့နယ်ဖြစ်) | မြိတ် | ၂၈၁ | ၈၈ | ၀ | ၀ |
| | | ထားဝယ် | ၁၀၉ | ၁၈ | ၀ | ၀ |
| | | လောင်းလုံ | ၅၃ | ၃၀ | ၀ | ၀ |
| | | ပုလော | ၄၀ | ၁၀ | ၀ | ၀ |
| | | ရေဖြူ | ၂၇ | ၁၄ | ၀ | ၀ |
| | | ကော့သောင်း | ၂၂ | ၇ | ၀ | ၀ |
| | | သရက်ချောင်း | ၁၅ | ၅ | ၀ | ၀ |
| | | ကျွန်းစု | ၁၄ | ၇ | ၀ | ၀ |
| | | ဘုတ်ပြင်း | ၁၂ | ၃ | ၀ | ၀ |
| | | တနင်္သာရီ | ၁ | ၁ | ၀ | ၀ |
| | | စုစုပေါင်း | ၅၇၄ | ၁၈၃ | ၀ | ၀ |
| ၁၄။ | ရှမ်းပြည်နယ် (တောင်ပိုင်း) (၁၈ မြို့နယ်ဖြစ်) | တောင်ကြီး | ၁၈၉ | ၉၆ | ၆ | ၄ |
| | | ကလော | ၈၄ | ၁၈ | ၀ | ၀ |
| | | ရွာငံ | ၄၆ | ၇ | ၀ | ၀ |
| | | ရပ်စောက် | ၂၄ | ၇ | ၀ | ၀ |
| | | ပင်လောင်း | ၁၉ | ၁၀ | ၀ | ၀ |
| | | လွိုင်လင် | ၁၉ | ၁၅ | ၀ | ၀ |
| | | ဆီဆိုင် | ၁၆ | ၆ | ၀ | ၀ |
| | | ပင်းတယ | ၁၃ | ၈ | ၀ | ၀ |
| | | ညောင်ရွှေ | ၈ | ၂ | ၀ | ၀ |
| | | နမ့်စန် | ၈ | ၂ | ၀ | ၀ |
| | | ဟိုပုံး | ၈ | ၄ | ၀ | ၀ |
| | | ဖယ်ခုံ | ၇ | ၄ | ၂ | ၁ |
| | | မိုးနဲ | ၄ | ၄ | ၀ | ၀ |
| | | မိုင်းရှူး | ၃ | ၂ | ၀ | ၀ |
| | | လင်းခေး | ၂ | ၂ | ၀ | ၀ |
| | | ကျေးသီး | ၁ | | ၀ | ၀ |
| | | မိုင်းပန် | ၁ | | ၀ | ၀ |
| | | မောက်မယ် | ၁ | ၁ | ၀ | ၀ |
| | | စုစုပေါင်း | ၄၆၃ | ၁၉၁ | ၁၀ | ၅ |
| ၁၅။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) (၁၅ မြို့နယ်ဖြစ်) | မူဆယ် | ၅၄ | ၂၈ | ၀ | ၀ |
| | | လားရှိုး | ၃၄ | ၁၄ | ၀ | ၀ |
| | | နောင်ချို | ၂၈ | ၁၉ | ၀ | ၀ |
| | | ကျောက်မဲ | ၂၆ | ၆ | ၀ | ၀ |
| | | နမ့်ဆန် | ၂၁ | ၁၂ | ၀ | ၀ |
| | | ကွတ်ခိုင် | ၉ | ၆ | ၀ | ၀ |
| | | သီပေါ | ၈ | ၅ | ၀ | ၀ |
| | | နမ့်ခမ်း | ၈ | ၄ | ၀ | ၀ |
| | | မိုးမိတ် | ၈ | ၇ | ၀ | ၀ |
| | | မဘိမ်း | ၆ | ၆ | ၀ | ၀ |
| | | နမ္မတူ | ၆ | ၃ | ၀ | ၀ |
| | | တန့်ယန်း | ၂ | ၁ | ၀ | ၀ |
| | | မိုင်းရယ် | ၁ | | ၀ | ၀ |
| | | သိန္နီ | ၁ | ၁ | ၀ | ၀ |
| | | ကိုးကန့် | ၁ | | ၀ | ၀ |
| | | စုစုပေါင်း | ၂၀၂ | ၁၁၂ | ၀ | ၀ |
| ၁၆။ | ရှမ်းပြည်နယ် (အရှေ့ပိုင်း) (၇ မြို့နယ်ဖြစ်) | တာချီလိတ် | ၁၀၃ | ၆၈ | ၀ | ၀ |
| | | မိုင်းယောင်း | ၁၂ | ၉ | ၀ | ၀ |
| | | ကျိုင်းတုံ | ၆ | ၅ | ၀ | ၀ |
| | | မိုင်းဖြတ် | ၅ | ၄ | ၀ | ၀ |
| | | မိုင်းတုံ | ၅ | | ၀ | ၀ |
| | | မိုင်းပြင်း | ၅ | ၃ | ၀ | ၀ |
| | | မိုင်းဆတ် | ၃ | ၁ | ၀ | ၀ |
| | | စုစုပေါင်း | ၁၃၉ | ၉၀ | ၀ | ၀ |
| ၁၇။ | ကယားပြည်နယ် (၃ မြို့နယ်ဖြစ်) | လွိုင်ကော် | ၄၃ | ၂၄ | ၂ | ၂ |
| | | မယ်စဲ့ | ၂ | ၂ | ၀ | ၀ |
| | | ဒီမောဆို | ၁ | ၁ | ၀ | ၀ |
| | | စုစုပေါင်း | ၄၆ | ၂၇ | ၂ | ၂ |
| | | စုစုပေါင်း | ၁၂၅,၆၁၆ | ၃၃,၉၁၇ | ၉၈၆ | ၅၇၄ |

မှတ်ချက်။ - စုစုပေါင်းဖြစ်ပွားသော မြို့နယ်မှ (၃၀၀) မြို့နယ်ဖြစ်ပါသည်။
- အထက်ဖော်ပြပါ စာရင်းတွင် မပါဝင်သော မြို့နယ်များသည် ယနေ့အထိ COVID – 19 ရောဂါကူးစက်ဖြစ်ပွားမှုမရှိသော မြို့နယ်များ ဖြစ်ပါသည်။

* ခာတ်ခွဲအတည်ပြုလူနာ၏ နေရပ်မြို့နယ်အား စုံစမ်းဆဲ ဖြစ်ပါသည်။

အထက်ပါစာရင်းဇယားများကို ယခုကဲ့သို့ ထားရှိ၍ ပေးပို့သော တိုင်းဒေသကြီး / ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ပြည်သူ့ကျန်းမာရေး ပညာရှင်များကို အထူးကျေးဇူးတင်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

❍ ကျောဖုံးမှ

COVID-19 နေ့စဉ်စမ်းသပ်တွေ့ရှိရမှုနှုန်း (test positivity rate) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | ၂၅-၁၂-၂၀ | ၂၆-၁၂-၂၀ | ၂၇-၁၂-၂၀ | ၂၈-၁၂-၂၀ | ၂၉-၁၂-၂၀ | ၃၀-၁၂-၂၀ | ၃၁-၁၂-၂၀ | ၁-၁-၂၁ | ၂-၁-၂၁ | ၃-၁-၂၁ |
|---|---|---|---|---|---|---|---|---|---|---|
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၃.၉ | ၃.၆ | ၃.၇ | ၃.၄ | ၃.၄ | ၃.၅ | ၃.၇ | ၂.၆ | ၃.၆ | ၄.၁ |

မှတ်ချက်။ COVID-19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့်အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၂၅-၁၂-၂၀၂၀) ရက်နေ့မှ (၃-၁-၂၀၂၁) ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာအရေအတွက်မှာ အနည်းဆုံး (၁၅,၇၃၅)ခုမှ အများဆုံး(၂၄,၀၀၇)ခုအထိဖြစ်ပြီး ပျမ်းမျှအရေအတွက်မှာ (၁၈,၃၈၉) ခု ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် ပါးစပ်နှင့် နှာခေါင်းစည်းမဖြစ်မနေ တပ်ဆင်ရေး လူထုလှုပ်ရှားစီမံချက်(mask and faceshield campaign) ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်မှာသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**
**(၃-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၇,၆၆၂) ဦး | (၁,၈၆၇,၆၂၉) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၇၂၉) ဦး | (၁၂၆,၃၄၅) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၈၈၈) ဦး | (၁၀၉,၅၄၈) ဦး |
| သေဆုံးလူနာ | (၁၇) ဦး | (၂,၇၂၈) ဦး |

- ယနေ့ သေဆုံးသူ (၁၇) ဦးအနက် ရောဂါအခံရှိသူ (၁၆) ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၈၈၈) ဦးတွင် -
  - ပြည်သူ့ဆေးရုံများ - (၅၃၆) ဦး
  - COVID-19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) - (၃၅၂) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သဖြင့် အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဆင်းခွင့်ပေးခဲ့ကာ နေအိမ်များတွင် ဆက်လက်၍အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၅၉၈) ဦးရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၀၉၀၄၇၀၁ | ၁၂၃၆၁၃၈၇ | ၃၅၈၆၈၂ |
| ၂။ | အိန္ဒိယ | ၁၀၃၂၄၆၃၁ | ၉၉၂၇၃၁၀ | ၁၄၉၄၇၁ |
| ၃။ | ဘရာဇီး | ၇၇၁၆၄၀၅ | ၆၇၆၉၄၂၀ | ၁၉၅၇၄၂ |
| ၄။ | ရုရှား | ၃၂၃၆၇၈၇ | ၂၆၁၈၈၈၂ | ၅၈၅၀၆ |
| ၅။ | ပြင်သစ် | ၂၆၄၃၂၃၉ | ၁၉၅၁၇၄ | ၆၄၉၂၁ |
| ၆။ | ဗြိတိန် | ၂၅၉၉၇၈၉ | စိစစ်ဆဲ | ၇၄၅၇၀ |
| ၇။ | တူရကီ | ၂၂၃၂၀၃၅ | ၂၁၂၆၄၃၂ | ၂၁၂၉၅ |
| ၈။ | အီတလီ | ၂၁၄၁၂၀၁ | ၁၄၈၉၁၅၄ | ၇၄၉၈၅ |
| ၉။ | စပိန် | ၁၉၃၆၇၁၈ | စိစစ်ဆဲ | ၅၀၈၃၇ |
| ၁၀။ | ဂျာမနီ | ၁၇၇၃၅၄၀ | ၁၃၈၁၉၀၀ | ၃၄၈၅၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၇၆၅၃၅၀ | ၆၃၁၉၃၇ | ၂၂၇၃၄ |
| ၂။ | ဖိလစ်ပိုင် | ၄၇၇၈၀၇ | ၄၄၈၂၅၈ | ၉၂၅၇ |
| ၃။ | မြန်မာ | ၁၂၆၃၄၅ | ၁၀၉၅၄၈ | ၂၇၂၈ |
| ၄။ | မလေးရှား | ၁၁၉၀၇၇ | ၉၇၂၁၈ | ၄၉၄ |
| ၅။ | စင်ကာပူ | ၅၈၆၉၇ | ၅၈၄၇၆ | ၂၉ |
| ၆။ | ထိုင်း | ၇၆၉၄ | ၄၃၃၇ | ၆၄ |
| ၇။ | ဗီယက်နမ် | ၁၄၉၄ | ၁၃၃၉ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၃၈၁ | ၃၆၂ | ၀ |
| ၉။ | ဘရူနိုင်း | ၁၇၂ | ၁၄၉ | ၃ |
| ၁၀။ | လာအို | ၄၁ | ၄၀ | ၀ |




## ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဇန်နဝါရီ ၃**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံပင်လယ်ကူးသဘော်သားဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ် (MSESF) တို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအမျိုးသားလေကြောင်း စင်းလုံးငှားကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၁၀ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၄၈ ဦး၊ အီဂျစ်မှ ၂၂ ဦး၊ ဘရာဇီးမှ တစ်ဦး၊ နယ်သာလန်မှ တစ်ဦး၊ မလေးရှားမှ သုံးဦး၊ ဂျပန်မှ ၂၁ ဦး၊ အာရပ်စော်ဘွားများ ပြည်ထောင်စုမှ ခြောက်ဦး၊ ဩစတြေးလျမှ တစ်ဦး၊ စင်ကာပူမှ ခုနစ်ဦး၊ အင်ဒိုနီးရှားမှ ငါးဦး၊ ပနားမားမှ လေးဦး၊ ပြင်သစ်မှ သုံးဦး၊ ဖိလစ်ပိုင်မှ တစ်ဦး၊ မက္ကဆီကိုမှ တစ်ဦး၊ စပိန်မှ သုံးဦးနှင့် အမေရိကန်ပြည်ထောင်စုမှ တစ်ဦး မြန်မာသဘော်သား စုစုပေါင်း ၁၂၈ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သဘော်ကုမ္ပဏီများ/ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## မော်လမြိုင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ကြရေး လူထုလှုပ်ရှားမှု ဆောင်ရွက်

**မော်လမြိုင် ဇန်နဝါရီ ၃**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းလျော့ကျစေရန်နှင့် ဖြစ်ပွားမှုမရှိစေရန်အတွက် ယနေ့နံနက် ၈ နာရီက ကျောက်တန်းရပ်ကွက် စည်ပင်သာယာဈေးနှင့် လမ်းသွားလမ်းလာပြည်သူများ နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်သွားလာကြရန် မြို့နယ်ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်း၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာကော်မတီအဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ တစ်ဦးမှတစ်ဦးသို့ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန် နေအိမ်ပြင်ပသို့ ထွက်ခွာသူတိုင်း နှာခေါင်းစည်း စနစ်တကျမဖြစ်မနေ တပ်ဆင်သွားလာကြရေး၊ မေးတွင် တပ်ဆင်ချိတ်ထားခြင်း မပြုကြရန်၊ ဈေးရောင်း၊ ဈေးဝယ်ရာတွင်လည်း ခြောက်ပေအကွာမှသာ ရောင်းဝယ်မှုပြုကြရန်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကြေညာချက်များကို တိကျစွာ လိုက်နာကြရန် အသိပညာပေးခြင်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဇာဖြူဝင်း(ပြန်/ဆက်)

# မန္တလေးက အောင်ပွဲ

**ဆူးငှက်**

မူလတန်းကျောင်းသားဘဝ ဖတ်စာအုပ်ထဲက တန်ခူးလ သင်္ကြန်ပွဲ၊ ကဆုန်လ ညောင်ရေသွန်းပွဲ၊ နယုန်လ စာပြန်ပွဲ၊ ဝါဆိုလ ဝါဆိုပွဲ၊ တော်သလင်းလ လှေပြိုင်ပွဲ၊ သီတင်းကျွတ်လ မီးထွန်းပွဲ၊ တန်ဆောင်မုန်းလ ကထိန်ပွဲနှင့် အမျိုးသား အောင်ပွဲ၊ ပြာသိုလ မြန်မာ့လွတ်လပ်ရေးအောင်ပွဲဟု အထပ်ထပ်ရွတ်ဆိုစွဲထင်ခဲ့ရသမို့ ပြာသိုလဆန်းသည်နှင့် မန္တလေး ကျုံးနံဘေးမှာ ဝှဲချီးကျင်းပသည့် လွတ်လပ်ရေး အောင်ပွဲနေ့အခမ်းအနားကို ငွေနှင်းမှုန် အသိပ်အသည်း အောက် တိုးဝှေ့ကျပ်ညှပ် ပျော်ရွှင်ခဲ့ရသည်များလည်း ယခုထိ သတိရနေမိသည်။ နိုင်ငံတကာသုံး ပြက္ခဒိန်မှ နှစ်ဆန်းဇန်နဝါရီသည် မြန်မာပြက္ခဒိန် ပြာသိုလနှင့်အများ ဆုံးတိုက်ဆိုင်သည်။ ထို့ကြောင့်လည်း နှင်းတွေထူထပ်စွာ ကျတတ်သည့် မန္တလေးဆောင်းကို လွတ်လပ်ရေးနေ့ အခမ်းအနားပွဲလမ်းများနှင့် တစ်ထပ်တည်းစွဲမှတ်နေမိ သည်။

**ဇန်နဝါရီလဆန်းသည်နှင့် စတင်ကျင်းပသော**

ထိုစဉ်က အခုလို ဒီဇင်ဘာ ၃၁ ရက်ည 'နှစ်သစ်ကူးည' အပျော်အရွှင်များမရှိခဲ့...။ ထိုနေ့ ထိုအချိန်တွင် ခရစ်ယာန် ဘာသာဝင်တို့က ဆိုင်ရာ ဆိုင်ရာ ဘုရားကျောင်းများ၌ စုဝေးဝတ်ပြုဆုတောင်းပြီး နှစ်သစ်ကူးသည်နှင့် ခမ္မ ခေါင်းလောင်းများထိုးကာ နှစ်သစ်ကို ကြိုဆိုကြခြင်းပဲရှိ သည်။ မြို့နေလူထုအများစုမျှော်လင့်ခြင်းက ဇန်နဝါရီ လဆန်းသည်နှင့်စတင်၍ ကျင်းပသော လွတ်လပ်ရေးနေ့ အခမ်းအနားများ ပျော်ပွဲရွှင်ပွဲများပဲဖြစ်သည်။ တောင်ဘက် မျက်နှာရှိ ကျုံးနှင့်မြို့ရိုးကြား ပေ ၂၅၀ နှင့် ၃၀၀ ကြား ကျယ်ဝန်းသောနေရာတွင် မင်္ဂလာတံခါးမှသည် အနောက် ဘက် ကျုံးထောင့်၊ ထို့နောက် မြောက်သို့ အာဠဝီတံခါး ပေါက်ထိ နေရာကျယ်ကြီးအတွင်း လွတ်လပ်ရေးပွဲသဘင် ကို ခုနစ်ရက်ခုနစ်လီကျင်းပသည်။ ကျုံးတောင်ဘက်ခြမ်း မင်္ဂလာတံခါးမှ အနောက်ကျုံးထောင့်အတွင်းက မန်း သီတာဥယျာဉ်ရှိ၏။ ထိုဥယျာဉ်အတွင်း ပြန်ကြားရေးဌာန ပြခန်းများရှိသည်။ ပန်းချီပြိုင်ပွဲ၊ စာပေပြိုင်ပွဲများရှိသည်။ ဆို၊ က၊ တီးပြိုင်ပွဲများ ရှိသည်။ သမားစဉ်အကနှင့် မဟာ ဂီတသီချင်းကြီးများကို အဓိကထားသီဆိုခြင်း၊ တီးမှုတ်ခြင်း ပြိုင်ပွဲများဖြစ်၏။ မျိုးရိုးဇာတိဂုဏ်ကို မော်ကြွား ခံ့ညားစေသည့် ပြိုင်ပွဲဖြစ်သည်။ ထို့နောက် ဂီတ ဆည်းဆာများရှိသည်။ စတုဒိသာအစားအသောက်များ၊ ရန်ပုံငွေစားသောက်ဆိုင်များရှိသည်။ ကျုံးထောင့်မှာ ဂီတဆည်းဆာ၊ အငြိမ့်ပွဲ၊ ထို့နောက် မြောက် အာဠဝီတံခါး အထိ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ၊ ဘော်လီဘောပွဲ၊ ဘတ်စကက်ဘောပွဲ၊ ခြင်းပွဲ၊ ဌာနဆိုင်ရာပြခန်းများ၊ ဂီတ ပဒေသာပွဲများ အပြည့်ရှိ၏။

**ကျုံးထောင့်ဆီဦးတည်သည်။ 'အောင်ပွဲ ...' ဟူသော အသံနှင့်စကားလုံးက**

နေ့လယ်နေ့ခင်းတွင် ကျုံးအတွင်း လှေပြိုင်ပွဲများရှိ သည်။ အလှပြလှေများလည်းရှိသည်။ ကျုံးအတွင်း ရေပန်း တွေဆင်ထားသည်။ မင်္ဂလာတံတား၊ မေတ္တာပေါင်းကူး တံတား၊ မတ္တရာ မီးရထားတံတား၊ အာဠဝီတံတားတို့မှာ အလှမီးလုံးတွေမြိုင်နေ၏။ နိုင်ငံတော်အလံများက ကျုံးကမ်းစပ်မှာ၊ မြို့ရိုးပေါ်မှာ တညီတညာတည်းရဲရဲ တောက် တလူလူလွင့်နေသည်။ မြို့ရိုး၏သူရဲခိုများ၊ ပြအိုး များ၊ ပြာသာဒ်များတွင် မီးလုံးရောင်စုံဆင်ထား၏။ ထိုနေ ရာတစ်ဝိုက်သစ်ပင်များမှာလည်း မီးလုံး မီးသီး မီးပွင့်တို့ ဝေဆာနေသည်။

တစ်နေကုန် အသံချဲ့စက်သံဆူညံနေ၏။ မြို့တွင်းလမ်း အနှံ့ ဘတ်စ်ကားတွေ၊ မြင်းလှည်းတွေက 'အောင်ပွဲကို အောင်ပွဲကို ...' ဟု တကြော်ကြော်ဟစ်ကာ ပါစင်ဂျာတွေ အပြည့်အသိပ်ဖြင့် ကျုံးထောင့်ဆီဦးတည်သည်။ 'အောင်ပွဲ...' ဟူသော အသံနှင့်စကားလုံးက အဓိပ္ပာယ်ပြည့်ဝစွာဖြင့် အားလုံး၏ရင်ထဲတွင် ဟည်းထနေသည်။ 'ငါတို့ လွတ်လပ် ရေး ...၊ ငါတို့ အောင်ပွဲ' ဟု မာန်တက်ကာ သွေးသစ်အားသစ် ဖြစ်နေကြသည်။ ပြန်ကြားရေးပြခန်းရှေ့တွင် လွှင့်ထူထား သော ရောမနိုင်ငံတော်အလံကြီးနှင့် လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏ ပုံတူပန်းချီကားကြီးက ပြပွဲလာ ပရိသတ်အားလုံး၏ ဦးညွှတ်ဂါရဝပြုရာ ဌာနကြီးဖြစ်နေ သည်။ ပွဲတော်ကျင်းပရာရက်များအတွင်း ညလုံးပေါက်မျှ လူတွေကြိတ်ကြိတ်တိုးနေ၏။ ပြာသို၏အအေးဓာတ်က ကြိတ်ကြိတ်တိုးနေသော ပရိသတ်၏ အနွေးဓာတ်ကို လက်လျှော့သွားသည်။ သီချင်းသံ၊ ဂီတသံ၊ တေးသံများက မြို့ရိုးပေါ်က တလူလူလွင့်နေသည့် နိုင်ငံတော်အလံများ နှင့်အတူ ကွင်းတစ်ကွင်းလုံးလွင့်ပျံ့ဖုံးလွှမ်းနေ၏။ ညဥ့် တော်တော်နက်တော့ ထိုအသံများအားလုံး တစ်မြို့လုံး ဖုံးလွှမ်းနေသည်။ ထိုရက်သတ္တပတ်၊ ဆယ်ရက်ကဖြင့် တစ်မြို့လုံး စိတ်တူကိုယ်တူ အတန်းအစားမရွေး စိတ်ပါ လက်ပါ ပျော်ရွှင်ခဲ့ကြတာ သေချာသည်။

> **ကျောက်တိုင်သစ်ကြီးက အမြင့် ၁၃၂ ပေ ရှိကာ**
> **အမြင့် ၂၇ ပေခွဲရှိ ကြယ်ပုံသဏ္ဌာန် ကျောက်တိုင်ငယ် ၅ လုံးက ခြံရံထားသည်။**
> **မြို့ရိုးပြအိုး ပြာသာဒ်များ နောက်ခံအပြာရောင်မိုးကောင်းကင်ကြီးတွင်**
> **လွတ်လပ်ရေးကျောက်တိုင်ကြီးကား**
> **ထည်ဝါမြင့်မားပြီး ခံ့ညားကျက်သရေရှိ . . .**



မန္တလေးနန်းတွင်းက လွတ်လပ်ရေးကျောက်တိုင်

**နန်းတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်**

နန်းတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်ကြီးမှာလည်း မီးစောင်းတန်း မီးရောင်စုံသွယ်တန်းကာ ကျောက်တိုင် ကွင်းအတွင်း ပြခန်းများ၊ တီးဝိုင်း၊ အငြိမ့်နှင့် ပျော်ပွဲရွှင်ပွဲများ ခြိမ့်ခြိမ့်သဲကာ အများပြည်သူတို့ လွတ်လပ်စွာ ဝင်ထွက် ဆင်နွှဲနိုင်ခဲ့ကြသည်။

နန်းတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်ကို ဒုတိယ မြို့တော် မန္တလေးမှာ ၁၉၅၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့မှာ စတင်တည်ဆောက်ဖို့ ပန္နက်ရိုက်ခဲ့သည်။ မန္တလေးလွတ်လပ်ရေးကျောက်တိုင်ကြီး တည်ဆောက် မည့်နေရာက မန္တလေးနန်းတွင်းအင်္ဂါထောင့် (အရှေ့ တောင်ထောင့်)မှာရှိသော ပိုလိုကွင်းဟုခေါ်သည့် ကွင်းကြီး အတွင်းဖြစ်သည်။ မူလက ပေ ၉၀ အမြင့်ရှိ မန္တလေး လွတ်လပ်ရေးကျောက်တိုင်ကို အနောက်တောင်ကျုံး ထောင့် ကျုံးနှင့်မြို့ရိုးကြားကွက်လပ်တွင် ၁၉၅၀ပြည့်နှစ် ဧပြီ ၂၉ရက်နေ့က ပန္နက်ရိုက်တည်ဆောက်ခဲ့သည်။ သို့သော် နေရာကကျဉ်းမြောင်းသဖြင့် တည်ဆောက် လက်စကျောက်တိုင်ကို ဖျက်သိမ်းပြီး လက်ရှိကျောက်တိုင် ကို ထပ်မံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၁၉၅၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် မန္တလေး အနောက်တောင် ကျုံးထောင့်၌ကျင်းပသော ခုနစ်ကြိမ်မြောက် လွတ်လပ်ရေး နှစ်ပတ်လည်နေ့တွင် ကျောက်တိုင်သစ်ဖွင့်ပွဲကို တစ်ပါ တည်းကျင်းပခဲ့တာကလည်း အမှတ်တရဖြစ်သည်။ မနက် ၄ နာရီကတည်းက ကျောက်တိုင်ဖွင့်ပွဲအတွက် လူထု ပရိသတ်က တိုးမပေါက်အောင် စည်ကားနေပြီ။ ကျောက်တိုင်သစ်ဖွင့်ပွဲတွင် မြို့လူထု၊ ကျောင်းသူ ကျောင်း သား၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ အလုပ်သမားများ သာမက တပ်မတော်ကပါ တက်ရောက်ကြသဖြင့် အထူး စည်ကားလှ၏။ ကျောင်းသူ ကျောင်းသား ၆၀၀၀ ကျော်က ကာယအလှလေ့ကျင့်ခန်းတွေ ပြကြသကဲ့သို့ စက်ဘီး အမြန်စီးပွဲ၊ အားကစားပြိုင်ပွဲ၊ လက်နှိပ်စက်ပြိုင်ပွဲတွေ၊ ပျော်ပွဲရွှင်ပွဲတွေနဲ့ ကျင်းပခဲ့ခြင်းဖြစ်သည်။

**ကျုံးနံဘေးတွင် ခုနစ်ရက် ခုနစ်လီ စည်စည်ကားကား**

ကျောက်တိုင်သစ်ဖွင့်ပြီးသည်နှင့် ဗမာ့တပ်မတော်က စစ်ရေးပြကာ အလေးပြုပြီး တပ်မတော်သား ၁၀၀၀ နှင့် အတူ ရဲအတတ်သင်ကျောင်းက သင်တန်းသား ၈၀၀ ကျော်၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တွေက မင်္ဂလာတံခါးမှ ၂၆ ဘီ အာဇာနည်လမ်း အနောက်ဈေးချိုနာရီစင်၊ ထိုမှ တစ်ဆင့် ၈၄ ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း တောင် ဘက် ၃၅ လမ်းအထိ၊ ထို့နောက် ၃၅လမ်းအတိုင်း အနောက် မလွန်ဘောလုံးကွင်းအထိ စစ်ရေးပြချီတက်ကြသည်။

ကျောက်တိုင်သစ်ကြီးက အမြင့် ၁၃၂ ပေရှိကာ အမြင့် ၂၇ပေခွဲရှိ ကြယ်ပုံသဏ္ဌာန် ကျောက်တိုင်ငယ် ၅ လုံးက ခြံရံထားသည်။ မြို့ရိုးပြအိုး ပြာသာဒ်များ နောက်ခံအပြာ ရောင် မိုးကောင်းကင်ကြီးတွင် လွတ်လပ်ရေးကျောက် တိုင်ကြီးကား ထည်ဝါမြင့်မားပြီး ခံ့ညားကျက်သရေ ရှိလှသည်။ နောက်ပိုင်း ဆက်တိုက်ဆိုသလို လွတ်လပ်ရေး အောင်ပွဲအခမ်းအနားများကို နှစ်စဉ် ပရိသတ်သိန်းချီ ဆုံသော နန်းတွင်းကျောက်တိုင်ကွင်းနှင့် တောင်ဘက် ကျုံးနံဘေးတွင် ခုနစ်ရက် ခုနစ်လီ စည်စည်ကားကား ကျင်းပခဲ့ကြတာ အမှတ်တရရှိလှသည်။

လွန်ခဲ့တဲ့ နှစ် ၃၀ ကျော် ၄၀ ဝန်းကျင်မှာတော့ ဒီအစဉ် အလာ ပျက်သုဉ်းသွားခဲ့သည်။ ယခု မန္တလေးတွင် လွတ်လပ်ရေးကျောက်တိုင်ရှိသည်ဆိုတာပင် နှောင်းခေတ် လူငယ်တော်တော်များများ မသိကြတော့။ ဒါကလည်း အပြစ်မဆိုသာ။ ။

■

## မိုင်းယောင်း၌ (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့အကြောင်း ဆွေးနွေး

**မိုင်းယောင်း ဇန်နဝါရီ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့အကြောင်း ဆွေးနွေးပွဲ(Talk Show)ကို ယနေ့နံနက်ပိုင်းက မြို့နယ်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပရာ အွန်လိုင်းမှ တစ်ဆင့် ထုတ်လွှင့်တင်ဆက်ခဲ့ကြောင်း သိရသည်။

**အကျယ်တဝင့် ဆွေးနွေး**

ဆွေးနွေးပွဲ (Talk Show) တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်းနှင့် ဝန်ထမ်းများက (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ၊ လွတ်လပ်ရေးဟူသောတူညီသောဆန္ဒ၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်သူရဲကောင်းတို့၏ လွတ်လပ်ရေး အတွက် ကြိုးပမ်းမှုသမိုင်းမှတ်တိုင်များ၊ စာရေးဆရာမြင်းမူမောင်နိုင်မိုး၏ လွတ်လပ်ရေးအသိ လွတ်လပ်ရေးသတိကဗျာနှင့် လွတ်လပ်ရေး သစ္စာအဓိဋ္ဌာန်ကိုးချက် စသည်ဖြင့် အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

**အားချာ**



## (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များဖြန့်ဝေ

**နတ်မောက်**

(၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများသည် ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီ၌ မြို့မဈေးရှိ ဈေးရောင်းဈေးဝယ်များ၊ ကားဂိတ်များ၊ လမ်းဆုံလမ်းခွများနှင့် ဒေသခံပြည်သူများထံသို့ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**နတ်မောက် (ပြန်/ဆက်)**



**ရန်ကုန်**

(၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) မှ စီစဉ်ထုတ်ဝေသော လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ဇန်နဝါရီ ၃ ရက် နံနက် ၇ နာရီခန့်က မြို့နယ်အတွင်းရှိ ဈေးများ၊ ကားမှတ်တိုင်များနှင့် လမ်းဆုံလမ်းခွနေရာများ၌ လိုက်လံဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**သာကေတ(ပြန်/ဆက်)**

**ကျွန်းစု**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူများ လွတ်လပ်ရေးနေ့နှင့်ပတ်သက်၍ ဗဟုသုတများရရှိစေရန် ရည်ရွယ်ပြီး ဇန်နဝါရီ ၃ ရက် နံနက် ၇ နာရီခွဲက လိုက်လံဖြန့်ဝေပေးခဲ့သည်။

ထိုသို့ဖြန့်ဝေပေးရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးသန္တာဖြိုးနှင့် ဝန်ထမ်းများက မြို့မဈေးရှိ ဈေးရောင်းသူ/ဝယ်သူများ၊ လူစည်ကားရာနေရာများ၊ မြို့နယ်ဆိပ်ခံတံတားရှိ ပြည်သူများထံ လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျွန်းစု (ပြန်/ဆက်)**

**ကာလိ**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကာလိမြို့ ဒေသခံပြည်သူများအား အသိပညာဗဟုသုတတိုးပွားစေရေးအတွက်လွတ်လပ်ရေးနေ့အကြောင်း သိကောင်းစရာများ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေခဲ့သော (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ကာလိမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီတွင် ယာယီပျံကျဈေးနှင့် မြို့မဈေး၊ ရပ်ကွက်များ၊ ဌာနဆိုင်ရာရုံးများသို့ သတင်းစကားလက်ကမ်းစာစောင်များကို အခမဲ့ လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကာလိ(ပြန်/ဆက်)**

**ကော့ကရိတ်**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင် အတွဲ(၅)၊ အမှတ်(၁) ကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက ပျံကျဈေးနှင့် လူစည်ကားရာနေရာ လမ်းဆုံတို့တွင် လိုက်လံဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

**ပေါင်**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မြို့မဈေးနှင့် လူစည်ကားရာနေရာများတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းတွင် (၇၃) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေခဲ့ကြသည်။

**ပေါင်(ပြန်/ဆက်)**

## ဆွာချောင်းအတွင်း နစ်မြုပ်နေသော စစ်ကျန်ကုန်ရထားတွဲကို ဆယ်ယူပြီး အများပြည်သူလေ့လာနိုင်ရန် ဆောင်ရွက်သွားမည်



**ရေတာရှည် ဇန်နဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု ရန်ကုန်-မန္တလေး ရထားလမ်းဘေးရှိ တံတားကြီးကျေးရွာအနီး ဆွာချောင်းအတွင်း နစ်မြုပ်နေသော ဒုတိယကမ္ဘာစစ်လက်ကျန် ရထားကုန်တွဲအား ဆယ်ယူ၍ တံတားကြီးကျေးရွာ အနောက်ဘက်အဝင် ပန်းခြံတည်ဆောက်မည့်နေရာ၌ အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဇန်နဝါရီ ၂ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများ နစ်မြုပ်လျက်ရှိသည့် ရထားတွဲအား လာရောက်ကြည့်ရှုစဉ် ပြောကြားခဲ့ခြင်း ဖြစ်သည်။

**ချောင်းအတွင်း ပြုတ်ကျ**

တံတားကြီးကျေးရွာသည် ဆွာချောင်းဖြတ်တံတားကြီးနှင့် အရှေ့ဘက်ကပ်လျက် တည်ရှိနေခြင်းကြောင့် ဒုတိယကမ္ဘာစစ်ကာလ ဂျပန်တပ်များ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာစဉ် မြန်မာနိုင်ငံ အထက်ပိုင်းသို့ ဆုတ်ခွာလျက်ရှိသည့် ဗြိတိသျှတပ်များက လေယာဉ်ဖြင့် ဗုံးကြဲဖျက်ဆီးခဲ့ရာတွင် ရထားတွဲများ ချောင်းအတွင်း ပြုတ်ကျခြင်းဖြစ်ကြောင်း၊ ကျေးရွာအတွင်း ဗုံးများ ကျရောက်ပေါက်ကွဲခဲ့ရာ ဗုံးကျင်း နေရာ သုံးခုအထိရှိခဲ့ကြောင်း သိမီလိုက်သော သက်ကြီးရွယ်အိုများက ပြောပြဖူးသည်ကို ကြားသိရပြီး လက်ရှိ တံတားကြီးနှစ်ခု၏ အောက်၊ အလယ်၊ ဘေးဝဲယာတို့တွင် တံတား အကျိုးအပျက်အပိုင်းအစများစွာ ကျန်ရှိနေဆဲ ဖြစ်သည်။

"စစ်ဘေးဒဏ်ခံခဲ့ရတဲ့ ဒီရွာလေးမှာ ပြသထားနိုင်အောင် ဆောင်ရွက်ပေးမယ်။ သမိုင်းတစ်ခုလည်းဖြစ်တော့ ပန်းခြံဆောက်မယ့် နေရာအပေါ်မှာ အုတ်ခုံလုပ်ပြီး အများပြည်သူ ကြည့်ရှုလေ့လာနိုင်အောင် လုပ်ရမယ်"ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ကျေးရွာဒေသခံများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

**ကိုလွင်(ဆွာ)**

## ရခိုင်ပြည်နယ် ငါးဖမ်းရေယာဉ်စောင့်ကြည့်ထိန်းချုပ်စနစ်အဆောက်အအုံသစ်ဖွင့်



**စစ်တွေ ဇန်နဝါရီ ၃**

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ငါးဖမ်းရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးဌာနခွဲ (ရခိုင်) VMS Sub-Control Center (Rakhine) အဆောက်အအုံသစ်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးရှိ ငါးဖမ်းရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးဌာနခွဲရှေ့၌ ကျင်းပသည်။

အဆောက်အအုံသစ်ဖွင့်ပွဲတွင် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသက်ဦးက VMS စနစ်အကြောင်း၊ VMS အဆောက်အအုံနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် VMS အဆောက်အအုံသစ်အား ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်း၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တာဝန်ရှိသူများနှင့်အတူ ငါးဖမ်းရေယာဉ် စောင့်ကြည့်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ငါးဖမ်းရေယာဉ် စောင့်ကြည့်ထိန်းချုပ်စနစ် Vessel Montoring System(VMS) တပ်ဆင်ရခြင်း၏ ရည်ရွယ်ချက်မှာ ကမ်းနီးငါးဖမ်းရေပြင်နှင့် တားမြစ်ဇရိယာများသို့ ဝင်ရောက်ငါးဖမ်းသောစည်းကမ်းဖောက်ဖျက်သည့် ငါးဖမ်း၊ ငါးသယ်ရေယာဉ်များကို စောင့်ကြည့်နိုင်ရန် ဆောင်ရွက်ခြင်းဖြစ်သည်။ VMS စနစ်ကိုအသုံးပြုပြီး အသိပေးခြင်း၊ သတိပေးခြင်းကာလအနေဖြင့် ဆောင်ရွက်ခဲ့ပြီး အရေးယူခြင်း၊ ပြစ်ဒဏ်များပေးခြင်းကို ဆောင်ရွက်ခဲ့သည်။

ထို့အပြင် VMS စနစ်ကို အသုံးပြုပြီး ရခိုင်ငါးဖမ်းကွက်အတွင်း ကမ်းနီးရေပြင်နှင့် တားမြစ်ငါးဖမ်းကွက် A1၊ A2 များသို့ ဝင်ရောက်ငါးဖမ်းဆီး၍ စည်းကမ်းဖောက်ဖျက်သည့်လှေ ၇၄ စင်း၊ ခံဝန်လက်မှတ်ထိုးခဲ့သည့် လှေလေးစင်း၊ ဒဏ်ရိုက်ခံရသည့် လှေ ၁၂ စင်းတို့ကို တစ်စင်းလျှင် ဒဏ်ကြေးငွေကျပ် သိန်း ၂၀ နှင့် ငါးဖမ်းဆီးခွင့်များ တစ်စင်းလျှင် နှစ်လစီ ပိတ်သိမ်းကြောင်း သိရသည်။

**တင်ထွန်း**
**(ပြန်/ဆက်)**

## ကော့သောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေး မြို့အဝင်အထွက်ဂိတ်များတွင် စစ်ဆေး



**ကော့သောင်း ဇန်နဝါရီ ၃**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်နိုင်ရေးအတွက် မြို့အဝင် အထွက်ဂိတ်များတွင် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

မြို့တွင်းသို့ဝင်ရောက်မည့်မော်တော်ယာဉ်များပေါ်ပါ ခရီးသည်နှင့် ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များအား နှာခေါင်းနှင့် အာခေါင်တို့ဖတ်နမူနာများကို ရယူစစ်ဆေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် မြို့ဝင်မြို့ထွက်ဂိတ်တွင် ကျန်းမာရေးစစ်ဆေးခြင်းအပြင် ခရီးသွားရာဇဝင်မှတ်သားခြင်း၊ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာထောက်ခံချက်ပါရှိမှုရှိ မရှိစစ်ဆေးခြင်း၊ နှာခေါင်းစည်းတပ်ဆင်သွားလာရေး အသိပညာပေးခြင်း၊ ပြည်သူများအနေဖြင့် အတတ်နိုင်ဆုံး ခရီးသွားလာခြင်းလျှော့ချရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်စည်းကမ်းချက်များကို စနစ်တကျလိုက်နာဆောင်ရွက်ရေး အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

■

## စစ်ကိုင်းတိုင်းဒေသကြီး၌ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ ဝယ်ယူဖြည့်တင်းရန် ငွေကျပ် ၂၁၆၄ သန်းကျော် အသုံးပြုသွားမည်

**မုံရွာ ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မီးဘေးအန္တရာယ်ကာကွယ်တားဆီးနိုင်ရန်နှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင်အသုံးပြုရန် လိုအပ်သောပစ္စည်းများ ဝယ်ယူနိုင်ရေး ငွေကျပ် ၂၁၆၄ ဒသမ ၄ သန်းကို လျာထားသုံးစွဲသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မြင့်ထံမှ သိရသည်။

"ပြောင်းလဲလာတဲ့ အဆင့်မြင့်နည်းပညာတွေကို အသုံးပြုပြီး မီးငြိမ်းသတ်ရေးလုပ်ငန်းနဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေမှာ ပိုမိုလုပ်ဆောင်နိုင်ဖို့ လိုအပ်တဲ့ပစ္စည်းတွေကို ဘဏ္ဍာနှစ်အလိုက် ဖြည့်တင်းဝယ်ယူအသုံးပြုနေတာ ဖြစ်ပါတယ်။ အဲဒီအတွက် လိုအပ်တဲ့နေရာတွေမှာ ထားရှိဖို့ မီးငြိမ်းသတ်ယာဉ်တွေ၊ ရေသယ်ယာဉ်တွေကို ထပ်မံဝယ်ယူဖြည့်တင်းပေးတာဖြစ်ပါတယ်။ အထပ်မြင့်အဆောက်အအုံတွေ၊ မီးငြိမ်းသတ်ယာဉ်တွေ အဝင်အထွက်လုပ်ဖို့ ခက်ခဲတဲ့မီးလောင်မှုတွေမှာ အသုံးပြုဖို့နဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကို အချိန်မီလုပ်ဆောင်နိုင်ဖို့ လိုအပ်တဲ့ယာဉ်တွေ၊ ပစ္စည်းတွေကိုလည်း ထပ်မံဝယ်ယူသွားမှာဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မြင့်က ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မီးငြိမ်းသတ်ယာဉ် ၁၀ စီး၊ ရေဂါလန် ၂၀၀၀ ဆံ့ ရေသယ်ယာဉ် ၁၀ စီး၊ (13 HP) အပေါ့စားမီးငြိမ်းသတ်စက် ၁၃၄ လုံး၊ Hydrulic Rescue Tools ၁၀ စုံနှင့် Unmanned Fire Fighting Vehicle (LUF 60) တစ်စီးတို့အား ဝယ်ယူဖြည့်တင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး**
**(ဓေယျာတိုင်း)**

## ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဆေးရုံသုံးပစ္စည်းများလှူဒါန်း

**ကျိုက်မရော ဇန်နဝါရီ ၃**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် နတ်စမ်းကျေးရွာ ဘိန်းဗျောကျေးလက်ကျန်းမာရေးဌာနခွဲတွင် အသုံးပြုရန်အတွက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက ဘိန်းဗျောကျေးလက်ကျန်းမာရေးဌာနခွဲခန်းမ၌ ကျင်းပသည်။

အဆိုပါဆေးရုံသုံးပစ္စည်းများ လှူဒါန်းရာတွင် ဆေးရုံသုံး ပရိဘောဂပစ္စည်းများဖြစ်သည့် Delivery Bed- မွေးခုတင်တစ်လုံး၊ Hospital Bed MC-947-ရိုးရိုးလူနာခုတင် နှစ်လုံး၊ လေးထပ်သံဗီရို ၆ ပေ x ၃ ပေ နှစ်လုံး၊ ခေါက်စားပွဲလေးထောင့်တစ်လုံးနှင့် လက်တင်ပါ ပလတ်စတစ်ထိုင်ခုံတစ်လုံး စုစုပေါင်းပရိဘောဂပစ္စည်းများတန်ဖိုးငွေကျပ် ၁၅၇၇၅၀၀ တို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းမောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မျိုးမြင့်တို့က



ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဝင်းဇော်က လက်ခံရယူခဲ့ပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချိုချို (ပြန်/ ဆက်)**

## ချောင်းဆုံ၌ အသက်နှစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုး

**ချောင်းဆုံ ဇန်နဝါရီ ၃**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ကလေးများ ကျန်းမာသန်စွမ်းစေရန်နှင့် ကူးစက်ရောဂါတို့မှ ကင်းဝေးစေရန်အတွက် လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်း၊ ဆေးတိုက်ခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနနှင့် ကျေးရွာများရှိ ကျန်းမာရေးဌာန/ဌာနခွဲများ၌ ဆေးထိုးနှံပေးလျက်ရှိသည်။



အသက်နှစ်နှစ်အောက်ကလေးများအား ပုံမှန်ကာကွယ်ဆေးများဖြစ်သော ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်မြေးရောင်၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုး၊ ဂျပန်ဦးနှောက်ရောင်ရောဂါ ၁၁ မျိုးအပြင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှော ဖြစ်စေတတ်သော ကာကွယ်ဆေးများကို အသက်အုပ်စုအလိုက်ခွဲခြားပြီး ကလေးငယ်များအား ဆေးထိုးနှံတိုက်ကျွေးခဲ့ကြောင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအားလည်း မေးခိုင်၊ ဆုံဆို့နာကာကွယ်ဆေးထိုးနှံပေးခြင်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကျန်းမာရေးလမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်းနှင့် အသက်နှစ်နှစ်အောက် ကလေးဦးရေ ၁၀၀၀ ခန့်နှင့် ကိုယ်ဝန်ဆောင်မိခင် ၂၀၀ ခန့် ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြင်သာ က.ည.န ရုံး၌ သက်တမ်းတိုးလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပြင်ဆင်ထား

**ရန်ကုန် ဇန်နဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး၏ မော်တော်ယာဉ်ဝန်ဆောင်မှုများကို ပေးနေသော တောင်ဥက္ကလာပမြို့နယ်ရှိ မြင်သာ က.ည.န ရုံးသည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ဝန်ဆောင်မှုလုပ်ငန်းများ ယာယီရပ်နားထားသော်လည်း မကြာမီ မော်တော်ယာဉ် သက်တမ်းတိုးမြှင့်ခြင်းနှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းနှစ်မျိုးကိုသာ ဆောင်ရွက်ပေးသွားရန် ပြင်ဆင်ဆောင်ရွက်ထားကြောင်း သိရသည်။

"ကိုဗစ်ကာလ ရုံးတွေပြန်ဖွင့်တဲ့အခါမှာ ပြည်သူတွေအနေနဲ့ လုပ်ငန်းဆောင်ရွက်တဲ့အခါ အဆင်ပြေစေဖို့နဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်နဲ့အညီ ဆောင်ရွက်ထားပါတယ်။ ဖွင့်ရင် အွန်လိုင်းရက်ချိန်းနဲ့ ဆောင်ရွက်သွားမှာပါ။ တစ်ကြိမ်တစ်ကြိမ်မှာ လက်ခံနိုင်လောက်တဲ့ လူဦးရေနဲ့ပဲ ရက်ချိန်းပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု မြင်သာ က.ည.န ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းမြင့်က ပြောကြားသည်။

မြင်သာ က.ည.န ရုံးတွင် ယခင်က ယာဉ်မောင်းလိုင်စင်ဖြေဆိုမှုနှင့် လိုင်စင်သစ်ထုတ်ပေးရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးခဲ့သော်လည်း ယခုအခါ ကိုဗစ်-၁၉ အခြေအနေကြောင့် လိုင်စင်သစ်ပြုလုပ်ခြင်းကို ခွင့်မပြုတော့ဘဲ ရွာသာကြီး က.ည.န ရုံး၌သာ ပြောင်းရွှေ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လောလောဆယ် မော်တော်ယာဉ်ဝန်ဆောင်မှုနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၌ မော်တော်ယာဉ်ကနဦးမှတ်ပုံတင်ပြုလုပ်ခြင်း၊ နံပါတ်ရယူခြင်းတို့ကို ထောက်ကြန့် က.ည.န ရုံးနှင့် ရွာသာကြီး က.ည.န ရုံးတို့၌ ဆောင်ရွက်ပေးလျက်ရှိသည်။ ထောက်ကြန့် က.ည.န ရုံး၌ အိမ်စီးကားငယ်များ ကနဦးမော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ပေးနေပြီး ရွာသာကြီး က.ည.န ရုံး၌မူ နှစ်တန်အထက် ယာဉ်ကြီးများ၊ ကုန်တင်ယာဉ်ကြီးများ ကနဦးမှတ်ပုံတင်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သို့သော် ဆိုင်ကယ်နှင့် ထော်လာဂျီ၊ သုံးဘီး စသောယာဉ်များ ကနဦးမှတ်ပုံတင်ပေးခြင်းကို သန်လျင် က.ည.နရုံးမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင် က.ည.နရုံးဖြစ်သည့် သန်လျင် က.ည.န ရုံးကိုလည်း ယခုအခါ နေရာကျယ်ကျယ်ဝန်းဝန်းနှင့် ဆောင်ရွက်ပေးရန်အတွက် ရုံးကို ရေကြောင်းတက္ကသိုလ်လမ်းဆုံသို့ ပြောင်းရွှေ့သွားပြီဖြစ်ကြောင်း သိရသည်။

**မြင့်မောင်ကျော်**

၀

## လှိုင်ကော်မြို့နယ်အတွင်း ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**လွိုင်ကော် ဇန်နဝါရီ ၃**

ကယားပြည်နယ်ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန လွိုင်ကော်ရုံးနှင့် လွိုင်ကော်ခရိုင် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးကော်မတီတို့သည် ဇန်နဝါရီ ၂ ရက် မွန်းလွဲပိုင်းက ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်ရန်အတွက် လွိုင်ကော်မြို့နယ်အတွင်းရှိ အိုင်စန့်ကျေးရွာ (လီဆူးကျေးရွာ) သို့ သွားရောက်ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

"ကျွန်တော်တို့အဖွဲ့အနေနဲ့ ကယားပြည်နယ်မှာ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းလေးခုကို ဖော်ဆောင်ပေးထားပြီးဖြစ်ပါတယ်။ အဲဒါတွေကတော့ ပန်ပက်ကျေးရွာ (ကယန်းရွာ)၊ တနီးလာလဲ(ကယားရွာ)၊ ဒေါတမကြီး (ကယားရွာ)နဲ့ ထေခို (ကယောရွာ) တို့ပဲဖြစ်ပါတယ်။ အခုအိုင်စန့်ကျေးရွာမှာရှိတဲ့ လီဆူးလူမျိုးတွေဟာ ရိုးရာမပျက်နေထိုင်နေတဲ့အတွက်ကြောင့်နဲ့ ကယားပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားလူမျိုးတွေဖြစ်တဲ့အတွက်ကြောင့် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်ဖို့အတွက် ကွင်းဆင်းလေ့လာရခြင်းဖြစ်ပါတယ်။ အခုလိုခရီးသွားလုပ်ငန်းတွေဖော်ဆောင်ပေးခြင်းအားဖြင့် ကျေးရွာမှာရှိတဲ့လူထုတွေ လူမှုစီးပွားတိုးတက်လာမယ်၊ လမ်းတွေ၊ မီးတွေ၊ ရေတွေ အဆင်ပြေလာမယ်။ ပြည်နယ်အနေနဲ့ဖွံ့ဖြိုးတိုးတက်မှုတစ်ခု ဖြစ်လာမှာဖြစ်ပါတယ်။ နောက်ပြီး လာရောက်လည်ပတ်တဲ့ ခရီးသွားတွေအနေနဲ့လည်း ကယားပြည်နယ်မှာရှိတဲ့ လီဆူးလူမျိုးတို့ရဲ့ ရိုးရာယဉ်ကျေးမှုဓလေ့တွေကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန လွိုင်ကော်ရုံးပြည်နယ်တာဝန်ခံ ဦးလင်းဇော်ထွဋ်က ပြောကြားသည်။

"ဆက်လက်ပြီး ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများ ဖော်ဆောင်ပေးသွားမှာကတော့ ရှားတောမြို့နယ်မှာဆိုရင် ရေပူစမ်းနဲ့ ကယားရိုးရာယဉ်ကျေးမှုတွေ၊ ရွာသစ်မြို့နယ်မှာဆိုရင် နှစ်ပေါင်း ၁၅၀ ကျော်ရှိတဲ့ ညောင်ကိုင်းဘုန်းတော်ကြီးကျောင်းနဲ့ ရှမ်းလူမျိုးများရဲ့ယဉ်ကျေးမှုတွေ၊ ကွမ်ငံကျေးရွာမှာရှိတဲ့ ယင်းဘော်လူမျိုးရဲ့ ရိုးရာယဉ်ကျေးမှုတွေကိုလည်း ဖော်ဆောင်သွားမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ အိုင်စန့်ကျေးရွာ(လီဆူးကျေးရွာ)တွင် အိမ်ခြေပေါင်း ၄၆ အိမ်နှင့် လူဦးရေ ၁၀၀ ကျော် နေထိုင်ကြပြီး စိုက်ပျိုးရေးအနေဖြင့် ပြောင်းကိုသာ အဓိကစိုက်ပျိုးကြကြောင်း သိရသည်။

**စိုးလှိုင်ဋ္ဌေး(ပြန်/ဆက်)**



## မံစီအားကစားကွင်း၌ ပွဲကြည့်စင်တည်ဆောက်မည်

**မံစီ ဇန်နဝါရီ ၃**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ် ပြည်သူ့အားကစားကွင်း၌ ပွဲကြည့်စင်တစ်ခု တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲကြည့်စင်သည် မံစီမြို့နယ် ပြည်သူ့အားကစားကွင်း၌ ပထမဆုံးတည်ဆောက်မည့် ပွဲကြည့်စင်ဖြစ်ပြီး ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပသည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဌေးကိုနှင့် တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အဆောက်အအုံပန္နက်များကို ရိုက်တင်ခဲ့ကြသည်။

**ရိန် (ပြန်/ဆက်)**



# ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)



## အစိမ်းနှစ်ပွင့် အနီတစ်ပွင့်

စာရေးသူ ဖျာပုံ နီလုံဦး ရေးသားသည့် အစိမ်းနှစ်ပွင့် အနီတစ်ပွင့်စာအုပ် ထွက်ရှိလာသည်။

ကဗျာဆရာ၊ စာရေးဆရာ ဖျာပုံနီလုံဦး၏ ၁၉၈၈မှ ယနေ့အထိ နိုင်ငံရေးဖြတ်သန်းမှု ဆောင်ရွက်ခဲ့ရာတွင် ဦးတင်ဦး၊ ဦးကြည်မောင်၊ ဒေါ်အောင်ဆန်းစုကြည်တို့နှင့် အတူတကွ ပါဝင်ဆောင်ရွက်ခဲ့မှု သမိုင်းအကျဉ်းများ၊ စာရေးသူ NLD တွင်ပါဝင်ခဲ့ပုံများကို ရေးသားထားခြင်းဖြစ်သည်။ NLD နှောင်းခေတ် လူငယ်မျိုးဆက်သစ်များအတွက် မှတ်သားသိမှတ်ဆောင်ရွက်စရာ သင်ခန်းစာများ ဖော်ပြထားသည်။

စာအုပ်ကို ကြယ်နီစာပေတိုက်၊ အမှတ်-၂၅(ဒုထပ်)၊ မဟာဗောဓိလမ်း၊ ကျီးတော်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၆၁၅၄၈၁၉၅ နှင့် ၀၉ ၇၉၈၀၆၀၀၈၄တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ဖြင့် ဖြန့်ချိသည်။




## အိန္ဒိယသမုဒ္ဒရာ သို့မဟုတ် အင်ပိုင်ယာတို့၏ ပုလဲ

စာရေးသူ ဇျည်းနွဲ့ ဘာသာပြန်ဆိုရေးသားသည့် အိန္ဒိယသမုဒ္ဒရာ သို့မဟုတ် အင်ပိုင်ယာတို့၏ ပုလဲစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်သည် အိန္ဒိယသမုဒ္ဒရာ၏ ပထဝီဝင်အနေအထားသည် နိုင်ငံတကာဆက်ဆံရေးအပေါ် မည်သို့သက်ရောက်မှုရှိသည်ကို သုတေသနပြု ရေးသားထားသည့် သတင်းစာဆရာဘာတေးလ်လင့်တနာ၏ နောက်ဆုံးထုတ် စာအုပ် The Costliest Pearl– China's Struggle for India's Oceanကို မြန်မာပြန်ဆိုထားခြင်းဖြစ်သည်။

နိုင်ငံရေးကို စိတ်ဝင်စားသူတိုင်း၊ နိုင်ငံ၏အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးတွင် ထဲထဲဝင်ဝင်ပါဝင်ပတ်သက်နေသူတိုင်း ဖတ်ရှုသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဟု ညွှန်းဆိုသော် လွန်အံ့မထင်။

စာအုပ်ကို လောကသစ်စာပေ၊ အမှတ် (၇)၊ သုဝဏ္ဏလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၈၃၉၈၀၀၂နှင့် ၀၉ ၇၈၈၉၇၄၀၅၅တို့မှ တန်ဖိုးငွေကျပ် ၆၅၀၀ဖြင့် ဖြန့်ချိသည်။




## ဆရာဝန် ပညာတွေကိုသင်

စာရေးသူ ဒေါက်တာကျော်ကျော် (ရန်ကုန်ဆေးရုံအုပ်ကြီး-ငြိမ်း) ရေးသားသည့် ဆရာဝန် ပညာတွေကိုသင်စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ခြသေ့်လည်ပြန်အစ၊ ကမ္ဘောဇ မောတို့ဌာနီ၊ ထင်းရှူးတော၊ ချယ်ရီပန်းနှင့် စိန်ပန်းပြာပြာ၊ ဝန်ထမ်းဘဝ ပထမအစ၊ ပထမ အမှတ်တရ သူ့ ကိုယ်မသိ၊ ကိုယ့် သူသိ၊ ခင်ရာဆွေမျိုး၊ မိန်ရာ ဟင်းကောင်း၊ ကျေးဇူးရှင်နှင့် တွေ့ဆုံခြင်း၊ တောကိုဆင်း တောင်ကိုတက် ချောင်းကိုကျော်၊ အော်ပရေးရှင်းမီးနှင့်ရေ၊ အသူရကယ်နှင့်တွေ့ဆုံခြင်း၊ လောဘနဲ့ ကံတရားစသည့် စိတ်ဝင်စားဖွယ်အကြောင်းများကို ရေးသားထားသည်။

စာအုပ်ကို မြန်မာပြည်သားစာပေ၊ အမှတ်-၄၈၃၊ လောပိတလမ်း၊ (၃၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၄၂၀၀၉၅၆၅၅ မှ တန်ဖိုးငွေကျပ် ၅၀၀၀ဖြင့် ဖြန့်ချိသည်။



## ဘာလဲဟဲ့လောကဓံ ဖောက်ထွက်ကေန် နည်းလမ်းမှန်

စာရေးသူကျော့မောင် (မင်္ဂလာတောင်ညွန့်)မြန်မာဘာသာပြန်ဆိုရေးသားသည့် ဘာလဲဟဲ့လောကဓံ ဖောက်ထွက်ကေန် နည်းလမ်းမှန်စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် လူသားတိုင်း၏ဘဝတွင် ရင်ဆိုင်ကြုံတွေ့ရလေ့ရှိသော အကျပ်အတည်း အခက်အခဲများကို အခွင့်အလမ်းအဖြစ် ပြောင်းလဲဖန်တီးယူကာ မိမိ၏ဘဝ တိုးတက်အောင်မြင်ရေးအတွက် မည်သို့မည်ပုံ ကြံဆောင်အားထုတ်ရမည်ကို ရှေးခေတ်မှ ယနေ့ထိတိုင် အောင်မြင်ကျော်ကြားခဲ့သည့် ပုဂ္ဂိုလ်များ၏ အတွေးအခေါ် အယူအဆများနှင့် နည်းနာနိဿယများကို လက်ရှိကာလအခြေအနေများနှင့် ယှဉ်ထိုးသုံးသပ်၍ ဖွင့်ဆိုရှင်းလင်းရေးသားထားသည်။

စာအုပ်ကို ရွှေပြည်တန်စာပေ၊ အမှတ်-၁၂၂၊ (၃)လွှာ၊ လမ်း(၅၀)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၈၈၅၀၂၆၄၅၀မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။




## ကိုဗစ်(၁၉)နှင့် ဆေးလုပ်မှုလုပ်ငန်း အတွေ့အကြုံများ

စာရေးသူ ဖေနှင်းငွေ ရေးသားသည့် ကိုဗစ်(၁၉)နှင့် ဆေးလုပ်မှုလုပ်ငန်း အတွေ့အကြုံများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ပထမဆုံးကိုဗစ်ဂျူတီ (၂၄)နာရီ၊ ပထမဆုံးကိုဗစ်လူနာနှစ်ယောက်၊ ဆေးရုံမှ ဟိုတယ်သို့၊ အိမ်ပြန်ချိန်တွေ မပျော်တော့ဘူး၊ ရယ်မောခွင့်ရချင်တဲ့ အတွေ့အကြုံ တာဝန်ချိန်၊ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ခြင်း၊ ဆေးလုပ်မှုဆက်ဆံရေး၊ ကိုဗစ်ကြောင့်ဖြစ်တဲ့ စိတ်ဖိစီးမှု၊ အိမ်အပြန်ခရီး၊ ရန်ကုန်ရောက် မိတ်ဆွေတစ်ယောက်၊ အပူဒဏ်အန္တရာယ်၊ မီးဖိုချောင်က အသံတွေ၊ ကိုရိုနာဗိုင်းရပ်စ်နဲ့ မြန်မာပြည်အနောက်အရပ် စသည့် ကိုဗစ်နှင့် ပတ်သက်သည်များကို ရေးသားထားသည်။

စာအုပ်ကို ပထမကမ္ဘာစာအုပ်တိုက်၊ အမှတ်-(၂၃/က)၊ ဖြ-လွှာ (ဝဲ)၊ တာမွေဈေးလမ်း၊ တာမွေကြီး(ခ) ရပ်ကွက်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။



## ကိုင်ဇန် ဂျပန်စီးပွားရေးစီမံခန့်ခွဲမှုအတတ်ပညာ

စာရေးသူ ဖေသက်ခိုင် ရေးသားသည့် ကိုင်ဇန် ဂျပန်စီးပွားရေးစီမံခန့်ခွဲမှုအတတ်ပညာစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ခြေလှမ်းသေးသေးတစ်လှမ်းက စတင်ရခြင်းအကြောင်း၊ ကိုင်ဇန်နည်းကို ကြိုဆိုကျင့်သုံးခြင်း၊ ကိုင်ဇန် နည်းလမ်းနှင့် ယှဉ်၍ ဆန်းသစ်ပြောင်းလဲခြင်း၊ ခြေလှမ်းသေးသေးတစ်လှမ်းမှစလှမ်း၍ အောင်မြင်မှု ပန်းတိုင်ကြီးဆီသို့ ခုန်လွှား တက်ရောက်ခြင်း၊ စီမံခန့်ခွဲမှု၏ သဘောတရားများ၊ အောင်မြင်တိုးတက်စေရန် စကားဖြင့်ထိန်းချုပ်ခြင်း၊ စဉ်းစားပြီးမှ စီစဉ်ဆောင်ရွက်ခြင်း၊ လုပ်ဆောင်မှုကိုပြသကာ တိုးတက်စေရန်စီမံပါ စသည့်အကြောင်းအရာများကို ရေးသားထားသည်။

စာအုပ်ကို ယဉ်မျိုးစာပေ၊ အမှတ်-၂၇၄(B)၊ လမ်း (၄၀) (အပေါ်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ HOT Line – ၀၉ ၇၃၂၀၁၅၈၆နှင့် Office – ၀၉ ၇၉၅၂၆၇၈၃၄တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ဖြင့် ဖြန့်ချိသည်။



## ပန်းတို့ဘဝ ဒိုင်ယာရီနှင့် အခြားကဗျာများ

တင်ထွန်းလှိုင်(မြစ်သား)နှင့်အတူ ကဗျာဆရာ ၁၉ ဦးတို့၏ ပန်းတို့ဘဝ ဒိုင်ယာရီနှင့် အခြားကဗျာများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မြစ်သားမြို့က ရွှေမုဋ္ဌောစေတီ၊ ထပ်တူမကျတဲ့ ပုံရိပ်များ၊ အသည်းကွဲသူများသို့၊ ကျေးဇူးကြီးပေ မွေးမေမေ၊ အိပ်မက်ခါး၊ မောင့်ရဲ့အချစ် တိုးနှောင်ရစ်စေ၊ အလွမ်းရထားစီးပြီး ခရီးသွားတဲ့ငါ၊ မေတ္တာဥယျာဉ်မှူး၊ အညာသူ၊ လက်ပံပွင့်ဋီကာ၊ ပြန်လာခဲ့ပါ အဖေရယ်၊ ပြက္ခဒိယွေ တောင်တက်ပွဲ၊ ရာသီ၊ ယုံတတ်တဲ့ ယုန်၊ ပန်းတော်ဆက် ဗျတ္တ၊ မုဒိတာမင်္ဂလာ၊ ဖြေပါ၊ မိုက်တွင်းနက်ပြီး မိုက်ခရီး၊ သံယောဇဉ် စသည့် ကဗျာပုဒ်ရေ ၇၀နီးပါးကို ရေးသားထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ အမှတ်-၂၉၆၊ ၁/ အနော်မာ(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၉၈၁၈၉၁၄၈နှင့် ၀၉ ၇၇၇၁၃၉၄၇၇တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။



## ကျွန်တော် ၄ ဒသမ ၅ ကုဋေ မလိငှက်သိုက်ကျွန်းနှင့် ထောင်နန်းစံကာလများ

စာရေးသူ သိမ်းစိုး(သီဟရတနာ) ရေးသားသည့် ကျွန်တော် ၄ ဒသမ ၅ ကုဋေ မလိငှက်သိုက်ကျွန်းနှင့် ထောင်နန်းစံကာလများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မလိငှက်သိုက်အကြောင်းနှင့် ငှက်သိုက်ရှာဖွေလုပ်ကိုင်ခြင်းဖြင့် ရရှိနိုင်မည့်အကျိုးအမြတ်များအကြောင်းကို ရေးသားထားသည်။ ထို့အပြင် စာရေးသူ အကျဉ်းထောင်အတွင်း အကျဉ်းကျစဉ် နေထိုင်စားသောက်မှုနှင့် ရေချိုးသည်ကအစ တွေ့ကြုံခဲ့ရသည်များကို ဗဟုသုတရရှိစေရန်ရည်ရွယ်၍ ရေးသားထားသည်။

စာအုပ်ကို သီဟရတနာစာပေ၊ အမှတ်- ၁၀၀ ဒီ၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၀၁၅၈၂၇ နှင့် ၀၁ ၅၀၂၆၇၃ တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

# ဘာသာပြန်သမားတစ်ယောက်ဖြစ်ဖို့ဆိုရင်

## နွေဦးမောင်

တစ်လောက အတော်အတန် ခင်မင်နေသော လူငယ်တစ်ယောက် စာရေးသူထံ ရောက်လာသည်။ ရောက်မဆိုက်ပင် ဘာသာပြန်သမားတစ်ယောက်ဖြစ်လိုကြောင်း ပြောလာသည်။

"ကိုယ့်ညီက ဘာသာပြန်သမား ဖြစ်ချင်တယ်ဆိုတာ ဘယ်လိုရည်မှန်းချက်ကြောင့်လဲ။ စာရေးဆရာဖြစ်ချင်တာလား၊ အစ်ကိုကတော့ မြန်မာဘာသာကနေ အင်္ဂလိပ်ဘာသာကို ပြန်ဆိုနေတာကြောင့် အစ်ကိုလုပ်နေတဲ့ အလုပ်ကိုပဲ ဦးစားပေးပြီး မေးချင်တယ်။ ကိုယ့်ညီကရော အကြောင်းအရာအမျိုးမျိုးကို မြန်မာဘာသာကနေ အင်္ဂလိပ်ဘာသာ ပြန်ဆိုချင်တာလား။ အင်္ဂလိပ်ဘာသာကနေ မြန်မာဘာသာ ပြန်ဆိုချင်တာလား။ ဒါမှမဟုတ် နှစ်မျိုးစလုံး ဘာသာပြန်တတ်ချင်တာလား။"

"နှစ်မျိုးစလုံး ဘာသာပြန်တတ်ချင်တယ်အစ်ကို။ ဘာသာပြန်ဆရာကြီးတွေရဲ့လက်ရာတွေကို သိပ်အားကျတာပဲ။"

"အဲဒီလိုဆိုရင် အချိန်တော့ တော်တော်ယူပြီး လေ့ကျင့်ရမယ် ကိုယ့်ညီ။"

"ဘယ်လောက်အချိန်ယူရမလဲအစ်ကို"

"သိပ်မကြာပါဘူးကွာ။ တစ်သက်လုံးပါပဲ။"

"ဗျာ...."

သူ မျက်နှာပျက်သွားသည်။ စာရေးသူ နောက်နေသလားဟု အကဲခတ်နေသေးသည်။ သို့သော် စာရေးသူက တကယ်ပြောနေမှန်း သိသွားသဖြင့် စိတ်ပျက်အားလျော့သည့်ပုံ ပေါ်လာသည်။

"ဟုတ်တယ်။ ကိုယ့်ဘဝတစ်ခုလုံးကို မြှုပ်နှံရမှာလေ။ ကိုယ့်ရဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်ဖြစ်လာဖို့ဆိုရင် ဘဝတစ်ခုလုံးကို သုံးရမှာပဲ။ ဘယ်အလုပ်မှာ မဆိုပေါ့။ ကိုယ်ရယူပိုင်ဆိုင်နိုင်စရာတွေရှိသလို စွန့်လွှတ်ပေးဆပ်ရတာတွေလည်း ရှိလာမှာပဲ။ ကိုယ့်ညီက အဘိဓာန်စာအုပ်တွေ ဘေးချပြီး ဘာသာပြန်ရင် ရမယ်ထင်လို့လား။ အဲဒီလောက်တော့ မလွယ်ဘူးကွ။ ခုခေတ်မှာ အင်္ဂလိပ်စာ အဓိကဘွဲ့ မဟုတ်ဘဲနဲ့ ဘွဲ့တစ်ခုရတဲ့အထိ တက္ကသိုလ်မှာ အင်္ဂလိပ်စာကို အခြေခံလောက်ပဲ သင်လာပြီး အဘိဓာန်အားကိုးနဲ့ ဘာသာပြန်ရင် ရနိုင်မယ်ထင်နေသူတွေ အများကြီး ရှိတယ်။ ဘာသာပြန်ရင် အဘိဓာန်လိုတာတော့ အသေအချာပါပဲ။ လိုတာမှ အင်္ဂလိပ်-မြန်မာ အဘိဓာန်ဆိုရင်လည်း ရှိနိုင်သလောက်၊ မြန်မာ-အင်္ဂလိပ် အဘိဓာန်ဆိုလည်း ရှိနိုင်သလောက်၊ အင်္ဂလိပ်-အင်္ဂလိပ် အဘိဓာန်တွေ၊ အင်္ဂလိပ်အတွဲစာလုံး အဘိဓာန်တွေ၊ အီဒီယန်တွေ၊ ကြိယာတွဲ အဘိဓာန်တွေ၊ မြန်မာလိုဆိုလည်း မြန်မာအဘိဓာန်ရယ် စာလုံးပေါင်းသတ်ပုံကျမ်းရယ် အကြမ်းအားဖြင့် လိုတာပေါ့။ ဒါတွင်လားဆိုတော့ မကဘူးနော်။ ပါဠိဘာသာလည်း သိရမယ်။ အကြောင်းအရာတွေမှာ ပါဠိဘာသာ စကားလုံးတွေ ရောနေလို့ ပါဠိအဘိဓာန်တို့၊ ပါဠိ-အင်္ဂလိပ် အဘိဓာန်တို့လည်း လိုသေးတယ်။ ပါဠိကနေမြန်မာက မွေးစားထားတဲ့စကားလုံးတွေလည်း ရှိတယ်။ ရှေးစကားလုံးတွေ ရှိသေးတယ်။ ပေါရာဏဒီပနီလည်း လိုတယ်။ နေ့စဉ်သုံး စကားလုံးတွေလည်း ရှိတယ်။ အဲဒါတွေလည်း သိရမယ်။ ပျို့၊ ကဗျာ၊ လင်္ကာတွေလည်း တော်တော်တန်တန် တီးခေါက်မိထားရမယ်။ ဒါတွေက ခုနေမှာ စိတ်ထဲ ပေါ်လာသလောက် ပြောလိုက်တာ။ တကယ်အလုပ်လုပ်တော့ လိုအပ်လာတာတွေ အများကြီး။ ယေဘုယျအနေနဲ့ ပြောရရင် ဒီမိုငြိမ်းပြုစာအုပ်စာတမ်းတွေက ဘာသာပြန်သမားတစ်ယောက်ရဲ့ အလုပ်စားပွဲ လက်တစ်ကမ်းမှာ ရှိနေရမှာ။ ဒီထက်တိုးပြီးတော့ ကိုယ်ဘာသာပြန်မယ့် ဘာသာရပ်အလိုက် သက်ဆိုင်ရာဝေါဟာရတွေ မှီငြမ်းဖို့အတွက် ဘာသာရပ်ဆိုင်ရာ ဝေါဟာရ အဘိဓာန်တွေလည်း လိုအပ်ပါတယ်။ ဒါ့အပြင်...."

"များလှချည်လားအစ်ကို...။ နည်းနည်းတောင် စိတ်ဓာတ်ကျချင်လာပြီ။"

"မပြီးသေးဘူး ကိုယ့်ညီ။ ဘာသာပြန်သမားကောင်းတစ်ယောက်ဖြစ်ဖို့က မှတ်တတ်ဖို့လည်း လိုသေးတယ်။ စာလုံးတစ်လုံးဟာ ဘယ်ကဆင်းသက်လာတယ်။ ဘယ်ဘာသာစကားကို အခြေခံတယ်ဆိုတာလည်း သိထားရတယ်။ ဘယ်ယုံကြည်ကိုးကွယ်မှုတရားက ဆင်းသက်လာတယ်ဆိုတာလည်း တော်တော်တန်တန် သိထားရမယ်။ ကိုယ့်နိုင်ငံက တိုင်းရင်းသားရေးရာတွေလည်း သိထားရမယ်။ ဒါကြောင့် အလုပ်လုပ်နေရင်း မှတ်စရာတွေ့လာရင် မှတ်ဖို့ မှတ်စုစာအုပ်တစ်အုပ်ကလည်း ဘေးမှာ အဆင်သင့် ရှိရတယ်။"

ထိုလူငယ်က စာရေးသူကို ငေးကြည့်နေသည်။ ပြောစရာစကားပင် ရှာမတွေ့သလို ဖြစ်နေသည်။

"မှတ်စုစာအုပ်ဆိုတာက အဆန်းအပြားလေးတွေ၊ နည်းယူစရာလေးတွေတွေ့ရင် မှတ်ဖို့ပဲ။ ဒါပေမယ့် တစ်ခေါက်မှတ်ထားပြီး ပစ်ထားလို့တော့ မရဘူး။ ပြန်ပြီး ဖတ်ရမှတ်ရတယ်။ အသစ်အသစ်တွေကို ရေးမှတ်ရင်း အဟောင်းအဟောင်းတွေကို ခေါင်းထဲရောက်အောင် သွင်းရတယ်။"

"ပြီးတော့ အင်တာနက်က ဝီကီပီးဒီးယားကို အားလားဆိုပြီး ထိုင်နေလို့လည်း မရဘူး ကိုယ့်ညီ။ ခြတောင်ပို့များလို ကြိုးစားရတယ်။ ကိုယ့်ရဲ့အဆင့်ကို ကိုယ့်ဘာသာ မြှင့်ယူရတယ်။ ဘာသာပြန်ဖို့ ဝေါဟာရတွေ သိရုံနဲ့လည်း မလုံလောက်သေးဘူးလေ။ နာမည်တွေရဲ့ နောက်ခံအကြောင်းတွေကိုလည်း လေ့လာထားရတယ်။ ဥပမာ မြို့တစ်မြို့ရဲ့နာမည်ကို ကိုယ်ထင်သလို ရေးလို့မရဘူး။ နောက်ခံအကြောင်းအရာတွေ ရှိတတ်တယ်။ ဘာလို့ ထင်သလို ရေးလို့မရတာလဲ၊ ပြင်လို့မရတာလဲ။ ဘာကြောင့် ပြင်ထားတာလဲ။ ဘယ်လိုပြင်ထားတာလဲ။ ဘယ်တုန်းက ပြင်လိုက်တာလဲ။ ဘယ်သူက ပြင်လိုက်တာလဲ။ ပြင်လိုက်တုန်းက ဘာတွေဖြစ်ခဲ့သလဲ စသဖြင့်ပေါ့ကွာ။ လေ့လာရင်းနဲ့ ပျော်စရာတောင် ကောင်းလာပါသေးတယ်။"

လူငယ်သည် ရယ်ကျဲကျဲဖြင့် စာရေးသူကို ကြည့်နေသည်။ သူ့ကြည့်ရသည်မှာ တပ်ခေါက်နောက်ဆုတ်တော့မည့်ပုံပေါ်နေသည်။

"တော်တော်များများ ပြောနေကြတဲ့ အပျော်ဖတ်စာပေဆိုတဲ့ အချစ်ဝတ္ထုတွေတောင်မှ ကိုယ်က ယူတတ်ရင် သူတို့ဆီက ဗဟုသုတအသစ်တွေ ရနိုင်သေးတယ်လေ။ ရှာတတ်ယူတတ်ဖို့ပဲလိုတာ။ ဘာသာရပ်တွေကို နက်နက်နဲနဲ လေ့လာလေလေ ကိုယ့်အတွက် ပညာရလေပဲပေါ့။"

"ဟုတ်တယ်နော် အစ်ကို။ တစ်ယောက်နဲ့တစ်ယောက် ဗဟုသုတချင်း ဘယ်တူနိုင်ပါ့မလဲ။ သူသိတာ ကိုယ်မသိတာ ရှိနိုင်တာပဲ။"

"ဒါပေါ့ ကိုယ့်ညီ။ လူတစ်ယောက်ချင်းစီမှာ အရည်အချင်းတွေ တူညီမနေဘူးလေ။ ဘဝကို ဖြတ်သန်းပုံချင်းမှ မတူကြတာကိုး။"

"ဒါဖြင့်အစ်ကို။ အလုပ်လုပ်လို့ ရလောက်တဲ့ ဘာသာပြန်သမားတစ်ယောက်ဖြစ်ဖို့ အနည်းဆုံး အချိန်ဘယ်လောက်ယူရမလဲအစ်ကို။"

"ဆရာနဲ့လည်း တွဲလုပ်နေရမယ်။ ဆရာရဲ့ ကြီးကြပ်မှု၊ သင်ကြားမှုအောက်မှာလည်း လုပ်ရမယ်။

**လောကကြီးမှာ ဘယ်ဟာမှ မလွယ်သလို မလွယ်ပါလားဆိုပြီး ထိုင်နေလို့လည်းမရဘူး ကိုယ့်ညီ။ ခြတောင်ပို့များလို ကြိုးစားရတယ်။ ကိုယ့်ရဲ့အဆင့်ကို ကိုယ့်ဘာသာ မြှင့်ယူရတယ်။ ဘာသာပြန်ဖို့ ဝေါဟာရတွေ သိရုံနဲ့လည်း မလုံလောက်သေးဘူးလေ။ နာမည်တွေရဲ့ နောက်ခံအကြောင်းတွေကိုလည်း လေ့လာထားရတယ်။ ဥပမာ မြို့တစ်မြို့ရဲ့နာမည်ကို ကိုယ်ထင်သလို ရေးလို့မရဘူး။ နောက်ခံအကြောင်းအရာတွေ ရှိတတ်တယ်။ ဘာလို့ ထင်သလိုရေးလို့မရတာလဲ၊ ပြင်လို့မရတာလဲ။ ဘာကြောင့် ပြင်ထားတာလဲ။ ဘယ်လိုပြင်ထားတာလဲ။ ဘယ်တုန်းက ပြင်လိုက်တာလဲ။ ဘယ်သူက ပြင်လိုက်တာလဲ။ ပြင်လိုက်တုန်းက ဘာတွေဖြစ်ခဲ့သလဲ စသဖြင့်ပေါ့ကွာ။ လေ့လာရင်းနဲ့ ပျော်စရာတောင် ကောင်းလာပါသေးတယ်။**

"ဒါဆို ဘယ်လိုဟာတွေ မှတ်နေရမှာလဲ အစ်ကို။"

"အကုန်လုံးပဲ ကိုယ့်ညီ။ ကိုယ့်ညီရဲ့ အသိပညာထဲမှာ မရှိသေးတာတွေ အကုန်စွဲနေအောင် မှတ်ရမှာ။ စိတ်မပျက်လိုက်နဲ့ဦး။ မှတ်တာကြာလာရင် အသစ်အသစ် မှတ်စရာတွေကို မြင်တာနဲ့ စာအုပ်ထဲမှာတောင်ရေးစရာမလိုဘဲ ခေါင်းထဲရောက်သွားတော့တာ။ တမင်သက်သက်လည်း ကျက်မှတ်စရာမလိုဘဲ စွဲသွားပြီး မှတ်ထားတာနဲ့ ဆက်စပ်တဲ့ အကြောင်းအရာတွေကိုလည်း သုံးသပ်လိုက်မိတတ်တယ်။ အဲဒီသုံးသပ်မိလိုက်တာတွေကလည်း ကိုးဆယ်ရာခိုင်နှုန်းကျော် မှန်နေတတ်တယ်။ စိတ်ကိုနှစ်ပြီး လုပ်ကြည့်ပါကိုယ့်ညီ။ အဲဒီလိုပဲ ဖြစ်လာလိမ့်မယ်။ ပျော်စရာတောင် ကောင်းပါတယ်။"

"အဲဒီလိုမှတ်မှ ဘာသာပြန်တတ်မှာလား အစ်ကို။"

"ဒီလိုရှိတယ် ကိုယ့်ညီ။ ဥပမာ အင်္ဂလိပ်က မြန်မာဘာသာပြန်ချင်သူတစ်ယောက်ဟာ မြန်မာဝေါဟာရကြွယ်ဝနေဖို့ လိုသလို အင်္ဂလိပ်ဘာသာကိုလည်း အခြေခံထက် အဆင့်မြင့်မြင့် တတ်ထားမှရမယ်။ မြန်မာဝေါဟာရကြွယ်ဝနေဖို့ မြန်မာစာပေကို လေ့လာဆည်းပူးနေရမယ်။ ဒီလိုပဲ အင်္ဂလိပ်စာကိုလည်း လေ့လာနေရမယ်။ ဘာကိုမှ ရပ်ထားလို့မရဘူး။ ကျောင်းမှာ သင်ခဲ့တာတွေအပြင် ဘာသာရပ်နှစ်မျိုးစလုံးကို ဆရာနဲ့လည်းဆက်ပြီး သင်ယူရမယ်။ ဘာသာပြန်ဆရာတွေ ရေးသားထားတဲ့ စာအုပ်တွေကိုလည်း ဖတ်ရမယ်။ မူရင်းဘာသာနဲ့ စာအုပ်ကို မဖတ်ဖူးရင်တောင် ဘာသာပြန်စာအုပ်မှာ စာလုံးတွေ ဝေါဟာရတွေ ဘယ်လိုသုံးသွားသလဲဆိုတာ နည်းယူတတ်ရမယ်။ ဖတ်နေရင်းနဲ့ ထောင့်နေတဲ့ဝါကျတွေ့တဲ့အခါ ကိုယ်ဆိုရင် ဘယ်လိုသုံးမလဲဆိုတာ တွေးကြည့်ရမယ်။"

"အစ်ကို့ဟာကလည်း ကြာလေမလွယ်လေပါလား။"

"လောကကြီးမှာ ဘယ်ဟာမှ မလွယ်သလို မလွယ်ပါတော့ကိုးနိုင်တယ်၊ ဒါပေမယ့် ပုံပြီးတော့ မယုံလိုက်နဲ့။ ယုံလိုက်လို့ အစ်ကိုကိုယ်တိုင် အမှားနဲ့ကြုံရဖူးတယ်။ ဒီတော့ ကိုယ်ဖြတ်သန်းလာသမျှမှာ ကိုယ်ပိုင်မှတ်စု ရှိရတယ်။ တစ်ဆင့်တက်ပြီး ကိုယ့်ရဲ့ရှေ့တစ်ခေတ်ကို အသေးစိတ်မှတ်သားသုတေသန လုပ်နေရတယ်။ သမိုင်းကွင်းဆက်ရအောင်လို့ပေါ့။ ဒီလိုလုပ်တဲ့အတွက် ဘာသာပြန်ရင် အကျိုးကျေးဇူးခံစားရမှာပါ။ စိတ်တော့မပျက်နဲ့ကိုယ့်ညီ။ တချို့ကိစ္စတွေက တမင်မှတ်စရာ မလိုဘဲနဲ့တောင် မှတ်ပြီးသား ဖြစ်သွားတတ်တယ်။ ကိုယ့်ရဲ့စိတ်ပါဝင်စားမှု အတိုင်းအတာအပေါ်မှာ မူတည်တယ်။ အခု အစ်ကိုက ကိုယ့်ညီကို ခင်လွန်းလို့ သိထားတတ်ထားသမျှကို ရှော့အင့်ဆိုပြီးလည်း ပေးလို့မရဘူး။ ကိုယ့်ညီဦးနှောက်က ခံနိုင်မှာမဟုတ်ဘူးလေ။ အချိန်ယူပြီး တစိမ့်စိမ့် မှတ်သားလာမှ ပိုပြီးစွဲမြဲတာ။"

"ဒါကြောင့် အစ်ကိုက ဘာသာပြန်သမားဖြစ်ဖို့ တစ်သက်လုံး အချိန်ယူရမယ် ပြောတာကိုး။ အစ်ကိုတို့ စာတစ်ကြောင်း ဘာသာပြန်ဖို့ကို ရင်းနှီးရတာလည်း များလိုက်တာနော်။"

"ဒါတွင်မကသေးဘူး ကိုယ့်ညီ။ ပြောလက်စနဲ့ ပြောရဦးမယ်။ တို့တွေဘဝက နိုင်ငံရေး၊ စစ်ရေး၊ ပထဝီ၊ သိပ္ပံ၊ ရူပ၊ ဓာတု၊ သစ်တော၊ ဆေးပညာ၊ အစုံအစုံ သိနိုင်သလောက် တတ်နိုင်သလောက် လေ့လာရတယ်။ အကုန်လုံးကို တီးမိ ခေါက်မိအောင် တတ်ထားသိထားရတယ်။ ဘယ်ဟာဆို ဘယ်နေရာမှာ ရှာရမယ်ဆိုတာ၊ ဘယ်သူ့ကို မေးလိုက်ရင် ရမယ်ဆိုတာကိုလည်း သိထားရတယ်။"

"အစ်ကိုတို့ တစ်နေ့တစ်နေ့ စာတွေဖတ်နေရတော့မှာ ပေါ့နော်။"

"ဖတ်နိုင်သရွေ့တော့ ဖတ်ရတယ်ကိုယ့်ညီ။ လူကိုယ်တိုင်လည်း အသိပညာအခံလေးရှိနေရမယ်။ အဲဒါကို ဆင့်ပွားလေ့လာမှုလည်း ရှိရမယ်။ မှတ်သားတတ်မှုလည်း ရှိရမယ်။ အဓိကကတော့ မဆုတ်မနစ်အလုပ်လုပ်ချင်စိတ် ရှိရမယ်။ အဲဒီလို အချက်တွေပြည့်စုံရင်တော့ သုံးနှစ်လောက်အတွင်း ဘာသာပြန်သမားတစ်ယောက်တော့ ဖြစ်လာနိုင်ပါတယ်။ ဘာသာပြန်သမားလို့ အစ်ကို ပြောပါတယ်နော်။ ဘာသာပြန်သမားကောင်းလို့တော့ မပြောပါဘူး။ အဲဒီအဆင့်ကို ရောက်ချင်ရင်တော့ အတွေ့အကြုံတွေကိုစုပြီး သမ္မာရှိအောင် ဆက်ကြိုးစားရလိမ့်မယ်။ ထမင်းရှာစားလို့ ရရုံလောက်ကတော့ လွယ်ပါတယ်။ ပညာသည်၊ ပညာရှင်ဖြစ်ဖို့က တစ်သက်လုံး ဆက်ကြိုးစားရမှာ။ စိန်ခေါ်မှုတွေကို ကျော်လွှားနေရမှာပဲ ကိုယ့်ညီ။ ဘယ့်နှယ်လဲ။ ဘာသာပြန်သမားဖြစ်ဖို့ စိတ်ပျက်သွားပြီလား။"

"စိတ်တော့ မပျက်ဘူးအစ်ကို။ ကိုယ့်ဘာသာတော်တော်ကြိုးစားရမယ်လို့ပဲ စိတ်ထဲ ဖြစ်မိတယ်။"

"တို့ပုထုဇဉ် လူသာမန်တွေဟာ မွေးကတည်းကတော့ ဘယ်သူမှ အတတ်ပညာ ပါမလာကြဘူး ကိုယ့်ညီ။ လူ့သက်တမ်းတိုတိုလေးမှာ ပညာကို လက်ယက်တွင်းများလို စုဆောင်းနိုင်သမျှ စုဆောင်းရတာပဲ။ ကိုယ့်ညီလည်း ဖွဲမလျှော့ဘဲ ကြိုးစားရင် ဖြစ်ရမှာပေါ့။"

"ဟုတ်ကဲ့အစ်ကို။ ကျွန်တော်ကြိုးစားပါ့မယ်။ ကျွန်တော့်ကို သင်လည်းသင်ပေးပါ။"

"ဟေ....ကိုယ့်ညီက အစ်ကို့ဆီမှာ ဘာသာပြန်သင်တန်းလာတက်မလို့လား။ အေး... ကောင်းကွာ....။"

စာရေးသူအနေဖြင့် ကိုယ်သိသလောက်လေး ပြောပြလမ်းညွှန်မိလိုက်သည့်အတွက် ငြင်းမရသည့် တပည့်တစ်ယောက်ကို မမျှော်လင့်ဘဲ ကောက်ရလိုက်ပါတော့သည်။ ။

ကြေးမုံ
ဇန်နဝါရီ ၄၊ ၂၀၂၂



# မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ကို ဇန်နဝါရီ ၅ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်မည်

**ရန်ကုန် ဇန်နဝါရီ ၃**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးရှိ မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ကို ယာယီပိတ်ထားခဲ့ရာ ဇန်နဝါရီ ၅ ရက်မှစတင်၍ နေ့စဉ်ပိတ်ရက်မရှိ ပြန်လည်ဖွင့်လှစ်ပြသပေးသွားမည်ဖြစ်သောကြောင့် လာရောက်လေ့လာကြည့်ရှုကြမည့် ရုပ်ရှင်ချစ်သူပရိသတ်များအနေဖြင့် သတ်မှတ်ထားသော ကျန်းမာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ သိရသည်။

**နေ့စဉ်ပိတ်ရက်မရှိ**

"အရင်တုန်းကတော့ ရုံးပိတ်ရက်တွေလောက်ပဲ ဖွင့်တာပါ။ ကြားကာလမှာ ကိုဗစ်ဒုတိယလှိုင်းကာလကြောင့် ခဏရပ်ထားတာဖြစ်ပါတယ်။ လာမယ့်ဇန်နဝါရီ ၅ ရက်က စပြီးတော့ ရုံးဖွင့်ရက်အပါအဝင် နေ့စဉ်ပိတ်ရက်မရှိ ဖွင့်လှစ်ပြသသွားဖို့ စီစဉ်ထားပါတယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ(၁) ဦးအေးကြူလေးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဝင်္ဘာလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်းအတွင်း၌ ဖွင့်လှစ်ပြသသွားမည့် အဆိုပါ မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်အား ရုပ်ရှင်ချစ်သူပရိသတ်များအတွက် နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ဖွင့်လှစ်ပြသထားမည်ဖြစ်ရာ ပြတိုက်ဝင်ကြေးအနေဖြင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ နှုန်း သတ်မှတ်ထားကြောင်းလည်း သိရသည်။

**ခင်းကျင်းပြသထားမည်**

မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်အား ပြည်သူများအကြား အမှတ်တရထင်ကျန်ခဲ့စေရန်အတွက် မြန်မာ့ရုပ်ရှင်လောကကို ပြီးခဲ့သည့် နှစ် ၁၀၀ ခန့်က ထူထောင်လာခဲ့ကြသော ပုဂ္ဂိုလ်ကြီးများ၊ မြန်မာ့ရုပ်ရှင်လောကတွင် ထင်ထင်ရှားရှား ပြောင်ပြောင်မြောက်မြောက် ဖန်တီးခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ သရုပ်ဆောင်များ၊ ဒါရိုက်တာများနှင့်ခါတ်ပုံပညာရှင်များ၏ ပေါ်ထွန်းခဲ့မှုများကို ခင်းကျင်းပြသထားမည်ဖြစ်ကြောင်းလည်း သိရသည်။

**ပွင့်သစ္စာ**

# ပညာပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတများကို ထိန်းသိမ်းခြင်းဖြင့် ငါးရိက္ခာဖူလုံစေရန် အစားအစာဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် စဉ်ဆက်မပြတ်ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ငါးမွေးမြူရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း၊ မျိုးထိန်းသိမ်းခြင်း ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိပါသည်။

အလှမွေးငါးအဖြစ်မွေးမြူရန်နှင့် အလှမွေးငါးကန်များတွင် ရေညှိရေမှော်များရှင်းလင်းရန်အတွက် ပြည်ပမှ တင်သွင်းလာသည့် စုပ်ခွက်ငါး Sucker mouth catfish ( Hypostomus plecostomus) များသည် ယခုအခါ မြန်မာနိုင်ငံ၏ မြစ်ချောင်းများတွင် ပျံ့နှံ့ရှိသာမက ငါးမွေးမြူရေးကန်များအတွင်း ဝင်ရောက်မှုကြောင့် အဓိကထား မွေးမြူထားသော ငါးများနှင့် အစာလုယူစားသုံးပါသဖြင့် အစာပိုမိုကုန်ကျပြီး လုပ်ငန်းရှင်များအရှုံးပေါ်ခြင်း၊ ငါး၏ဆူးတောင်မှ မွေးမြူရေးငါးများ၏ခန္ဓာကိုယ်အရေပြား၊ အကြေးခွံများ အနာတရဖြစ်စေ၍ ရောဂါဖြစ်ပေါ်ခြင်း၊ နေထိုင်သည့် ဓလေ့ကြောင့် ကန်အောက်ခြေ/တာပေါင်များ ပျက်စီးစေပြီး ရေရှည်တွင် မြန်မာ့ဒေသရင်းငါးမျိုးစိတ်များနှင့် ရေမြေသဘာဝကို ထိခိုက်ပျက်စီးစေနိုင်ကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် အချို့သောအလှမွေးငါးများသည် သဘာဝပတ်ဝန်းကျင်ထိခိုက်ခြင်းများ၊ ဒေသတွင်းတိုင်းရင်းငါးမျိုးစိတ်များ၏ မျိုးပြန့်ပွားမှုများအား အဟန့်အတားများဖြစ်စေကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ အလှမွေးငါးများအား မွေးမြူရာတွင် ပြင်ပသို့လွတ်ထွက်စေခြင်းမရှိစေရေး အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် စုပ်ခွက်ငါးများအား သဘာဝရေပြင်တွင်တွေ့ရှိပါက ရေသတ္တဝါ အစားထိုးကုန်ကြမ်းအဖြစ် အသုံးပြုကြရန် သင့်လျော်သောနည်းလမ်းဖြင့် ဖယ်ရှားဖျက်ဆီးပါရန် နှိုးဆော်အပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# ဝန်းသိုမြို့နယ်၌ 11KV လျှပ်စစ်ဓာတ်အားလိုင်း တပ်ဆင်ခြင်းနှင့် 11/0.4(100)KV ထရန်စဖော်မာ ရွှေ့ပြောင်းတပ်ဆင်ခြင်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ဝန်းသို ဇန်နဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် မြောက်ရွာကျေးရွာ၌ 11KV လျှပ်စစ်ဓာတ်အားလိုင်းတပ်ဆင်ခြင်းနှင့် 11/0.4(100)KV ထရန်စဖော်မာ ရွှေ့ပြောင်းတပ်ဆင်ခြင်း လုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ယင်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်ဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်လွင်အောင်တို့က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးမြင့်သူက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ထရန်စဖော်မာ ရွှေ့ပြောင်းတပ်ဆင်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်းက မြစိမ်းရောင်အတိုးရငွေဖြင့် 11KV လျှပ်စစ်ဓာတ်အားလိုင်း ပေ ၁၇၀၀ တပ်ဆင်ခြင်းနှင့် 11/0.4(100)KV ထရန်စဖော်မာ ရွှေ့ပြောင်းတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ယင်းကျေးရွာမှ မီးလင်းရေးကော်မတီဝင်တစ်ဦးနှင့် ရပ်မိရပ်ဖတစ်ဦးက အသုံးစရိတ်ရှင်းတမ်းနှင့် ကျေးဇူးတင်စကား ပြောကြားကြသည်။

**ပြည့်ပြည့်ဝဝသုံးစွဲနိုင်**

ယင်းနောက် မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် အိမ်ခြေ ၁၂၀ ကျော်၊ လူဦးရေ ၇၀၀ ကျော်တို့အတွက် များစွာအကျိုးပြုခဲ့သည့်အပြင် တစ်ရွာလုံးက လျှပ်စစ်ဓာတ်အားကို ပြည့်ပြည့်ဝဝ သုံးစွဲနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

**မွေးကြူဇင်**

# ကျောက်တန်းသီလဝါစက်မှုဇုန်အနီး တန်ဖိုးနည်းအိမ်ရာ တိုက်ခန်းများရောင်းမည်

**ရန်ကုန် ဇန်နဝါရီ ၃**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်ကျောက်တန်းမြို့နယ် သီလဝါစက်မှုဇုန်(Local Industrial Zone)နှင့် TSEZ စက်မှုဇုန်အနီး၌ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တည်ဆောက်ခဲ့သော တန်ဖိုးနည်းအိမ်ရာ တိုက်ခန်းများကို ဆောက်လုပ်ပြီးစီးပြီဖြစ်၍ လက်ငင်းငွေ အကြေပေးသွင်းကာ ဝယ်ယူနိုင်သလို အိမ်ရာနှင့် အဆောက်အအုံဖွံ့ဖြိုးရေးဘဏ်(CHID BANK)၌ စုဆောင်းငွေများစာရင်းဖွင့်၍ ဘဏ်ချေးငွေ ရှစ်နှစ်မှ ၁၅ နှစ် အရစ်ကျပေး၍ ဝယ်ယူနိုင်ကြောင်း သိရသည်။

**ဈေးနှုန်းများ**

ရောင်းချပေးမည့် တိုက်များနှင့် အခန်းများမှာ လေးခန်းတွဲ ငါးထပ်တိုက် ၁၂ လုံးမှ စတုရန်းပေ ၆၅၀ အကျယ်ရှိ အခန်း ၂၄၀၊ ရှစ်ခန်းတွဲ ငါးထပ်တိုက် သုံးလုံးမှ စတုရန်းပေအကျယ် ၉၄၀၊ ၄၄၀၊ ၄၀၀ ရှိ အခန်း ၁၀၈ ခန်း၊ ရှစ်ခန်းတွဲ ငါးထပ်တိုက် ၁၆ လုံးမှ စတုရန်းပေ ၄၄၀၊ ၄၀၀ ရှိ အခန်း ၆၄၀၊ ခြောက်ခန်းတွဲ ငါးထပ်တိုက် ၂၄ လုံးမှ စတုရန်းပေအကျယ် ၃၈၄ ပေရှိ အခန်း ၇၂၀ တို့ဖြစ်သည်။

ဈေးနှုန်းများမှာ ရှစ်ခန်းတွဲ ငါးထပ်တိုက် စတုရန်းပေ ၄၄၀၊ ၄၀၀ ရှိ မြေညီထပ် ၁၃၄ သိန်း၊ ပထမထပ် ၁၂၁ သိန်း၊ ၁၃၁ သိန်း ဈေးနှစ်စား၊ ဒုတိယထပ် ၁၁၅ သိန်း၊ ၁၂၄ သိန်း ဈေးနှစ်စား၊ တတိယထပ် သိန်း ၁၁၀၊ ၁၁၈ သိန်း ဈေးနှစ်စား၊ စတုတ္ထထပ် ၁၀၄ သိန်း၊ ၁၁၂ သိန်း၊ ခြောက်ခန်းတွဲ ငါးထပ်တိုက် စတုရန်းပေ ၃၈၄ ပေ တိုက်မှ မြေညီထပ် ၁၂၃ သိန်း၊ ပထမထပ် ၁၁၅ သိန်း၊ ဒုတိယထပ် သိန်း ၁၁၀၊ တတိယထပ် ၁၀၄ သိန်း၊ စတုတ္ထထပ် ၉၉ သိန်း စသည်တို့ဖြစ်သည်။

အိမ်ခန်းများဝယ်ယူရာ၌ လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူလိုသူများသည် ကိုယ်တိုင်လာရောက်ပြီး မှတ်ပုံတင်မူရင်းနှင့်အတူ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အိမ်ရာစုဆောင်းငွေစာအုပ်မူရင်းတို့ကို တစ်ပါတည်း ယူဆောင်လာရမည်ဖြစ်သည်။ ဌာနသို့ တန်ဖိုးငွေပေးသွင်းရန်အတွက် ငွေသွင်းချလန်ကို ဝယ်ယူသည့်နေ့တွင် တစ်ပါတည်းဖြတ်ပေးမည်ဖြစ်၍ ဘဏ်ငွေသွင်းချလန်ကို ဌာနသို့ တစ်ပတ်အတွင်း မပျက်မကွက်ပြန်လည်ပေးအပ်ရမည်ဖြစ်ကာ ငွေပေးသွင်းခြင်းမရှိပါက ဝယ်ယူခွင့်ပယ်ဖျက်မည်ဖြစ်ကြောင်း သိရသည်။



ဘဏ်ချေးငွေဖြင့် ဝယ်ယူလိုသူများသည် CHID ဘဏ်တွင် အခန်းတန်ဖိုး၏ (၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်း)အတွင်း ကနဦးပေးသွင်းဝယ်ယူနိုင်သည်။ ချေးငွေရယူရန်အတွက် CHID ဘဏ်မှ အိမ်ရာချေးငွေ လျှောက်ထားသူများသည် ချေးငွေရယူရန်အတွက် လိုအပ်သည့်အထောက်အထားအပြည့်အစုံကို မိမိတို့စာရင်းဖွင့်လှစ်ထားသည့် CHID ဘဏ်သို့ လျှောက်ထားရန်နှင့် ဘဏ်မှ ချေးငွေခွင့်ပြုနိုင်သည့်သူများကိုသာ အိမ်ရာချေးငွေဖြင့် ဝယ်ယူခြင်းကို အတည်ပြုပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

# ကိုကိုးကျွန်းမြို့နယ်၌ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံဖြင့် ၂၄ နာရီ လျှပ်စစ်မီးလင်းပြီ



**ရန်ကုန် ဇန်နဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်သည် ကမ်းရိုးတန်းနှင့် အလှမ်းကွာဝေးသော ကပ္ပလီပင်လယ်တွင်းရှိ ကျွန်းမြို့နယ်တစ်ခုဖြစ်ပြီး ဆက်သွယ်သွားလာရေး ခက်ခဲသော နေရာတစ်ခုဖြစ်ရာ ယခင်က ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခဲ့သော်လည်း ယခုအခါ ရန်ကုန်တိုင်းဒေသကြီး အစိုးရနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ကျွန်းပေါ်တွင် နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခုကို တည်ဆောက်ကာ ဇန်နဝါရီ ၁ ရက်တွင် ကျွန်းတစ်ခုလုံးသို့ လျှပ်စစ်ဓာတ်အား စတင်စမ်းသပ်ထုတ်လုပ်ခဲ့ပြီး ယနေ့မှစတင်၍ ၂၄ နာရီ ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ကိုကိုးကျွန်းမြို့နယ်သည် ယခင်က လျှပ်စစ်ဓာတ်အားကို ရန်ကုန်လျှပ်စစ် ဓာတ်အားပေးရေးကော်ပိုရေးရှင်းက ဖြန့်ဖြူးပေးသည့် ဒီဇယ် အင်ဂျင်မီးစက်များဖြင့် နေ့စဉ် ညနေ ၆ နာရီမှ ၁၂ နာရီအထိ (တစ်နေ့ ခြောက်နာရီခန့်သာ) အချိန်အကန့်အသတ်ဖြင့် သုံးစွဲနေခဲ့ကြရပြီး လျှပ်စစ်ဓာတ်အား ၂၄ နာရီ သုံးစွဲနိုင်ခြင်းမရှိသောကြောင့် ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ စီးပွားရေး စသည့် ဒေသဖွံ့ဖြိုးရေးတို့မှာလည်း နောက်ကျနေခဲ့ရသည်။

ကိုကိုးကျွန်းမြို့နယ်နေ ပြည်သူတို့၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ ဘဏ္ဍာရန်ပုံငွေဖြင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းက နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ (၀.၅ မဂ္ဂါဝပ်)ကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီတွင် လျှပ်စစ်ဓာတ်အားကို ကျွန်းတစ်ခုလုံးသို့ စတင်စမ်းသပ်ထုတ်လွှတ် ဖြန့်ဖြူးပေးခဲ့သည်။

ယခု အသစ်တည်ဆောက်ဓာတ်အားပေးနိုင်ခဲ့သည့် ကိုကိုးကျွန်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသည်(Solar + Battery + Diesel Generator) Hybrid System အမျိုးအစားဖြစ်ပြီး မြန်မာကုမ္ပဏီနှင့် ဂျပန်ကုမ္ပဏီတို့ ဖက်စပ်ဖွဲ့စည်းတည်ထောင်ထားသည့် Kyocera Communication Systems Kinetic Myanmar Co., Ltd သို့ လုပ်ငန်းအပ်နှံကာ ဂျပန်နိုင်ငံ Kyocera Company ၏ ဒီဇိုင်းဖြင့် တပ်ဆင်တည်ဆောက်ထားသော ခေတ်မီနည်းပညာများ အသုံးပြုထားသည့် နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ဓာတ်အားပေးစက်ရုံတစ်ခုဖြစ်သည်။

သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) တစ်ခုဖြစ်သော နေရောင်ခြည်စွမ်းအင်ကို အသုံးပြုထားသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ အမျိုးအစားဖြစ်ကာ လျှပ်စစ်ဓာတ်အားကို နေ့အချိန်တွင် နေရောင်ခြည်စွမ်းအင်ဖြင့် တိုက်ရိုက်အသုံးပြုနိုင်ပြီး တစ်ချိန်တည်းမှာပင် နေရောင်ခြည်စွမ်းအင်မှရရှိလာသော လျှပ်စစ်စွမ်းအင်ကို ဘက်ထရီများသို့ အားဖြည့်သိုလှောင်ပေးထားမည်ဖြစ်သည်။ ညအချိန်တွင် သိုလှောင်ထားသည့် ဘက်ထရီများမှ လျှပ်စစ်ဓာတ်အားကို ပြန်လည်ထုတ်လုပ်ဓာတ်အားပေးနိုင်မည်ဖြစ်ကာ ရာသီဥတုအခြေအနေများကြောင့် နေရောင်ခြည်ရရှိမှု နည်းပါးသည့်အချိန်များတွင် ဒီဇယ်အင်ဂျင်(Diesel Generator) မှ ဓာတ်အားဖြည့်ကူ ထုတ်လုပ်ပေးနိုင်သော ဓာတ်အားပေးစနစ်လည်း ဖြစ်သည်။

အဆိုပါ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ထုတ်လုပ်ပေးသည့် လျှပ်စစ်ဓာတ်အားများကို ကိုကိုးကျွန်းမြို့နယ်ရှိ ဓာတ်အားသုံးစွဲသူ ပြည်သူများသို့ လျှပ်ကာပါသော ၁၁ ကေဗွီ SAC ဓာတ်အားလိုင်း ပေ ၁၁၇၀၀ ခန့်၊ ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ လေးလုံး (သုံးစွဲ နှစ်လုံး၊ အရန်နှစ်လုံး)၊ လျှပ်ကာပါသော ၄၀၀ ဗို့ ABC ဓာတ်အား ဖြန့်ဖြူးလိုင်း ပေ ၁၈၄၀၀ ခန့်တို့ကို အသစ်လဲလှယ် တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးပေးနေပြီဖြစ်ကြောင်း သိရသည်။

စက်ရုံတည်ဆောက်ခြင်းစီမံကိန်းကို သယ်ယူပို့ဆောင်ရေးအခက်အခဲများ၊ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများ၊ ဆက်သွယ်သွားလာရေး အခက်အခဲများ စသည့် အခက်အခဲအကျပ်အတည်းများကြားမှ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် တာဝန်ရှိသူများက ကြိုးစားအားထုတ် ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်သည်။

မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ရန်ကုန်တိုင်းဒေသကြီးသည် လျှပ်စစ်ဓာတ်အား သုံးစွဲမှုတွင် တိုင်းဒေသကြီးတစ်ခုလုံးရှိ မြို့ပြနှင့် ကျေးလက်နေ မီးသုံးသူ ပြည်သူအားလုံးသို့ ၁၀၀ ရာခိုင်နှုန်း ဓာတ်အားအပြည့်အဝပေးနိုင်သည့် ပထမဦးဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်လာမည်ဖြစ်ပြီး ယခု ကိုကိုးကျွန်းမြို့နယ်သည်လည်း ထပ်မံ၍ ၂၄ နာရီ ဓာတ်အားရရှိသည့် မြို့နယ်တစ်ခုဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရပ်ရွာဒေသများအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ကဏ္ဍဖြင့် ဂုဏ်ယူဖွယ်ရာ မြှင့်တင်ပေးနိုင်ခြင်းသည် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းနှင့် ရပ်ရွာဒေသအဖွဲ့အစည်းများ၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက် ကြိုးပမ်းအားထုတ်မှုများ ဖြစ်ကြောင်း သိရသည်။

**သတင်း - မောင်စိန်လွင်**
**ဓာတ်ပုံ - ကျော်စိုး (ကိုကိုးကျွန်း)**

# မူဆယ်မြို့ နယ်စပ်ဒေသမှတစ်ဆင့် တရုတ်နိုင်ငံဘက်သို့ သစ်သီးတင်ပို့မှုအရောင်းအဝယ် ပြန်လည်စတင်



**မူဆယ် ဇန်နဝါရီ ၃**

တရုတ်နိုင်ငံ ဝမ်တိန်မြို့ ကားဝင်းထဲ၌ ထောင်ချီသောင်တင် ပိတ်မိနေသော ခါလီယာဉ်များ ပြန်လည်ထွက်လာနိုင်ခြင်းကြောင့် မူဆယ်မြို့ နယ်စပ်ဒေသမှတစ်ဆင့် တရုတ်နိုင်ငံ ဝမ်တိန်ဘက်သို့ သစ်သီးတင်ပို့ရောင်းဝယ်မှုကို သုံးရက်ယာယီရပ်တန့်ခဲ့ရာ ဇန်နဝါရီ ၃ ရက်တွင် တင်ပို့ရောင်းဝယ်မှုအား ပုံမှန်အတိုင်း ပြန်လည်စတင်ခဲ့ပြီဖြစ်ကြောင်း မူဆယ်မြို့ (၁၀၅)မိုင် သစ်သီးအေးဂျင့်မိသားစုထံမှ သိရသည်။

တရုတ်နိုင်ငံ ဝမ်တိန်ကားဝင်းထဲ၌ ခါလီယာဉ်များ ပိတ်မိနေသည့် ကာလအတွင်းတွင် ပြည်တွင်းဘက်ရှိ ခါလီယာဉ်ငှားရမ်းမှုသည် ယခင်ပုံမှန်ဈေးနှုန်းထက် တစ်ဆမြင့်တက်နေသလို သစ်သီးတင်ပို့နိုင်ရန် ခါလီယာဉ်ရှာဖွေမှုခက်ခဲလာမှုတို့ကြောင့် သစ်သီးတင်ပို့မှုအရောင်းအဝယ်ယာယီရပ်တန့်နေခြင်းဖြစ်သည်။ ပိတ်မိနေသည့် ခါလီယာဉ်များကို အမြန်ဆုံးပြန်ထွက်လာနိုင်ရန် မူဆယ်မြို့ နယ်စပ်ဒေသ အာဏာပိုင်များက တရုတ်နိုင်ငံ နယ်စပ်ဒေသအာဏာပိုင်များထံ တောင်းဆိုဆွေးနွေးမှုများပြုလုပ်ပြီးနောက် ခါလီယာဉ်များ ပြန်လည်ထွက်လာနိုင်ခြင်းဖြစ်သည်။ လက်ရှိတွင် ပိတ်မိနေသည့် ခါလီယာဉ်များ တစ်ရက်လျှင် အစီးရေ စုစုပေါင်း ၄၀၀ ကျော် ပြန်ထွက်လာနိုင်ခြင်းကြောင့် ခါလီယာဉ် အားလုံးနီးပါး ပြန်ထွက်လာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အရောင်းအဝယ်ပြန်လည်စတင်သည့် ဇန်နဝါရီ ၃ ရက်တွင် မြန်မာ-တရုတ်နှစ်နိုင်ငံ အဝင်/အထွက်ဂိတ်၊ ကျင်စန်းကျော့ဂိတ်မှတစ်ဆင့် သစ်သီးယာဉ်စုစုပေါင်း အစီး ၃၀၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

"အခုတော့ အဆင်ပြေသွားပါပြီ။ ဝမ်တိန်ကားဝင်းထဲက ခါလီယာဉ်တွေ ကုန်သလောက်ဖြစ်နေပါပြီ။ ဒီနေ့ နံနက်ပိုင်းမှာ သစ်သီးယာဉ် စုစုပေါင်း ၁၈၁ စီးနှင့် နေ့ခင်းပိုင်းမှာ အစီး ၁၃၀ တို့ကို တစ်ဖက်နိုင်ငံဘက်သို့ တင်ပို့နိုင်ခဲ့ပါတယ်။ သစ်သီးအရောင်းအဝယ်နဲ့ပတ်သက်ပြီး ခန့်မှန်းရောင်းလိုအားနဲ့ ဝယ်လိုအားညီမျှနေမယ်ဆိုရင် ဈေးတက်လာဖို့ မျှော်လင့်ပါတယ်"ဟု (၁၀၅)မိုင် သစ်သီး အေးဂျင့်အဖွဲ့ဝင် ဦးစိုးခိုင်က ပြောကြားသည်။

သစ်သီးအရောင်းအဝယ် ပြန်လည်စတင်ပြီးနောက် ခါလီယာဉ်များ ပြန်လည်မပိတ်မိစေရန်အတွက် နှစ်ဖက်တာဝန်ရှိသူများ ဆွေးနွေးတိုင်ပင်ထားကြောင်း သိရပြီး ကုန်ချပြီးသည့် ခါလီယာဉ်များအနေဖြင့်လည်း တရုတ်နိုင်ငံ ဝမ်တိန်မြို့သို့ ဝင်ရောက်သွားသည့် စီနီယာအတိုင်း စနစ်တကျစီတန်း၍ ပြန်လည်ထွက်လာကြရန် လိုအပ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့အပတ်က ခါလီယာဉ်တွေ ပိတ်မိနေပြီး သစ်သီးအရောင်းအဝယ်ရပ်တန့်ခဲ့ရပါတယ်။ နောက်ထပ် ခါလီယာဉ်တွေ ထပ်မပိတ်မိဖို့အတွက် နယ်စပ်ဒေသ၊ တာဝန်ရှိအာဏာပိုင်တွေနဲ့ တရုတ်နိုင်ငံဘက်က တာဝန်ရှိသူတွေ နှစ်ဖက်ဆွေးနွေးညှိနှိုင်းတိုင်ပင်ခဲ့ကြပါတယ်။ ဒါ့ပြင် ဒီဘက်က စီနီယာအတိုင်းဝင်ရောက်သွားတဲ့ သစ်သီးပို့ကုန်ယာဉ်အနေနဲ့ ကုန်ချပြီးနောက် ဝမ်တိန်ကွင်းဘက်မှာ စီနီယာအတိုင်း စနစ်တကျစီတန်းပြီးတော့ သူ့စီနီယာ ယာဉ်အတိုင်းပြန်ထွက်လာမယ်ဆိုရင် ပိတ်မိတဲ့ကိစ္စမျိုးလည်း မဖြစ်တော့ဘူးပေါ့"ဟု မူဆယ်မြို့ (၁၀၅)မိုင် သစ်သီးအေးဂျင့်မိသားစုအသင်းမှ ဒုဥက္ကဋ္ဌ ဒေါ်အေးဇင်မြင့်က ပြောသည်။

လက်ရှိအချိန်တွင် သစ်သီးဈေးနှုန်းသည် မတည်မငြိမ်ဖြစ်နေပြီး အလျှင်ရောင်းဝယ်လိုခြင်းနှင့်အတူ အရည်အသွေးမပြည့်မီသည့် သစ်သီးတင်ပို့မှုများပြားလာခြင်းကြောင့် ဈေးနှုန်းကျဆင်းခဲ့သလို သစ်သီးဈေးနှုန်းကောင်းရရှိနိုင်ရန်အတွက် တောင်သူများအနေဖြင့် အရည်အသွေးပြည့်မီသည့် သစ်သီးများကို ဦးစားပေးတင်ပို့ကြရန် လိုအပ်ကြောင်း သစ်သီးကုန်သည်များ၏ ပြောကြားချက်အရ သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**



# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း တောင်သူလယ်သမားသင်တန်းကျောင်းနှင့် ကုန်းကြီး-ဥယျာဉ်မှူးကျေးရွာချင်းဆက် ကွန်ကရစ်လမ်းဖွင့်ပွဲ တက်ရောက်



**ရေတာရှည် ဇန်နဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ စိုက်ပျိုးရေးဦးစီးဌာနရုံးအတွင်း တောင်ငူခရိုင်ကိုယ်စားပြု တောင်သူလယ်သမားသင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်တင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်တို့က သင်တန်းကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက မြန်မာနိုင်ငံ၏ စီးပွားရေးတွင် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသစီးပွားရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေဆဲဖြစ်ပြီး လယ်ယာထုတ်ကုန်ကဏ္ဍ GDP အနေဖြင့် ၂၄ ဒသမ ၂ ရာခိုင်နှုန်း ပါဝင်နေပါကြောင်း၊ နိုင်ငံတွင်း လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသနေ တောင်သူများဖြစ်ကြကြောင်း၊ ပဲခူးတိုင်းဒေသကြီး အတွင်း လူဦးရေစုစုပေါင်း ၅ သန်း ကျော်တွင် ကျေးလက်ဒေသတွင်နေထိုင်သူ ၃ ဒသမ ၇၉ သန်း၊ ရာခိုင်နှုန်းအားဖြင့် ၇၆ ရာခိုင်နှုန်း၊ မြို့ပြနေသူ ၁ ဒသမ ၂ သန်း (၂၄ ရာခိုင်နှုန်း) ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း စပါးနှင့်ပဲမျိုးစုံကို အဓိကထား စိုက်ပျိုးလျက်ရှိပြီး ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံ၊ ဟင်းသီးဟင်းရွက်သစ်သီးဝလံများလည်း ဖြစ်ထွန်းအောင်မြင်လျက်ရှိရာ သီးနှံအရည်အသွေး အထွက်ကောင်းမွန်စေရန် မျိုးကောင်းမျိုးသန့်မျိုးစေ့များ အသုံးပြုစိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေသည်များလည်း ရှိနေပါကြောင်း၊ ယနေ့ဖွင့်လှစ်သည့် သင်တန်းကျောင်းသည် ပဲခူးတိုင်းဒေသကြီးအတွင်း တတိယမြောက်သင်တန်းကျောင်းဖြစ်ပြီး စိုက်ပျိုးရေးထွက်ကုန်များ၊ ခိုင်မာသောဈေးကွက်ရရှိစေရေး၊ ကုန်ကြမ်းအဆင့်ထုတ်လုပ်မှုမှ တန်ဖိုးမြှင့်ထုတ်ကုန်များဖြင့် နိုင်ငံတကာ ဈေးကွက်သို့ တင်ပို့ရောင်းနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်မှုများလည်း ရှိနေပြီဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်က ကဏ္ဍနယ်ပယ်အသီးသီးတွင် ရန်ပုံငွေရရှိမှု၊ သုံးစွဲမှုများနှင့် လွှတ်တော်ဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က သင်တန်းကျောင်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကုန်းကြီးကျေးရွာအုပ်စု ရန်ကုန်-မန္တလေးကားလမ်း၊ ကုန်းကြီးလမ်းဆုံနှင့် သိုင်းဝကျေးရွာအုပ်စု ဥယျာဉ်မှူးကျေးရွာတို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၃၈၈ ဒသမ ၁ သန်းဖြင့် မြတ်ဘုန်းသခင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် အရှည်နှစ်မိုင် ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ခုနစ်လက်မရှိ ကွန်ကရစ်လမ်းပိုင်းနှင့် ပြည်ထောင်စုရန်ပုံငွေကျပ် ၉၀ ဒသမ ၁ သန်းဖြင့် အောင်ဆုယူကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့သော အရှည်ငါးဖာလုံကွန်ကရစ်လမ်းပိုင်းတို့ကို တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## ရေကြည်မြို့နယ်၌ အင်းငါးထုတ်လုပ်မှု တိုးတက်အောင် ဆောင်ရွက်နိုင်မှု စစ်ဆေး

**ပုသိမ် ဇန်နဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးမျိုးလွင်သည် ဇန်နဝါရီ ၂ ရက်က ဝဲနှမြစ်အနောက်ဘက်ကမ်း ကွင်းလျားကျေးရွာအုပ်စုရှိ ကွင်းချောင်းအင်း၊ ကမ်းနီကျေးရွာအုပ်စုရှိ ကျုံတုံး၊ ဘိုးတော်၊ ကမ်းနီ၊ ကတုံးအင်းနှင့် ဝဲနှမြစ်အရှေ့ဘက်ကမ်း နှောကုန်းကျေးရွာအုပ်စုရှိ ကြိမ်ချောင်ထန်းပင်ကျိုးအင်း၊ မထိမြစ်ကျိုးအင်းများသို့ အင်းငါးတိုးတက်ထုတ်လုပ်နိုင်အောင်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မနက်ဖြန် နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၃**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**






# ဇန်နဝါရီ ၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၇၂၉ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၇,၆၆၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၂၉)ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၃-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၅၁၅) ခု | (၁၁၈) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၅၇၉) ခု | (၂၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၅၇၂) ခု | (၆၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၀၄) ခု | (၁၄) ဦး |
| ဆေးတက္ကသိုလ် (၁) (ရန်ကုန်) | (၉၇) ခု | (၁၆) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၈၀) ခု | (၂၅) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၁၄) ခု | (၂၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၈) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၈၄) ခု | (၁၀၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၂,၉၇၇) ခု | (၃၃၀) ဦး |
| **စုစုပေါင်း** | **(၁၇,၆၆၂) ခု** | **(၇၂၉) ဦး** |

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❍



# မိုးကောင်းမြို့၌ တိမ်ပင်လယ်ခရီးစဉ်ဒေသသစ် ဖော်ဆောင်လျက်ရှိ နှစ်စဉ် နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိ လေးလကြာကြည့်ရှုနိုင်မည်

**မိုးကောင်း ဇန်နဝါရီ ၃**

ကချင်ပြည်နယ် မိုးကောင်းမြို့၌ တိမ်ပင်လယ်ခရီးစဉ်ဒေသသစ်ဖော်ဆောင်လျက်ရှိရာ အများပြည်သူများ အပန်းဖြေကြည့်ရှုနိုင်ရန် ယနေ့နံနက်ပိုင်းက ဝါးကွပ်ပျစ်များ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

မိုးကောင်းမြို့၏အရှေ့တောင်ဘက်ရှိ လွိုင်ဟင်းချယ်တောင်ပေါ်မှ ကြည့်ရှုရသည့် တိမ်ပင်လယ်အား ခရီးစဉ်ဒေသသစ်ဖော်ဆောင်နိုင်ရန် ပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက ကြည့်ရှုလေ့လာကာ ခရီးစဉ်ဒေသသစ်ဖော်ဆောင်နိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဇန်နဝါရီ ၄ ရက်နေ့တွင်ကျရောက်သည့် လွတ်လပ်ရေးနေ့တွင် အများပြည်သူများ တက်ရောက်ကြည့်ရှုအပန်းဖြေနိုင်ရန် We Love Mogaung အဖွဲ့နှင့် ကြာအင်းရွာမကျေးရွာလူငယ်များပူးပေါင်း၍ ဝါးကွပ်ပျစ်နှစ်ခု ဆောက်လုပ်ခဲ့ကြသည်။

အဆိုပါ တိမ်ပင်လယ်ကြည့်ရှုနိုင်ရန် မိုးကောင်းမြို့မှတောင်ခြေသို့ မိနစ်နှစ်ဆယ်ခန့် ကား၊ ဆိုင်ကယ်တို့ဖြင့် သွားရောက်ရပြီး တောင်ပေါ်သို့ တစ်နာရီခန့်တက်ရောက်ရမည်ဖြစ်သည်။ တိမ်ပင်လယ်ကြည့်ရှုနိုင်သည့်ကာလမှာ နှစ်စဉ် နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိ လေးလကြာကြည့်ရှုနိုင်မည်ဖြစ်ပြီး ကြည့်ရှုရန်ကြာမြင့်ချိန် သုံးနာရီနီးပါးဖြစ်ကာ မိုးကောင်းမြို့ရှိ တိမ်ပင်လယ်၏ထူးခြားချက်မှာ ၃၆၀ ဒီဂရီနီးပါး မြင်တွေ့နိုင်ခြင်းဖြစ်ကြောင်းနှင့် နေ့စဉ်တိမ်ပင်လယ်ကြည့်ရှုသူဦးရေ နှစ်ရာခန့်ရှိကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

## ကြေးမုံ ယနေ့ ဖတ်စရာ


သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း
စာမျက်နှာ » ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံခေါင်းဆောင်များမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့
စာမျက်နှာ » ၆

ပြည်ထောင်စုအိပ်မက်ကို လက်တွေ့ကျကျ အတူတကွပုံဖော်ကြစို့
စာမျက်နှာ » ၈

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်မျိုးကို သုံးစွဲရန် အတည်ပြု
စာမျက်နှာ » ၁၃





ကြေးမုံ
၂၀၂၀ ခုနှစ်၊ (၇၃) နှစ်မြောက်
လွတ်လပ်ရေးနေ့
ဇန်နဝါရီ ၄ ရက် ၂၀၂၁ ခုနှစ် (တနင်္လာနေ့)
အထူးထုတ်

# လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းနှင့် တရားမျှတခြင်း



ယူနီယံဂျက်အလံချ၍ . . .



မြန်မာနိုင်ငံတော်အလံ လွှင့်တင်။

## (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုပါ၏။



ဓာတ်ပုံ - ဇော်မင်းလတ်

# လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းနှင့် တရားမျှတခြင်း

ဒေါက်တာမြတ်မိုး

လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်း ဟူသောတရားများသည် လောကကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းအပ်သော တရားများတည်း။ ဤတရားသုံးပါးကား အပြန်အလှန် အမှီသဟဲ ပြုနေကြ၏။ လွတ်လပ်မှုရှိမှသာ ညီမျှခြင်း၊ တရားမျှတခြင်း ဟူသည်ကို ဖန်တီးနိုင်မည်ဖြစ်သလို တန်းတူညီမျှမှုမရှိသော၊ တရားမျှတမှုကင်းမဲ့သော လွတ်လပ်ရေးကိုလည်း သူသူငါငါ အများတကာတန်ဖိုးထားလေးစားမည်မဟုတ်။ နိုင်ငံနှင့် နိုင်ငံသားများအတွက် ညီမျှခြင်း၊ တရားမျှတခြင်းဟူသော ဆေးဝါးကို စနစ်တကျမှန်မှန်ကန်ကန် သုံးစွဲနေသ၍ အချုပ်အခြာအာဏာ ပျက်ယွင်းခြင်း၊ လွတ်လပ်ရေးဆုံးရှုံးခြင်း တည်းဟူသော ရောဂါဆိုးများ မည်သည့်အခါမှ မကျရောက်နိုင်ဟု ယုံကြည်ပါသည်။




၁၉၄၇ ခုနှစ် မေလက ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဦးစီးကျင်းပသည့် ဖဆပလ ပဏာမပြင်ဆင်မှု ညီလာခံမြင်ကွင်း။

### သူ့ကျွန်ဘဝဖြင့် မည်သူမျှမနေချင်ပါ

အမြော်အမြင်ရှိသော ခေါင်းဆောင်ကောင်းများဖြင့် တစည်းတလုံးတည်းရှိခဲ့သော ခေတ်ကာလများတွင် အမိမြန်မာနိုင်ငံတော်ကြီး၏အင်အားမှာ ခိုင်မာကြီးမားခဲ့သည်။ နိုင်ငံရေးတည်ငြိမ်ပြီး စီးပွားရေး၊ ကာကွယ်ရေး၊ ယဉ်ကျေးမှုအင်အားများ တောင့်တင်းခိုင်မာ၍ ပထမ၊ ဒုတိယ၊ တတိယမြန်မာနိုင်ငံတော်ကြီးများအဖြစ် ထည်ထည်ဝါဝါ ခန့်ခန့်ညားညား ရပ်တည်ခဲ့ဖူးသည်။ ထိုခေတ်ထိုအင်ပါယာများသည်ပင် စည်းလုံးမှုပြိုကွဲ၊ ညီညွတ်မှုပျက်ပြား၍ ကဏ္ဍအားလုံး ရေချိန်စွမ်းပကားနိမ့်ပါးသည့် အခြေအနေတွင် အင်အားတောင့်တင်းသော နိုင်ငံတော်ကြီးများအဖြစ်မှ အင်အားနည်းပါး ဆုတ်ယုတ်ပျက်ပြားခဲ့ရသည်။ သူ့ကျွန်ဘဝနှင့်နေခဲ့ကြရသော ကျွန်တော်တို့မြန်မာလူမျိုးများ သူတစ်ပါးလက်အောက်ခံ သူ့ကျွန်ဘဝကျွန်အဖြစ်နှင့် မနေချင်၍ အမြော်အမြင်ရှိသော ခေါင်းဆောင်များ ဦးဆောင်မှုအောက်တွင် တိုင်းရင်းသားပြည်သူအားလုံးများ အားလုံး၏ စုပေါင်းစွမ်းပကားဖြင့် လွတ်လပ်ရေးကို ပြန်လည်အရယူခဲ့ကြရသည်။ နှစ်ပေါင်း ၁၀၀ ကျော်မျှ ဆုံးရှုံးခဲ့ရသည့် လွတ်လပ်ရေးကို ပြန်လည်အရယူနိုင်ခဲ့သည်မှာ ဘယ်အကြောင်းတရားများကို အခြေခံခဲ့သနည်း။

### ညီညွတ်မှုကသာအရင်းခံ

လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ဤမြန်မာနိုင်ငံကြီးသည် ငါတို့ဘိုးဘွားများက ရယူလက်ကမ်းပေးခဲ့သည့် အမွေအနှစ်တစ်ခုဖြစ်သည်။ မြတ်နိုးထိုက်သည့်ရတနာတစ်ခုအဖြစ် တန်ဖိုးထားတတ်ခဲ့ခြင်းကြောင့်လည်းဖြစ်သည်။ ဘယ်လူမျိုး၊ ဘယ်အမျိုးအနွယ်ဖြစ်ဖြစ် ကိုယ့်ရေမြေတောတောင်ကို တွယ်တာချစ်မြတ်နိုးကြသည်ပင်ဖြစ်သည်။ ကိုယ်မှီတင်းနေထိုင်ရာနေရာတစ်ခု လက်လွတ်ဆုံးရှုံးရမည်ကို သေမလောက် ကြောက်ကြသူချည်းသာဖြစ်သည်။ ကျွန်သပေါက်ဘဝဖြင့် လွှမ်းမိုးခြယ်လှယ်ခံရသည့် ခံစားချက်မျိုး နောင်လာနောက်သားတို့ထံတွင် မရှိစေလိုသည့် စိတ်ဓာတ်များ ရှေးဘိုးဘွားဘီဘင်တို့တွင် ကိန်းအောင်းခဲ့ကြသည်။ ကိုယ့်နိုင်ငံ ကိုယ့်အမျိုးကိုချစ်သည့် မျိုးချစ်စိတ်ဓာတ်က တိုင်းရင်းသားလူမျိုးအသီးသီး၏ လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်မည့် နိုးကြားတက်ကြွမှုကို နှိုးဆွစေ့ဆော်ပေးနိုင်ခဲ့သည်။ နိုးကြားမှုက စည်းလုံးမှုကို ဖြစ်စေသည်။ အဓိကကျသော ညီညွတ်ရေးကို ရစေသည်။ ဤနေရာတွင် ရည်မှန်းချက်ချင်းတူ၊ ခံယူချက်ချင်းညီမျှသည့် အခြေအနေများက လွတ်လပ်ရေးပန်းတိုင်ဆီ မမိုတ်မသုန်လှမ်းချီနိုင်မည့် ပေါင်းစည်းမှုစွမ်းအားကို ပေးဆောင်နိုင်ကြောင်း မှတ်ယူနိုင်သည်။ ခိုင်မာသောဦးတည်ချက်က မတူညီသော ယဉ်ကျေးမှုများကို ပေါင်းစည်းစေပြီး တစ်စိတ်တည်းတစ်ဝမ်းတည်းဖြင့် အသက်သွေးချွေး စဉ်ဆက်မနေး ပေးဆပ်ရဲခဲ့ကြသည်။



၁၉၄၇ ခုနှစ် အောက်တိုဘာ ၁၇ ရက်က ဗြိတိသျှဝန်ကြီးချုပ် မစ္စတာ အက်တလီနှင့် မြန်မာနိုင်ငံ ယာယီအစိုးရဝန်ကြီးချုပ် သခင်နုတို့ လန်ဒန်မြို့တွင် နု-အက်တလီစာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။



၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ပင်လုံမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်ပြီး တိုင်းရင်းသားခေါင်းဆောင်များပါဝင်သော ပင်လုံစာချုပ်လက်မှတ်ရေးထိုးစဉ်။

### အခွင့်အလမ်းကောင်းကို အမိအရဆုပ်ကိုင်စေချင်

ယခုကာလသည်ကား နိုင်ငံနှင့်နိုင်ငံသားများအတွက် အခွင့်အလမ်းကောင်းများနှင့်အတူ ခိုင်မာသော အမျိုးသားညီညွတ်ရေးအင်အားတစ်ရပ်ဖြစ်ပေါ်ရန် အခြေခံများဖန်တီးနိုင်ခွင့်ရှိသည့် အနေအထားသို့ ရောက်ရှိနေပြီဟု ဆိုနိုင်ပါသည်။ ထိုအခွင့်အလမ်းကို အမိအရဆုပ်ကိုင်နိုင်ဖို့သာလိုပါသည်။ သို့မှသာ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဟန်ချက်ညီပြီး "စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု" ပေါ်ထွန်းစေရေး မျှော်မှန်းနိုင်မည်ဖြစ်သည်။ ဒီမိုကရေစီဖက်ဒရယ် စစ်မှန်မှုကသာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အာမခံနိုင်မည်ဖြစ်သည်။ သို့မှသာ တရားမျှတမှုဟူသည်လည်း အဓိပ္ပာယ်ပြည့်ဝလာမည်ဖြစ်သည်။ အဓိပ္ပာယ်ပြည့်ဝသော တရားမျှတမှုဟုဆိုရာတွင် တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် တရားမျှတမှု၊ စီးပွားရေးလုပ်ငန်းကိုင်ငန်းများတွင် ညီညွတ်

အထူးထုတ် [ ၈ ] သို့ »»

»» အထူးထုတ် [ ခ ] မှ

မျှတမှု၊ ဆင်းရဲချမ်းသာ အဆင့်အတန်းချင်း မကွာဟမှု၊ သူသာစေ ကိုယ်များစေဟူ၍မရှိဘဲ အခွင့်အလမ်းအရာတွင်လည်း တူညီမှုတစ္စာ ရရှိမှု၊ ဥပဒေ၏အထက်တွင်မည်သူမျှမရှိစေရဘဲ တရားဥပဒေရေးရာတွင်လည်း တန်းတူညီမျှ ရှိမှု၊ မတူကွဲပြားမှုကိုလေးစားတတ်မှုများ စသော လက္ခဏာရပ်များအားလုံးပါဝင်သည်။ သို့မှသာ အားလုံးပါဝင်သော ပြည်သူ့စုပေါင်းစွမ်းအား ဖြင့် အခက်အခဲ အကျပ်အတည်း စိန်ခေါ်မှု မှန်သမျှ ဖြေရှင်းနိုင်မည်ဖြစ်သည်။

**အချုပ်အခြာအာဏာဆုံးရှုံးခြင်းဟူသည်**

ကမ္ဘာပေါ်တွင် နိုင်ငံအချို့သည် ပြည်ပ အင်အားကြီးနိုင်ငံများ၏ လွှမ်းမိုးမှုခံနေရပြီး အချုပ်အခြာအာဏာ အပြည့်အဝမရဘဲ တစ်စိတ်တစ်ပိုင်းလွတ်လပ်ရေး ဆုံးရှုံးနေရ သကဲ့သို့ဖြစ်နေသည်ကိုလည်း မြင်တွေ့နေရ သည်။ မိမိနိုင်ငံတွင်း စည်းလုံးညီညွတ်မှုမရှိခြင်း ကြောင့် တည်ငြိမ်မှုကင်းမဲ့သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘဝများအောက်တွင် အကြမ်းဖက်မှုများ၊ စစ်ပွဲများဖြင့် ဖိစီးမှုများ ကြုံတွေ့နေရသည့် အချို့နိုင်ငံငယ်များ၏ အဖြစ်အပျက်များသည် သင်ခန်းစာယူစရာ ဖြစ်သည်။ အစစအရာရာ အားနည်းသောနိုင်ငံ များသည် မိမိထက်အင်အားကြီးမားသော နိုင်ငံ များ၏ နှိမ့်ချဆက်ဆံမှုကိုခံနေကြရသည်၊ ဝင်ရောက်စွက်ဖက်မှုများနှင့်အတူ တရားမဲ့ ကျူးကျော်မှုများကိုလည်း ရင်ဆိုင်ဖြေရှင်း နေရပုံကို တွေ့မြင်နေရသည်။ ယင်းနိုင်ငံများ တွင် အစိုးရ၏သြဇာအာဏာ သက်ရောက်မှု အားနည်းပြီး တရားဥပဒေစိုးမိုးမှုကင်းမဲ့ခြင်း ကြောင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် အလှမ်းကွာဝေး နေရသည့်ဖြစ်စဉ်များကို နေ့စဉ်ကြားသိနေရ သည်။ မိမိလူမျိုးနှင့် မိမိပိုင်နိုင်ငံတွင် နေထိုင် နေရသော်လည်း အခြားနိုင်ငံတစ်ခု၏ အစောင့် အရှောက်ခံဘဝတွင်ခံယူနေရသည့် အဖြစ်က ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးခွင့်ရှိသည်ဟု မမှတ်ယူနိုင်ကြောင်း ကမ္ဘာ့ဖြစ်စဉ်အချို့က ပြသနေသည်။ အချို့နိုင်ငံများဆိုလျှင် တိကျ သောနယ်နိမိတ်ပင်မရှိနိုင်တော့သည့်အဖြစ်သို့ ကျရောက်နေရသည်။ အချုပ်အခြာအာဏာ အစိတ်အပိုင်းတစ်ခုခု ချို့ယွင်းသွားသောနိုင်ငံ တစ်နိုင်ငံအတွက် "ကျွဲကူးရေပါ" ဆိုသလို နိုင်ငံ တကာအသိုက်အဝန်းတွင် ဝင်ဆံ့မှုအတိုင်း အတာလည်း ကျဆင်းသွားတတ်သည်။ ဤအခြေအနေတွင်တော့ နိုင်ငံကော၊ နိုင်ငံသား တစ်ဦးအတွက်ပါ ကမ္ဘာ့အလယ်တွင် ခိုင်ခိုင် မာမာရပ်တည်နိုင်မည့် အခွင့်အရေးကောင်းများ ဆုံးရှုံးနေသည်ကို သတိပြုရပါမည်။

**အနုတ်လက္ခဏာများဖယ်ရှားသွားရန်လို**

ထို့အတွက် လွတ်လပ်ရေးကို ဆုံးရှုံးစေ မည့် အနုတ်လက္ခဏာများကို ဖယ်ထုတ်နိုင်ရပါ မည်။ တည်ငြိမ်မှုကိုပျက်ပြားစေမည့် အပြော အဆိုအရေးအသားများ၊ ညီညွတ်ရေးကိုထိခိုက် စေမည့် လုပ်နည်းလုပ်ဟန်များကို ဂရုပြု ရှောင်ရှားနိုင်ရပါမည်။ ကိုယ်ချင်းစာတရားနှင့် ဖြဟ္မစိုရ်တရားများ မွေးမြူနိုင်ရပါမည်။ စိတ်နေ၊ စိတ်ထားများကောင်းဖို့လိုပါမည်။ စေတနာကောင်းများ ပြည့်ဝနိုင်ရပါမည်။ အမုန်းများ အာဃာတများမထားဘဲ အချင်းချင်း သစ္စာရှိရန် စိတ်ဓာတ်ကောင်းများ မြင့်မားနေ သင့်သည်။ ဆင်ခြင်တုံတရားပြည့်ဝသည့် ပညာ ဉာဏ်အမြော်အမြင်များ မွေးမြူတည်ဆောက် ထားနိုင်ရပါမည်။ အပေါင်းလက္ခဏာမဆောင် သော ခံယူချက်သဘောထားများသည် အဆိုး ဘက်သို့ ဦးတည်သွားတတ်သည်။ ချမှတ်ထား သောစည်းကမ်းများကို မလိုက်နာ တတ်သော၊ ကျင့်ဝတ်တစ်ခုကို မစောင့်ထိန်းတတ်သော အလေ့အထသည် နိုင်ငံသားကောင်း စိတ်ဓာတ် ကို မွေးမြူရာတွင် အဟန့်အတားတစ်ခု ဖြစ်စေပြီး လွတ်လပ်ရေးနှင့်ထိုက်တန်သော အခြေအနေတစ်ခုမဟုတ်သည်ကို သတိချပ်သင့် ပါသည်။

ဆင်းရဲမှုတိုက်ဖျက်ရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအရေးကို စဉ်းစားရာတွင် မည်သူတစ်ဦးတစ်ယောက်မျှ ကျန်ရစ်မှု မရှိစေဟူသောမူသည် လူလူချင်းတန်းတူ ညီမျှမှု၏ အခြေခံအချက်တစ်ခုပင်ဖြစ်သည်။

အထူးထုတ် [ ဃ ] သို့ »»



၁၉၄၇ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လန်ဒန်မြို့ ဒေါင်းနင်းလမ်း အမှတ်(၁၀)ရှေ့၌ ဗြိတိန်ဝန်ကြီးချုပ် မစ္စတာ အက်တလီနှင့် အဖွဲ့နှင့်အတူ တွေ့ရစဉ်။

# တူညီသန္နိဋ္ဌာန်

(၁)
မမေ့တဲ့အဖြစ်
ရိုင်းမိုက်ကောက်ကျစ်နယ်ချဲ့ညစ်
သုံးကြိမ်ကျူးကျော်စစ်။

(၂)
မျိုးချစ်စိတ်ထက်သန်
'မောင်းထုတ်ကြဟေ့' ဟစ်ကြွေးညံ
သူ့ကျွန်မဖြစ်ရန်။

(၃)
သမိုင်းသက်သေတည်
တိုင်းရင်းသားထုပေါင်းစုညီ
အောင်ပွဲအလီလီ။

(၄)
မြန်မာ့သတ္တိသွေး
စားသွားထက်ထက်လက်မနှေး
နယ်ချဲ့ဆုတ်ခွာပြေး။

(၅)
စည်းလုံးမှုစွမ်းအင်
လွတ်လပ်ရေးတွက်တိုက်ပွဲဝင်
ဂုဏ်ပြုမှတ်တမ်းတင်။

(၆)
လွတ်လပ်ပန်းဆင်သ
ကြွားကြွားဝင့်ဝင့်ဂုဏ်တင့်ပ
နိုင်ငံတော်အလှ။

(၇)
'တကူကူး---ကူး---ကူး'
ရွှေချိုးကူသံလွင့်ပျံ့မြူး
ငြိမ်းချမ်းတေးသီကျူး။

(၈)
ငါတို့ပြည်မြန်မာ
ပေါင်းစုညီညာအောင်ကြောင်းဖြာ
သွေးစည်းမပျက်ပါ။

(၉)
ဒါတို့ရဲ့တိုင်းပြည်
ခေတ်မီဖွံ့ဖြိုးတိုးတက်ရည်
သန္နိဋ္ဌာန်တူညီ။

(၁၀)
မျိုးချစ်စိတ်ဓာတ်မွေး
လွတ်လပ်အမွေခွန့်ရှည်ရေး
ထိန်းသိမ်းကြစို့လေး။ ။

အောင်မြင့်စိုး(ရေစကြို)





၁၉၄၇ ခုနှစ် ဇွန်လ ၉ ရက်နေ့က ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံတွင်ပြုလုပ်သော လူထုအစည်းအဝေးတွင် ဦးအောင်ဆန်း မိန့်ခွန်းပြောကြားစဉ်။

»» အထူးထုတ် [ ၈ ] မှ

နစ်နာမှု၊ မကျေနပ်မှုများနှင့် ညီမျှမှုမရှိကတရားမျှတမှုလည်း ကင်းမဲ့လာမည်ဖြစ်ကာ တရားဥပဒေစိုးမိုးမှုလည်း ပျက်ပြားသွားမည်သာဖြစ်သည်။ မတူကွဲပြားသော လူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ရာအရပ်တွင် တစ်ဦးချင်းစီ၏ အခြေခံအခွင့်အရေးများ၊ လူမျိုးတစ်မျိုးချင်းစီ၏ကိုယ်ပိုင်ယဉ်ကျေးမှု သမိုင်းအမွေအနှစ်နှင့် အစဉ်အလာများ၊ ယုံကြည်ကိုးကွယ်ခွင့်များကို အပြန်အလှန် လေးစားတန်ဖိုးထားကြရပါမည်။ လေးစားမှု၊ တန်ဖိုးထားမှုဟူသည် တစ်ဦးနှင့်တစ်ဦး နားလည်ပေးနိုင်စွမ်းအပေါ်တွင်လည်း အခြေခံသည်။ သို့မှသာ ထာဝရတည်မြဲမည့် လွတ်လပ်ရေးအတွက် အာမခံနိုင်မည်ဖြစ်သည်ဟု ဆိုချင်ပါသည်။

ယခုကာလတွင် မိမိတို့အားလုံးကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးခွင့်ရရှိနေကြပြီဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပုံမှန်ဘဝများတွင် ပြည့်ဝစွာရပ်တည်နိုင်ရေး ကြိုးပမ်းအားထုတ်မှုများနှင့်အတူ လွတ်လပ်ရေးကိုကာကွယ်စောင့်ရှောက် ထိန်းသိမ်းလျက်နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို အစဉ်မြှင့်တင်ပေးနေရမည့် အချိန်အခါကောင်းတစ်ခုလည်းဖြစ်သည်။ ကမ္ဘာ့ကပ်ဘေးနှင့်အတူ အရာခပ်သိမ်းထိန်းသိမ်းရင်ဆိုင်နေရသည့် နှစ်ဦးအကူးတွင်ကျရောက်သည့် (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် လွတ်လပ်ရေးနေ့အမျိုးသားရေးဦးတည်ချက်များကို ရင်ဝယ်စွဲထင်လျက် ငြိမ်းချမ်းရေးခရီးအလှမ်းနီးရန် ဆုတောင်းမိပါသည်။ လောကပါလတရားများနှင့်အတူ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် မျှော်လင့်မိပါသည်။ ။




# နှလုံးသားထဲက လွတ်လပ်ရေး

☆ "လွတ်လပ်ရေး"ကို . . . ၊
တို့ဘေး တို့ဘိုး၊ တို့အမျိုးတို့
ထီးကျိုး၊ စည်ပေါက်၊ ကျွန်သပေါက်အဖြစ်
နှံ့နစ်မခံ၊ ဇာတိမာန်ဖြင့်
နိုင်ငံတစ်လွှား၊ ပြည်သူများလျှင်
အင်အားဖြည့်လျက်၊ သွေးအသက်တို့
ပေးဆပ်စတေး၊ ရယူပေးခဲ့ . . . ၊
တစ်ကိုးလေးရှစ် ဇန်နဝါရီ။
မြင့်မြတ်ခိုင်ကျည် လေးရက်သည်။
လွတ်လပ်ရေးနေ့ဖြစ်ပါသည်။

☆ "လွတ်လပ်ရေး"ကို . . . ၊
တို့ဘေး တို့ဘိုး၊ တို့အမျိုးတို့
ဘိုးဘွားအမွေ၊ မြန်မာ့မြေအား
တစ်ပေ၊ တစ်လက်မ၊ မကျူးကြရန်
ထိပါးမခံ၊ ပြည့်အားမာန်နှင့်
နိုင်ငံလူထု၊ ညီညွတ်မှုဖြင့်
တိုင်းရင်းသားထု၊ စည်းလုံးမှုဖြင့်
ပြည်သူ့အတွက်၊ ခံယူချက်ဖြင့်
အသက် အသွေး၊ အလေးမထား
စတေးသွားသည့်၊ သားကောင်းဇာနည်
မော်ကွန်းတည်ခဲ့ . . . ၊
တူညီစိတ်ဓာတ်၊ လွန်မြင့်မြတ်ခဲ့
လွတ်လပ်ပါပြီ မြန်မာပြည်။
တိုင်းရင်းသားထု စည်းလုံးညီ။
ခုနစ်ဆယ့်သုံးနှစ် တိုင်ခဲ့ပြီ။

☆ ဩော် . . . လွတ်လပ်ရေးအတွက်၊
ခေတ်အဆက်ဆက်မှ
ခုကာလတိုင်၊ ဘဝများစွာ
စွန့်လွှတ်ပါလျက်၊ သွေး အသက်တွေ
ခန္ဓာတွေလျှင်၊ မရေတွက်နိုင်
ယနေ့တိုင်တည့် . . . ၊
နိုင်ငံ၊ လူမျိုး၊ ဂုဏ်မညှိုးအောင်
မျိုးချစ်စိတ်ဓာတ်၊ ရှင်သန်မြတ်အောင်
လွတ်လပ်ရေးအား၊ ထိပါးမခံ
ပြည့်သူအားမာန်နှင့် နိုင်ငံတစ်လွှား
ပြည်သူများ၏၊ စိတ်ထားအသိ
ကိုယ်စီရှိလျက်၊ အမိမြန်ပြေ(ပြည်)
အေးချမ်းစေရေး၊ စဉ်မြော်တွေး၍
"အရေးသုံးပါး"၊ အလေးထားကာ
စောင့်ရှောက်ပါမှ
မြန်မာ့ရွှေပြည်၊ သာယာဝေစည်
ကမ္ဘာတည်လိမ့် . . . ၊
ကြည်ဖြူမဆုံး၊ တစ်ပြည်လုံး၏
နှလုံးသားထဲက လွတ်လပ်ရေး။
သားစဉ်မြေးဆက် လက်ကမ်းပေး။
မြန်မာပြည်အတွက် အသက်သွေး။

မြင့်မိုရ်ဦး(ပဲခူး)

## (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုလျက်။